
# ဓားကျော်သူ

ခတ်ပန်းဝိုကျပ်းဝေါ်အာချုပ်တော်ဂို

ပ + 3
နှစ်အုပ်တွဲ



# မိုးကျော်သူ

---

## ခတ်ပန်းဂိုဏ်း၏အရှုပ်တော်ပုံ

ဒုတိယပိုင်း (ဇာတ်သိမ်း)

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး.... | (ဒို့အရေး) |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး.... | (ဒို့အရေး) |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး.... | (ဒို့အရေး) |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဝကြမ်းတမ်း အပြန်လမ်း

လုယိုက တောင်ကြားမှထွက်ခွာလာပြီးနောက် ကုမ္ဘန်တုံးနှင့် လင်ရှမ်ထင်းတို့အား လိုက်၍ရှာဖွေနေသည်။

သို့သော်....

သူသည် ကုမ္ဘန်တုံးတို့၏ အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

မည်သို့ဆိုစေ....

လင်ရှမ်ထင်းသည် ကျော်ကြားသော သိုင်းသမားတစ်ဦး ဖြစ်သဖြင့် ကုမ္ပန်တုံးအား ကယ်တင်နိုင်မည်ဟု သူကယုံကြည် လေသည်။

သူ့က ယင်းသို့စဉ်းစားမိလိုက်သည်နှင့် တစ်ပြိုင်နက် အိမ် ပြန်လိုသောစိတ်များ ဖြစ်ပေါ်လာသည်။

အိမ်....

အိမ်ဆိုသည်မှာ ကြီးမားခန့်ညားသည် ဖြစ်စေ၊ သေးငယ် သော တဲစုတ်တစ်လုံးပင်ဖြစ်စေ အိမ်မှ အိမ်သားတစ်ယောက် အတွက်မူ နွေးထွေးမနေမည်သာဖြစ်သည်။

အိမ်သည် မက်မောတွယ်တာစရာ အရာဝတ္ထုတစ်ခုပင်ဖြစ် လေသည်။

အကယ်၍

သင်က မိမိအိမ်မှနှစ်ရှည်လများခွဲခွာသွားရပါလျှင်မူ မိမိ၏ အိမ်ကို အောက်မေ့တမ်းတမိမည်သာ ဖြစ်သည်။

ထို့ပြင်....

သင်၏စိတ်ထဲ၌ သင်၏အိမ်သာလျှင် နိဗ္ဗာန်ဘုံတစ်ခု ဖြစ် ကြောင်း တင်မှတ်မိမည်သာဖြစ်သည်။

မည်သူမဆို အိမ်ပြန်ရန်ဆုံးဖြတ်ပါလျှင် မည်သို့သောလူ ကမှ ဟန့်တားမရနိုင်ပါချေ။



မည်သည့်အရာကမှလည်း ဟန့်တားနိုင်မည် မဟုတ်ပါချေ။ ယခုလည်း လုယာက အိမ်ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်ပြီး သည်နှင့် ရုတ်ခြည်း သူနေထိုင်သောရွာကလေးဆီသို့ ဦးတည် ထွက်ခွာသွားလေတော့သည်။

....ဝ....

ငါးရက်...

လုယာသည် ငါးရက်တိုင်တိုင် ခရီးဆက်ခဲ့သောအခါ သူနေထိုင်ခဲ့သော ရွာကလေးဆီသို့ ရောက်ရှိလာခဲ့သည်။

ရွာကလေးအနီးသို့ ရောက်လာသည်နှင့် ယာခင်းများနှင့် မနီးမဝေးမှ သုံးခန်းတွဲအိမ်ကလေးတစ်လုံးကို တွေ့မြင်လိုက်ရ လေသည်။

အိမ်ကလေးမှာ သေးငယ်သော်လည်း သပ်ရပ်သောဝင်းခြံ စည်းရိုးများ ခတ်ထားသည်။

ဤအိမ်ကလေး၏ ဘေးပတ်လည်တွင် ယာခင်းများ၊ လယ်ကွင်းများဖြင့် ပြည့်နှက်လျက်ရှိသည်။

လူယံက အိမ်ကလေးအား မြင်တွေ့လိုက်သည်နှင့် စိတ်ကြည်နူးမိလေသည်။

သူသည် ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်မှ စတင်နေထိုင်ခဲ့သော ဤဝန်းကျင်နှင့် ဤအိမ်ကလေးကို တွယ်တာနေမိခြင်းမှာ မဆန်းလှပါချေ။

ပတ်ဝန်းကျင်တစ်ခုလုံး ရိုးသားဖြူစင်သော လယ်သမားများ၏စရိုက်ကို ဖော်ပြနေသည့် လယ်ကွင်းများဖြင့် စိမ်းစိမ်းစိုစို ရှိနေလေသည်။

အိမ်နားနီးလာလေ သူ၏ခြေလှမ်းများက ပိုမိုသွက်လက်လာလေ ဖြစ်သည်။

သူသည် ခြံဝင်းအနီးသို့ရောက်ရှိလာသောအခါ ဝမ်းသာအားရဖြင့်....

'ဖေဖေ...,'

ဟု အသံကျယ်လောင်စွာ ခေါ်လိုက်ပြီး ခြံတံခါးကိုပင် မဖွင့်နိုင်တော့ဘဲ ခြံစည်းရိုးကိုခုန်ကျော်ကာ အတွင်းသို့လှမ်းဝင်လိုက်လေသည်။



သူ၏အသံက တိတ်ဆိတ်နေသော ညဉ့်ကာလအချိန်တွင် ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း အိမ်ကလေးအတွင်းမှ မည်သည့်တုံ့ပြန်သံမျှ ထွက်ပေါ်လာခြင်း မရှိဘဲ တိတ်ဆိတ်နေလေသည်။

'ဖေဖေ....'

သူက ဒုတိယအကြိမ် ခေါ်လိုက်ပြန်၏။

သူသည် ယင်းသို့အော်ခေါ်ရင်းမှ အိမ်ကလေးဆီသို့ ပြေးသွားကာ အိမ်ကလေး၏တံခါးကို တွန်းဖွင့်လိုက်သည်။

သူက တံခါးကို တွန်းသည်ဆိုရုံလေးတွန်းလိုက်ရုံနှင့် တံခါးမှာ စေ့ရုံသာစေ့ထားသောကြောင့် ပွင့်သွားလေသည်။

ယင်းအချိန်မှာပင်....

အတွင်းခန်းဆီမှ....

'ဘယ်သူလဲ'

ဟူသော အသံတစ်ခုက ထွက်ပေါ်လာသည်။

အသံမှာ အလွန်တိုးညင်းနေသဖြင့် သေချာစွာ နားစိုက်ထောင်မှသာလျှင် ကြားနိုင်ပေသည်။

ထိုအသံကို ကြားလိုက်သည်နှင့် သူ၏မျက်လုံးများ ပြူးကျယ်သွားပြီး အတွင်းခန်းဘက်သို့ ပြေးလွှားသွားလေသည်။

အတွင်းခန်းဆီသို့ လှမ်းဝင်လိုက်သည်နှင့် သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားမိသည်။

အကြောင်းမှာ....

အတွင်းခန်းရှိ ခုတင်တစ်လုံးပေါ်တွင် လဲလျောင်းနေသော လူတစ်ယောက်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ခုတင်ပေါ်တွင် လဲလျောင်းနေသည့်လူ၏ အသားအရေများ ခန်းခြောက်နေပြီး လူမမာတစ်ယောက် ဖြစ်ကြောင်း မြင်ရုံနှင့် သိသာလှပေသည်။

ထိုလူမမာအဘိုးအိုသည် ဝါကျင့်ကျင့် မီးချောင်းအောက်တွင် မျှော်လင့်ချက် ကင်းမဲ့စွာဖြင့် လဲလျောင်းနေရှာခြင်း ဖြစ်သည်။

သူ၏ခန္ဓာကိုယ်မှာ အလွန်ပိန်လှီနေသောကြောင့် လုယိက ရုတ်တရက် မမှတ်မိပါချေ။

လုယိက ခုတင်အနီးသို့လျှောက်သွားပြီး ဒူးထောက်ထိုင်ချလိုက်သည်။



သူက ဝမ်းနည်းကြေကွဲသော လေသံဖြင့်....

'ဖေဖေ....သားပြန်လာပြီလေ'

ဟု တုန်ယင်လှုပ်ရှားစွာ ပြောလိုက်လေသည်။

သူ၏အသံကြောင့် ခုတင်ပေါ်ရှိ အဘိုးအို၏ခန္ဓာကိုယ်က အနည်းငယ် လှုပ်ရှားလာသည်။

သူက ရှိသမျှအင်အားကို စုစည်းကာ...

'သား...'

ဟု ခေါ်လိုက်၏။

သူ၏အသံမှာ နွမ်းလျလွန်း၍ မနည်းပင် အားစိုက်ကာ နားထောင်မှ ကြားရလေသည်။

လုယိက ဖခင်ဖြစ်သူအားကြည့်ရင်း မိမိ၏ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးကြောများ ရပ်တန့်သွားသည်ဟု ခံစားလိုက်မိလေသည်။

သူက ဖခင်ဖြစ်သူအနီးသို့ တိုးကပ်ကာ....

'ဖေဖေ....သားလေး....သားလေး ပြန်လာပြီဗျ'

ဟု သတိပေးလိုက်၏။

လူမမာ၏ နွမ်းလျသောမျက်နှာပေါ်တွင် ပီတိပြုံးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

သူက လုယ°ထံသို့ ခေါင်းလှည့်ကြည့်ရင်း...

'သား....သား....ပြန်လာပြီကိုး'
ဟု တီးတိုးရေရွတ်နေ၏။

လုယ°က ဝမ်းနည်းကြေကွဲစွာဖြင့် ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

'ဟုတ်....ဟုတ်ပါတယ် ဖေဖေ....ဖေဖေရဲ့သား ပြန်လာပြီ'
ဟု အသံတုန်တုန်ယင်ယင်ဖြင့် ပြောလိုက်လေသည်။

လူမမာ အဘိုးအို၏ လက်များ လှုပ်ရှားလာပြီး လုယ°၏ ပခုံးကို ဆုပ်ကိုင်လိုက်လေသည်။

လုယ°က ဆုပ်ကိုင်လာသော ဖခင်ဖြစ်သူ၏ လက်များမှာ ရေခဲတုံးပမာ အေးစက်နေသည်ဟု ခံစား သိရှိလိုက်လေသည်။

သူ့ရင်ထဲ၌ ဖော်မပြနိုင်အောင် ကြေကွဲ ဝမ်းနည်းလာမိပြီး မျက်ရည်များ ကျဆင်းလာလေသည်။

ထိုအချိန်....

လူမမာ အဘိုးအိုက အားအင်ချည့်နဲ့စွာ ပြုံးလိုက်ပြီး....
'ဝမ်းသာလိုက်တာ သားရယ်'
ဟု တိုးညင်းစွာ ပြောလိုက်၏။



လုယ°က ဖခင်ဖြစ်သူအား ကြင်နာစွာ ကြည့်လိုက်ပြီး...
'ဖေဖေရယ်၊ ဘယ်လို ရောဂါဆိုးမျိုးကို ခံစားနေရတာလဲ ဗျာ....'
ဟု မချိတင်ကဲ ရေရွတ်လိုက်မိလေသည်။

လူမမာ အဘိုးအိုက အားအင်ချိနဲ့စွာဖြင့် ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်ပြီး....

'ရောဂါမဟုတ်ပါဘူး'

သူ၏စကားကြောင့် လုယ°က မျက်မှောင်ကုတ်လိုက်လေသည်။

'ရောဂါမဟုတ်ဘူး ဟုတ်လား....ဒါဆိုရင် ဖေဖေဘယ်လို ဖြစ်တာလဲ'

လူမမာ အဘိုးအိုက....
'ဖေဖေ့မှာ ဒဏ်ရာရထားတာပါ'

ထိုစကားကို ကြားလိုက်ရသောအခါ လုယ°၏ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားပြီ....

'ဗျာ....ဒဏ်ရာရထားတာ ဟုတ်လား၊ ဘာကြောင့်ဒဏ်ရာရတာလဲဟင်'

လူမမာ အဘိုးအိုက....
'ဒါတွေ မမေးနေပါနဲ့တော့ သားရယ်၊ မင်းသာ အချိန်မီ ရောက်မလာခဲ့ရင် ဖေဖေ့ကို တွေ့ရတော့မှာ မဟုတ်ဘူး'

လည်းက တစ်စုံတစ်ခုကို သတိရစွာဖြင့် ကမန်းကတန်း မတ်တတ်ရပ်လိုက်၏။

'သမားတော်ကြီး တစ်ယောက်ယောက်ကို သွားခေါ်လိုက်ဦးမယ်'

ဟု ပြောကာ လှမ်းထွက်ရန် ခြေလှမ်းပြင်လိုက်လေသည်။ အဘိုးအိုက ဟန့်တားလိုက်၏။

'မလိုတော့ပါဘူးသားရယ်၊ ဖေဖေ့ အခြေအနေကိုဖေဖေ သိပါတယ်'

သူ၏ စကားကြောင့် လုယာ ဝမ်းနည်း ကြေကွဲစွာ ငိုကြွေးလိုက်လေတော့သည်။

လူမမာ အ ိုးအိုက ဖျော့ဖျော့ပြောဆိုလိုက်၏။

'မငိုပါနဲ့ကွာ၊ ဒါနဲ့ ငါ့သား သိုင်းပညာ များသင်ကြားခဲ့သေးသလား'

လုယာက ခေါင်းညိတ်လိုက်လေသည်။

'သင်ယူခဲ့ပါတယ်'

ဟု ပြောလိုက်၏။

လူမမာ အဘိုးအိုက မျှော်လင့်ချက်ကြီးစွာဖြင့်....

'ဒါဖြင့် ဖေဖေပေးလိုက်တဲ့ စာအုပ်ထဲက သိုင်းပညာတွေကို တတ်မြောက်ခဲ့ပြီပေါ့နော်'

ဟု မေးလိုက်လေသည်။



လုယာက ခေါင်းညိတ်လိုက်သည်။

'တတ်မြောက်ခဲ့ပါပြီ၊ ဒါတွေပြောမနေပါနဲ့တော့ဖေဖေ၊ အရေးကြီးတာက ဖေဖေရဲ့ ဝေဒနာ ပျောက်ကင်းအောင် ကုသဖို့ပါပဲ'

လူမမာအဘိုးအိုက မချိပြုံး ပြုံးကာ လက်ကာပြလိုက်လေသည်။

'သား.... မင်း သေသေချာချာ နားထောင်စမ်း....ဖေဖေ မသေခင် မင်းကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်'

သူ၏ အသံမှာ အလွန်အရေးကြီးသော လျှို့ဝှက်ကိစ္စတစ်ခုကို ပြောပြချင်ကြောင်း သိသာလှပေသည်။

လုယာက မျက်မှောင်ကုတ်လိုက်၏။

'ဘာများ ပြောမလို့လဲ ဖေဖေ'

လူမမာ အဘိုးအိုက....

'ချုပ်ဟာ မင်းရဲ့ အဖေအရင်းမဟုတ်ဘူးကွယ့်'

ဟု တက်ခွန်းချင်း ပြောလိုက်လေသည်။

သူ၏စကားကို ကြားလိုက်ရသောအခါ လုယာ၏ နားအတွင်းသို့ သံပူရည်များဖြင့် လောင်းချလိုက်သကဲ့သို့ ခံစားလိုက်ရလေသည်။

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့်....

'ဖေဖေ....ဘာတွေ လျှောက်ပြောနေတာလဲဗျာ....'

ဟု ပြောလိုက်မိလေသည်။

လူမမာ အဘိုးအိုက....
'ကျုပ်က မင်းအဖေ မဟုတ်ဘူးလို့ ပြောနေတာလေ'
လယ်ဃိက အံ့သြလွန်းသဖြင့်....

'ဗျာ....'
ဟု လွှတ်ခနဲ အော်လိုက်မိသည်။

သူ၏ အသံသည် သေးငယ်သော အိမ်ကလေးအတွင်း၌ ကျယ်လောင်စွာ ထွက်ပေါ်သွားလေသည်။

လူမမာ အဘိုးအိုက အားယူလိုက်ပြီး....

'မင်းအဖေဟာ ကျုပ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေပါ၊ သူက မသေမီ မင်းကို ကျုပ်လက်ထဲ အပ်ခဲ့ပါတယ်'
ဟု ရှင်းပြလိုက်သည်။

သူ၏ စကားကို လယ်ဃိက မည်သို့မျှ မယုံကြည်နိုင်အောင် ဖြစ်နေရလေသည်။

'သူက တစ်စုံတစ်ခုပြောရန်ပါးစပ်ပြင်လိုက်စဉ်....
လူမမာအဘိုးအိုက စကားဆက်လိုက်၏။

'မင်းအဖေက မင်းရဲ့အသက် နှစ်ဆယ်ပြည့်ပြီးမှ ဒီအကြောင်းကို ဖွင့်ပြောပြပါလို့ ကျုပ်ကို အကြိမ်ကြိမ် ကတိ တောင်းခဲ့တယ်လေ'



လယ်ဃိက အဘိုးအိုအား ကြည့်လိုက်ပြီး....
'ဒါဖြင့် ကျွန်တော့်ရဲ့အဖေက ဘယ်သူလဲ'
ဟု အငမ်းမရမေးလိုက်မိ၏။

လူမမာအဘိုးအိုက ခေါင်းခါယမ်းလိုက်ပြီး....
'မင်းအဖေနာမည်ကို ကျုပ်မပြောပြနိုင်ပါဘူး'
'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့အဖေကျုပ်မိတ်ဆွေရဲ့တားမြစ်ချက်တစ်ခုကို ကျုပ်ကတိပေးခဲ့ပါတယ်'

လယ်ဃိက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'သိပြီ၊ ကျွန်တော့်ဖေဖေက သူ့ရဲ့ နာမည်ရင်းကို ပြောမပြဖို့ ကတိတောင်းခဲ့တာဖြစ်ရမယ် ဟုတ်လား'

လူမမာ အဘိုးအိုက ခေါင်းညိတ်လိုက်၏။

ဟုတ်ပါတယ်'

လယ်ဃိက အနည်းငယ်တွေဝေသွားပြီး....
'ဒါဖြင့် ကျွန်တော့် မေမေကောဟင်'
ဟုမေးလိုက်လေသည်။
လူမမာအဘိုးအိုက....
'သူက အခုချိန်ထိ ရှိနေပါသေးတယ်'
ဟုပြောလိုက်၏။

လုယာ၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားလေသည်။

'ဒါဖြင့် မေမေက အခုဘယ်မှာလဲဟင်'

လူမမာအဘိုးအိုက သူ့အား သနားကြင်နာသော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး....

'သူက မင်းအခါလယ်အရွယ်မှာ မင်းအဖေနဲ့ ကွဲကွာသွားခဲ့ကြတယ်လေ'

လုယာက မျက်မှောင်ကုတ်လိုက်သည်။

'ဘာဖြစ်လို့လဲဗျ'

လူမမာအဘိုးအို၏မျက်နှာ တင်းမာလာလေသည်။

'လုယာ၊ မင်းကို ငါ ငယ်ငယ်ကလေးကတည်းက မိန်းမတွေအကြောင်းကို ပြောပြခဲ့ဖူးတာ မေ့နေပြီလား'

လုယာက ခေါင်းခါယမ်းလိုက်လေသည်။

'မမေ့ပါဘူးဖေဖေရယ်၊ ဖေဖေပြောခဲ့သလို မိန်းမဆိုတာ သိပ်ကြောက်စရာ ကောင်းသလို မုန်းစရာလဲ ကောင်းတယ်လို့သာ သိထားပါတယ်ဗျာ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ဒါပေမယ့် မေမေဟာ မိန်းမဆိုပေမယ့် ကျွန်တော့်ကို လူ့လောကထဲရောက်အောင် မွေးဖွားပေးခဲ့တဲ့ မေမေလေ၊ ဒါကြောင့် မေမေ့အကြောင်းကိုတော့ သိပါရစေဗျာ'



အဘိုးအိုက အတန်ကြာအောင် ငြိမ်သက်နေပြီးမှ....

'အေးလေ၊ ဒီလောက်သိချင်ရင်လဲ ပြောပြရတာပေါ့၊ မင်းအမေဟာ မိန်းမရိုင်းကြီးကွဲ့၊ မင်းတို့မိသားစု ဒုက္ခရောက်နေတဲ့အချိန်မှာ သူဟာ မင်းတို့ကိုပစ်ပြီး ထွက်သွားခဲ့တယ်လေ....'

လုယာ၏ရင်ထဲ၌ တုန်လှုပ်သွားမိလေသည်။

'ဗျာ....သူက ဘယ်ကိုထွက်သွားခဲ့တာလဲ'
ဟု နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

အဘိုးအိုက....
'ဒါတော့ ငါမသိဘူး'

လုယာ၏ရင်ထဲ၌ မိခင်ဖြစ်သူအပေါ် မည်သို့နားလည်ရမှန်းမသိအောင် ဖြစ်ခဲ့ရလေသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ဒါနဲ့ ကျွန်တော်တို့မိသားစုက ဘယ်လိုဒုက္ခမျိုးနဲ့ ရင်ဆိုင်ရတာလဲဟင်'

လူမမာအဘိုးအိုက....
'မင်းတို့မိသားစုတစ်ခုလုံး အသတ်ခံလိုက်ရတယ်လေ'
ဟု တစ်ခွန်းချင်း ပြောလိုက်လေသည်။

ထိုစကားကြားလိုက်ရသောအခါ လုယံမှာထခုန်မိမတတ် ထိတ်လန့်သွားမိလေသည်။

သူက အဘိုးအိုအား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး....

'ကျွန်တော်တို့မိသားစုအားလုံးအသက်ခံရတယ်ဟုတ်လား'

လူမမာအဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းတို့အားလုံး အသတ်ခံရတယ်ဆိုတဲ့သတင်းကြောင့် ကျုပ်က ချက်ချင်းလိုက်သွားခဲ့ပါတယ်၊ ဒါပေမယ့် ကျုပ်ရောက်ချိန်မှာ အားလုံး သေကုန်ကြပြီ'

သူက စကားဆက်လိုက်၏။

'မင်းအဖေတစ်ယောက်သာ သေအံ့မူးမူး ဖြစ်နေခဲ့တယ်၊ သူက သေဆုံးကာနီးမှာ ဗီရိုထဲက မင်းကိုထုတ်ပေးပြီး ကျုပ်လက်ထဲကို အပ်နှံခဲ့တယ်လေ'

မယုံကြည်နိုင်စရာ ကြားလိုက်ရသည့် သတင်းဆိုးကြောင့် လုယံ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျလာလေသည်။

သူသည် မိမိ၏ဖခင်အား သိရှိလိုသောဆန္ဒ ပိုမိုပြင်းထန်လာ၏။

'ကျွန်တော့်ဖေဖေအရင်းကို ပြောပြပါလားဗျာ'



လူမမာအဘိုးအိုက ခေါင်းခါယမ်းလိုက်ပြီး....

'မသိချင်စမ်းပါနဲ့ကွယ်'

လုယံက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'ဒါဆို ဖေဖေက ဘာမှာသွားသေးသလဲဟင်'

လူမမာအဘိုးအိုက တစ်ခွန်းချင်းပြောလိုက်၏။

'သူ့အတွက် လက်စားမချေရဘူးလို့ မှာသွားပါတယ်'

လုယံက အံ့သြသွားလေသည်။

'ဘာဖြစ်လို့လဲ'

လူမမာအဘိုးအိုက....

'မသိဘူး'

လုယံက ရင်ထဲ၌ သိလိုသောစိတ် ပြင်းပြလာကာ လူမမာအဘိုးအို၏လက်ကို လှုပ်ယမ်းလိုက်ရင်း....

'ကျွန်တော့်ကို ဖုံးကွယ်မထားပါနဲ့ဗျာ၊ သိသမျှ ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ပါနော်'

လူမမာအဘိုးအိုက....

'ကျုပ်က တကယ်မသိပါဘူး၊ သူကလဲ စကားများများ မပြောနိုင်ဘဲ သေဆုံးသွားခဲ့တာဆိုတော့....'

သူ၏စကားမဆုံးမီ လုယဉ်က ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။

အဘိုးအိုက အတန်ကြာအောင် သူ့အား ကရုဏာ သက်သည့် မျက်လုံးများဖြင့် စိုက်ကြည့်နေပြီးမှ သက်ပြင်းတစ်ချက် ချလိုက်ကာ....

'မင်းကို အရေးအကြီးဆုံးအချက်တစ်ခု ပြောရဦးမယ်'

လုယဉ်က မျက်ရည်များကိုသုတ်ရင်း....

'ပြောပါခင်ဗျာ'

ဟု ပြောလိုက်လေသည်။

လူမမာအဘိုးအိုက....

'ထိုက်စန်းတောင်ရဲ့ တောင်ဘက်မှာ ခြံဝင်းကြီးတစ်ခု ရှိတယ်၊ အဲဒီခြံဝင်းထဲကအိမ်မှာ မြေမမြှုပ်ရသေးတဲ့ အရိုးစုတွေရှိနေတယ်၊ အဲဒါ မင်းမိသားစုရဲ့ အရိုးစုတွေပဲ၊ မင်းက အဲဒီကို ရောက်အောင်သွားပြီး အရိုးစုတွေကို မြေမြှုပ်ပေးလိုက်ပါ'

လုယဉ်က ထိုစကားကို ကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားမိလေသည်။



တစ်ဆက်တည်းမှာပင် သူက လမ်း၌ကြုံတွေ့ခဲ့ရသည့် အရိုးစုများမှာ ဒိမိ မိသားစု၏ အရိုးစုများဖြစ်ကြောင်း သိရှိလိုက်ရလေသည်။

သူသည် ဝမ်းနည်း ကြေကွဲလွန်းသဖြင့် ဦးခေါင်းတစ်ခုလုံး မူးနောက်သွားပြီး သတိလစ် မေ့မြောသွားလေသည်။

မည်မျှ အချိန်ကြာသွားမှန်း မသိပါချေ။

လုယဉ်က ပြန်လည် သတိရလာသည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

တစ်ချက်တစ်ချက်ပြင်းထန်စွာထွက်ပေါ်လာသည့် အသက်ရှူသံမှအပ တခြား မည်သည့်အသံဗလံကိုမျှ မကြားရပါချေ။

လုယဉ်က သတိရလာသည်နှင့်တစ်ပြိုင်နက် လူမမာအဘိုးအိုအား ကြည့်လိုက်သည်။

လူမမာအဘိုးအိုမှာ သေဆုံးနေပြီကို တွေ့မြင်လိုက်ရသည်။ လရောင်က ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ထိုးဖောက် ဝင်ရောက်လာသည်။

ခုတင်ပေါ်၌ သေဆုံးနေသော လူမမာအဘိုးအိုအား လရောင်ဖြင့် သေချာစွာ တွေ့မြင်လိုက်ရ၏။

လုယံက အဘိုးအိုအား ကြည့်နေရင်းမှ အဘိုးအိုပြောခဲ့သည့် စကားများကို ပြန်သည်ကြား၍လာမိသည်။

သူက ထိတ်လန့် အံ့သြသွားမိ၏။

ယခုမှ....

သူနှင့် ကုမ္ပဏီတုံးတို့ အမှတ်မထင် ရောက်ရှိခဲ့ကြသော ခြံဝင်းအတွင်းရှိ စံအိမ်ကြီးဆီမှ အရိုးစုများမှာ မိမိ မိသားစု၏ အရိုးစုံများဖြစ်ကြောင်း သိရှိလိုက်ရပြီဖြစ်သည်။

ထို့ပြင်....

နံရံပေါ်၌ တွေ့ခဲ့ရသော အနီရောင် သွေးလက်ဝါးရာများကိုလည်း သတိရမိလိုက်သည်။

လုယံက အံကို တင်းတင်းကြိတ်လိုက်သည်။

သူ၏ရင်ထဲ၌ ဖခင်ဖြစ်နှင့် မိသားစုအားသတ်သူမှာ သွေးလက်ဝါးဖြစ်ရမည်ဟု ယုံကြည်သည်။

မည်သို့ဆိုစေ....



သူသည် မိမိဖခင်အား သတ်ခဲ့သည့်ရန်သူမှာ အင်အားမည်မျှကြီးမားသူ ဖြစ်ပါစေ။

သူက မြေလှန်ရှာဖွေကာ လက်စားချေမည်ဟု ကြုံးဝါး၍ ဆုံးဖြတ်ချက်ချလိုက်မိ၏။

ထို့နောက်....

သူက ကျေးသဖခင်၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရန် ပြင်ဆင်လိုက်လေသည်။

...... ....

လုယံက လူမမာအဘိုးအိုအား မြေမြှုပ်သင်္ဂြိုဟ်ပြီးချိန်တွင် မိုးစင်စင် လင်းသွားပြီဖြစ်၏။

သုံးခန်းတွဲအိမ်ကလေး၏ ခြံဝင်းအနီးတွင်၌ မြေပုံတစ်ခု ရှိနေသည်။

ယင်းမြေပုံမှာ အဘိုးအို၏အလောင်း မြေမြှုပ်ထားရာ မြေပုံပင်ဖြစ်၏။

လုယ°က မြေပုံရှေ့တွင် ဒူးထောက်ကာ ဂါရဝပြုလိုက်သည်။

• သူက ကြေကွဲဝမ်းနည်းစွာဖြင့်....

'ဖေဖေ....ကျွန်တော့်ကို မွေးစားခဲ့တယ် ဆိုပေမယ့် ကျွန်တော့်ရင်ထဲမှာ ဖခင်အရင်းလိုပဲ သဘောထားတယ်ဆိုတာ ယုံပါဗျာ'

သူက ယင်းသို့ပြောရင်း မျက်ရည်များ စီးဆင်းကျလာပြန်သည်။

ထို့နောက်....

သူက ဒူးထောက်ရာမှ ဆတ်ခနဲ မတ်တတ်ရပ်ကာ မြေပုံအား အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားတော့သည်။

....o....



လုယ°က သုံးခန်းတွဲအိမ်ကလေးမှ ထွက်လာခဲ့ပြီး ဖြစ်သည်။

သူသည် လမ်းတစ်လျှောက်လုံး လူမမာအဘိုးအိုမှ သေကာနီးအချိန်တွင် ပြောခဲ့သည့်စကားများကို ပြန်လည် တွေးတောလာ၏။

သူ့ရင်ထဲ၌ ပဟေဠိပေါင်းများစွာ ဖြစ်နေမိသည်။

သူ၏မိခင်ဖြစ်သူက အဘယ်ကြောင့် အိမ်မှ ထွက်ခွာသွားပါသနည်း။

မိမိ၏ဖခင်နှင့် တစ်အိမ်သားလုံးကို သတ်ဖြတ်သွားသူမှာ မည်သူဖြစ်ပါသနည်း။

မိမိ၏ဖခင်က အဘယ်ကြောင့် လူသတ်သမားအား လက်စားမချေရန် မှာကြားခဲ့ပါသနည်း။

မိမိ၏ မွေးစားဖခင်က အဘယ်ကြောင့် သေဆုံးသွားသည့်တိုင်အောင် မိမိဖခင်၏နာမည်ရင်းကို ထုတ်ဖော် မပြောခဲ့ပါသနည်း။

သူက ထိုသို့ စဉ်းစားရင်း....စဉ်းစားရင်း ဦးနှောက်များခြောက်လာမိသည်။

နောက်ဆုံးတွင် သူက သက်ပြင်းတစ်ချက် ချလိုက်၏။

ယခု....

သူက မည်သို့လုပ်ဆောင်ရမှန်းမသိ ဖြစ်နေမိသည်။

နောက်ဆုံးတွင် သူက မိမိ၏မိသားစု အရိုးစုများကို သွားရောက် မြှုပ်နှံပေးရန် ဆုံးဖြတ်လိုက်ပြီး အိမ်ကြီးရှိရာသို့ ဦးတည်ထွက်ခွာသွားတော့သည်။

…၁…

လုယ ီသည် ခရီးထွက်ခဲ့ပြီး နောက်တစ်နေ့သို့ ရောက်ရှိလာသောအခါ အိမ်ကြီးရှိရာသို့ ရောက်ရှိသွားသည်။

အိမ်ကြီးမှာ သူနှင့် ကုမ္ပနီတုံးတို့ ရောက်ရှိခဲ့စဉ်ကအတိုင်း အပြောင်းအလဲမရှိ တည်ရှိနေသေး၏။

သူသည် အိမ်အိုကြီးအားကြည့်ကာ ရင်ထဲ၌ ကြေကွဲဝမ်းနည်းလာမိသည်။

သူက တစ်ချိန်တုန်းဆီက မိမိတို့မိသားစုအား ပျော်ရွှင်စွာနေထိုင်ခဲ့ကြလိမ့်မည်ဟု စဉ်းစားရင်း မျက်ရည်များ ရစ်ဝဲလာမိသည်။



ထို့နောက်….

သူက အိမ်အိုကြီးထဲမှ အရိုးစုများကို သယ်မထုတ်လာပြီး ခြံဝင်းအတွင်းရှိ မြေကွက်လပ်တစ်နေရာတွင် မြေမြှုပ်လိုက်၏။

ဤသို့ဖြင့်….

ခြံဝင်းအတွင်း၌ မြေပုံများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာသည်။

လုယ ီက မြေပုံများ၏ခြေရင်းတွင် ဒူးထောက်၍ ရှိခိုးလိုက်သည်။

ထိုအချိန်….

ရုတ်တရက် သူ၏နောက်မှ ပေါ့ပါးသော ခြေသံတစ်ခု အမှတ်မထင် ကြားလိုက်ရသည်။

သူက နောက်သို့ ထိတ်လန့်စွာ လှည့်ကြည့်လိုက်၏။

တစ်ဆက်တည်းမှာပင်….

သူ၏လက်က ခါးတွင်ချိတ်ထားသော ဓားဆီသို့ ရောက်ရှိသွားလေသည်။

‘ရပ်လိုက်’

သူက အော်ဟစ်ဟန့်တားထားခင်း နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

သူက ခြေသံရှင်အား တွေ့မြင်လိုက်သောအခါ မျက်လုံးများ ပြူးကျယ်သွားမိသည်။

အကြောင်းမှာ....

ခြေသံရှင်သည် မိန်းကလေး တစ်ယောက် ဖြစ်နေသည် မဟုတ်ပါလော။

သူမ၏မျက်လုံးလေးများ ဝိုင်းစက်နေပြီး နီရဲသောနှုတ်ခမ်းများ ရှိနေ၏။

နှာတံကလေးများက ဖြောင့်စင်းနေပြီး ကော့ညွတ်သော မျက်တောင်များ ဝိုင်းရံထားသည့် မျက်လုံးအစုံ ရွှန်းလက်တောက်ပလှပေသည်။

သူမ၏ ခန္ဓာကိုယ်မှာလည်း ကျစ်လျစ်ဖွံ့ဖြိုးကာ အလွန်လှပနေ၏။

လူယံက အံ့သြစွာဖြင့်....

'မင်းက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

မိန်းကလေးက ပြုံးလိုက်သည်။



သူမသည် ပြုံးလိုက်သောအခါ ပို၍ လှပလာသည်ဟု ထင်မှတ်လိုက်ရသည်။

သူမက လုယံအား စိုက်ကြည့်ရင်း....

'ကျွန်မဟာ ကျွန်မပေါ့'

သူမ၏အဖြေစကားကြောင့် လုယံက မျက်မှောင်ကုတ်သွားရသည်။

သူမသည် ရုပ်ရည်ချောမောလှပနေသော်လည်း စကားပြောပုံမှာ ဘုဆတ်ဆတ်နိုင်လှသည်ဟု လုယံက မှတ်ချက်ချလိုက်သည်။

တစ်ဆက်တည်းမှာပင်....

သူက ကုမ္မန်တုံးအား သတိရလာမိသည်။

သူ့ရင်ထဲ၌ ထိုမိန်းကလေး၏ ဘုဆတ်ဆတ်နိုင်ပုံမှာ ကုမ္မန်တုံးနှင့် တူနေသည်ကို မဆီမဆိုင် တွေးနေမိသည်။

မိန်းကလေးခမျာ ဆယ့်ခုနစ်နှစ်ခန့်သာ ရှိသေး၏။

သူမက လုယံအား စေ့စေ့ကြည့်ရင်း....

'ရှင်က ဘယ်သူလဲ'

ဟု မေးလိုက်သည်။

လုယ°က မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျုပ်ဟာ ကျုပ်ပေါ့'

ဟု မိန်းကလေးဖြေဆိုသည့်အတိုင်း ပြန်လည်ဖြေဆို၍ ချေပလိုက်သည်။

မိန်းကလေးက ပါးစပ်ကို လက်ဝါးဖြင့်အုပ်ကာ....

'ခစ်...'

ဟု ရယ်မောလိုက်သည်။

သျှမက လုယ°အား ပြုံးပြုံလိုက်ပြီး....

'အင်း....ရှင့်ကိုကြည့်ရတာ အတော် ဒေါသကြီးမယ့်ပုံပဲ'

ဟု ပြောလိုက်သည်။

လုယ°က ခေါင်းညိတ်လိုက်သည်။

ထို့နောက်....

တင်းမာသောလေသံဖြင့်....

'ဟုတ်တယ်၊ အဲဒါ ဘာဖြစ်သလဲ၊ မင်း ကျုပ်ဒေါသကြီး မလာခင် ဒီကထွက်သွားပါ'

ဟု ပြောလိုက်၏။



မိန်းကလေးက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ရှင့်နာမည် လုယ°မဟုတ်လား'
ဟု မေးလိုက်သည်။

လုယ°က အံ့ဩသွားလေသည်။

သူက မျက်လုံးများ ပြူးကျယ်သွားပြီး....

'မင်းက ဘယ်လိုလုပ်ပြီး ကျုပ်နာမည်ကို သိနေရတာလဲ'

မိန်းကလေးက ပြုံးလိုက်သည်။

'သိလို့သိတာပေါ့'

လုယ°က မျက်မှောင်ကြုတ်လိုက်သည်။

'နေပါဦး၊ ခင်ဗျားက ဒီကို ဘာလာလုပ်တာလဲ'

ယခုတစ်ကြိမ်တွင်မူ....

မိန်းကလေး၏မျက်နှာ တည်ကြည် လေးနက်သွားသည်။

'ဒီအရိုးစုတွေကို မြေမြှုပ်မလို့ပါ'

ထိုစကား ကြားလိုက်ရသောအခါ လုယ°က အံ့ဩလွန်းသဖြင့် ပါးစပ်ဟောင်းလောင်း ဖြစ်သွားရလေသည်။

သူက မိန်းကလေးအား စိုက်ကြည့်လိုက်ပြီး....

'မင်းကို ဘယ်သူက မြေမြှုပ်ခိုင်းလို့လဲ'

ဟု မေးလိုက်သည်။

မိန်းကလေးက....

'လူတစ်ယောက်ကပါ'

လုယ်ကံ မျက်မှောင်ကုတ်လိုက်သည်။

'ဘယ်သူလဲ'

မိန်းကလေးက....

'ကျွန်မမေမေပါ'

လုယ်ကံ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

'နေပါဦး၊ မင်းမေမေက ဘာဖြစ်လို့ ဒီအရိုးစုတွေကို သာပြီး မြေမြှုပ်ခိုင်းရတာလဲ'

မိန်းကလေးက ပခုံးတစ်ချက် တွန့်လိုက်သည်။

'အမှန်တော့ ဒီအရိုးစုတွေကို ပထမ ဘယ်သူကမှ မြေမမြှုပ်ရဲကြပါဘူး'

ထိုစကားကြောင့် လုယ်ကံ အံ့သြသွားလေသည်။

သူက မိန်းကလေးအား စိုက်ကြည့်ရင်း....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်သည်။



မိန်းကလေးက....

'ရှင် အိမ်ထဲဝင်တုန်းက အိမ်နံရံပေါ်မှာ သွေးလက်ဝါးရာ တစ်ခု တွေ့ခဲ့တယ်မဟုတ်လား'

လုယ်ကံ ခေါင်းညိတ်လိုက်သည်။

'တွေ့သားပဲ'

မိန်းကလေးက....

'သွေးလက်ဝါးဆိုတာ အင်မတန် အစွမ်းထက်တဲ့ သိုင်းပညာရှင်တစ်ယောက်ပါ၊ သူသတ်ခဲ့တဲ့လူမှန်သမျှ ဘယ်လိုလူကမှ မြေမြှုပ်မပေးရဲကြဘူးလေ'

လုယ်ကံ မဲ့ပြုံးပြုံးကာ သူမအား မကျေမနပ်ဖြင့် ကြည့်လိုက်လေသည်။

'အခုကျတော့ မင်းက ဘာဖြစ်လို့ မြေမြှုပ်ချင်ရတာလဲ' မိန်းကလေးက ပြုံးလိုက်သည်။

သူမ၏အပြုံးတွင် အဓိပ္ပာယ်များစွာ ပါဝင်နေသည်။ လုယ်ကံ သူမအား စေ့စေ့ကြည့်လိုက်ပြီး....

'ကျုပ်မေးတာ ဖြေပါဦး'

ဟု အေးစက်သောလေသံဖြင့် ပြောလိုက်သည်။

မိန်းကလေးက လှပစွာ ပြုံးရင်းမှ....

'ဖြေမှာပေါ့ရှင်၊ အခု သေးလက်ဝါးက ဒဏ်ရာရလို့ တစ်နေရာမှာ သွားပုန်းနေတယ်လို့ သတင်းရတယ်လေ၊ ဒါကြောင့် ကျွန်မမေမေက ဒီကိုလွှတ်လိုက်တာပါ'

လုယ°က....

'မင်းမေမေက ဘယ်သူလဲ'

မိန်းကလေးက ပခုံးတစ်ချက် တွန့်လိုက်၏။

'မေမေဆိုတာ မေမေပေါ့ရှင်'

လုယ°က ဒေါသထွက်လာသည်။

'မင်းအမေနာမည်ကို မေးတာကွ'
ဟု အော်ဟစ်လိုက်သည်။

မိန်းကလေး၏မျက်နှာ တည်ကြည် လေးနက်သွားသည်။

သူမက နှုတ်ခမ်းကို တင်းတင်းစေ့လိုက်ပြီး....

'မသိဘူး'
ဟု ဘုဆတ်ဆတ် ပြောချလိုက်၏။

လုယိက စိတ်ပျက်သွားသည်။



သူက မည်သို့ပင်မေးမေး မိန်းကလေးက ဖြေမည်မဟုတ်ဟု နားလည်လိုက်သည်။

ထို့ကြောင့် သူက အတန်ကြာအောင် ငြိမ်သက်နေပြီးမှ....

'မင်းအမေက အခု ဘယ်မှာရှိသလဲ'
ဟု မေးလိုက်၏။

မိန်းကလေးက အံ့သြသွားကာ....

'ရှင်က ဘာလုပ်မလို့လဲ'
ဟု ပြောလိုက်သည်။

လုယ°က....

'သူ့ကို တွေ့ချင်လို့ပါ'

မိန်းကလေးက လုယိအား အကဲခတ်ကြည့်လိုက်၏။

'နေစမ်းပါဦး၊ ရှင်က ဒီအိမ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

လုယ°က သက်ပြင်းတစ်ချက် ချလိုက်သည်။

'ပတ်သက်နေလို့ မေးတာပေါ့'
မိန်းကလေးက တွေဝေသွား၏။
ထို့နောက် သူမက လုယ°အား လှမ်းကြည့်လိုက်ပြီး....

'ရှင်က ဒီအိမ်ကလူတွေနဲ့ ဆွေမျိုးတော်နေသလား'

ဟု ပြောလိုက်သည်။

လှိုင်ယံက ခေါင်းညိတ်ပြလိုက်၏။

သူက ဖြေးလေးသောအသံဖြင့်....

'ဒီလိုလဲ ပြောလို့ရပါတယ်'

သူ၏စကားကြောင့် မိန်းကလေးက အတန်ကြာအောင် ငြိမ်သက်စွာ စဉ်းစားနေသည်။

အတန်ကြာမှ သူမက လှပစွာပြုံးလိုက်ပြီး....

'ကျွန်မနာမည်က မုရိုလို့ခေါ်ပါတယ်'

ဟု မိမိကိုယ်မိမိ မိတ်ဆက်လိုက်သည်။

လှိုင်ယံက ခေါင်းခါယမ်းလိုက်၏။

'ခင်ဗျားနာမည်သိစရာ မလိုပါဘူး'

မုရိုဆိုသော မိန်းကလေး၏မျက်ခုံးမွေးအစုံက နဖူးပေါ်သို့ ခုန်တက်သွားလေသည်။

ထို့နောက်....



သူမက လှိုင်ယံအား မကျေမနပ်ကြည့်လိုက်ပြီး....

'ဒီလိုပြောလို့ ဘယ်ရမလဲ၊ တစ်နေ့ ရှင်အကူအညီလိုချင်လိုလာမှာပေါ့'

ဟု ပြောလိုက်လေသည်။

လှိုင်ယံက ခေါင်းခါယမ်းလိုက်၏။

'မလိုပါဘူး၊ ခင်ဗျားသာ ဒီကနေချက်ချင်း ထွက်သွားပါ'

ဟု မောင်းထုတ်လိုက်လေသည်။

မုရိုက စကားမပြောတော့ပါချေ။

သူမက လှိုင်ယံအား တစ်ချက် စိုက်ကြည့်ကာ ထိုနေရာမှ ချာခနဲလှည့်၍ ထွက်သွားလေတော့သည်။

လှိုင်ယံက ထွက်ခွာသွားနေသောမုရို၏ နောက်ကျောကို ကြည့်ကာ

'အင်း....ငါ့အတွက် သူဟာ သဲလွန်စတစ်ခုဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ငါ့ဘဝနဲ့ သက်ဆိုင်နေတဲ့ ဒီအိမ်ကြီးကို အကြောင်းမရှိဘဲ ရောက်လာစရာ မလိုဘူး'

ဟု စဉ်းစားနေမိလေတော့သည်။

....—....

မြေပုံများ မြှုပ်နှံပြီးစီးသွားပြီဖြစ်သည်။

လုယံကလည်း အိမ်ပျက်ကြီးဆီမှ ထွက်လာခဲ့ပြီး ဖြစ်လေသည်။

အမှန်တွင်....

သူက အိမ်ပျက်ကြီး၌ တစ်ခဏမျှပင် မနေလိုတော့ပါ။

တကယ်ဆိုတော့ ..

ဤအိမ်ပျက်ကြီးတွင် သူရှိနေသမျှ ကြေကွဲဝမ်းနည်းဖွယ်ရာ အတိတ်ဆိုးများကိုသာ စဉ်းစား တွေးတောနေမိမည် မဟုတ်ပါလား။

ထို့ကြောင့်....

သူက အိမ်ပျက်ကြီးဆီမှ ထွက်ခွာသွားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

သူ၏ခြေလှမ်းများသည် ဦးတည်ရာမဲ့ လျှောက်သွားနေမိလေသည်။

နောက်ဆုံးတွင် သူက လျှိုဝှက်စံအိမ်သို့ သွားရာလမ်းပေါ်သို့ ရောက်မှန်းမသိ ရောက်ရှိသွား၏။

လမ်း၏ ဘေး တစ်ဘက် တစ်ချက် တွင် ကျောက်တုံးကြီးများဖြင့် ပြည့်နှက်နေသည်။



လုယံက ပတ်ဝန်းကျင်သို့ငေးမောကြည့်ရင်း ဆက်လျှောက်လာခဲ့ရာ ရုတ်တရက် သူ့ရှေ့သို့ ကျောက်ခဲကလေးတစ်လုံးက ကျရောက်လာသည်။

'ထောက်....'

သူက ရင်ထိတ်သွားသည်။

ထို့နောက်....

ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်လိုက်သော်လည်း လူလူ တစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

သူက ရှေ့သို့ဆက်သွားရန် ခြေလှမ်းပြင်လိုက်၏။

'ထောက်....'

ဒုတိယမြောက် ကျောက်ခဲကလေး တစ်လုံးက ကျရောက်လာပြန်သည်။

လုယံက အသံကျယ်လောင်စွာဖြင့်...

'ဘယ်သူလဲကွ'

ဟု အော်ဟစ်မေးမြန်းလိုက်မိ၏။

သို့သော်....

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေကာ မည်သည့်အသံမျှ ထွက်ပေါ်လာခြင်း မရှိပါချေ။

လုယိက မျက်မှောင်ကုတ်လိုက်ပြီး....

'မင်းက ထွက်မလာရဲရင် ကျုပ်ကိုကြောက်နေလို့ပဲ ဖြစ်ရမယ်'

ဟု ထပ်အော်လိုက်ပြန်သည်။

ဤတစ်ကြိမ်....

သူ၏အသံ ဆုံးသွားသည်နှင့် သေးငယ်စူးရှသော အသံတစ်ခုက ကျောက်တုံးကြီးတစ်တုံး နောက်ကွယ်မှ ထွက်ပေါ်လာလေသည်။

'ဘယ်သူက ကြောက်တယ်လို့ ပြောနေလို့လဲ'

ထိုအသံနှင့်အတူ ညစ်ပတ်ပေကျံနေသော ကယ်ပါလေးတစ်ယောက်က ကျောက်တုံးကြီးနောက်ကွယ်မှ ထွက်ပေါ်လာလေသည်။

ယင်းကယ်ပါလေးအား မြင်တွေ့လိုက်သည်နှင့် လုယိ၏ မျက်လုံးများ ပြူးကျယ်သွားမိလေသည်။

သူက ကျောက်တုံး နောက်ကွယ်မှ ထွက်ပေါ်လာသော ကယ်ပါလေးအား အံ့ဩစွာ ကြည့်လိုက်ပြီး....



'ဟင်....ညီလေးပါလား၊ ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ'

မှန်ပါသည်။

ကယ်ပါလေးမှာ ကုမွန်တုံးပင်ဖြစ်၏။

ကုမွန်တုံးက ပြုံးပြလိုက်ပြီး....

'အစ်ကိုကြီးကကော ဘယ်သွားနေတာလဲဗျ'

ဟု မေးလိုက်သည်။

လုယိက ပြုံးလိုက်၏။

ကုမွန်တုံးမှာ ပထမတကြိမ် တွေ့ခဲ့စဉ်ကအတိုင်း မပြောင်းမလဲရှိနေသေးကြောင်း တွေ့မြင်လိုက်ရသည်။

လုယိက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ကျုပ်အိမ်ကို ပြန်သွားတာပါ'

ဟု ပြောလိုက်သည်။

ကုမွန်တုံးက နှုတ်ခမ်းစူလိုက်သည်။

'အစ်ကိုကြီး ကျွန်တော့်ကို လိမ်ခဲ့တယ်'

ဟု စွပ်စွဲပြောဆိုလိုက်၏။

လုယိက မျက်မှောင်ကုတ်လိုက်ပြီး....

'ကျုပ်က ဘာများ လိမ်ပြောခဲ့လို့လဲ'

ဟု မေးလိုက်သည်။

ကုမ္ပနီတုံးက....

'အစ်ကိုကြီးရဲ့သိုင်းပညာဟာ ထိပ်သီးအဆင့်ကိုရောက်နေပြီလို့ လင်ရှမ်ထင်းက ပြောပါတယ်'

လုယိက ယခုမှ သဘောပေါက်လိုက်မိသည်။

သူက သဘောကျစွာ ရယ်မောလိုက်ပြီး မိမိမှာ ကုမ္ပနီတုံးနှင့် လမ်းခွဲကာ လျှို့ဝှက်စံအိမ်မှ ထွက်ပြေးခဲ့ရပုံတို့နှင့် ထူးဆန်းသော အဘိုးအိုတစ်ယောက်ကို တွေ့ဆုံခဲ့ရပုံကို ပြန်လည်ပြောပြလိုက်သည်။

သူ၏စကား ဆုံးသွားသည်နှင့် ကုမ္ပနီတုံးက အပျင်းတစ်ချက် ဆန့်ကာ....

'အင်း....အစ်ကိုကြီးစကားကို နားထောင်ရတာ ပုံပြင်တစ်ပုဒ်ကို နားထောင်ရသလိုပဲ'

ဟု မယုံကြည်ဟန်ဖြင့် ပြောလိုက်သည်။

လုယိက သူ၏စကားကြောင့် ဒေါသဖြစ်သွားကာ....

'ဘာလဲ၊ မင်းက မယုံလို့လား'

ဟု ပြောလိုက်၏။



ကုမ္ပနီတုံးကမူ ဒေါသထွက်သွားသည်ကို တွေ့လိုက်သောအခါ စပ်ဖြီးဖြီးမျက်နှာထားဖြင့်....

'ယုံပါတယ်'

ဟု ပြောလိုက်တော့သည်။

လုယိက ကုမ္ပနီတုံးအား သေချာစွာ စိုက်ကြည့်လိုက်၏။

အကယ်၍သာ....

မိမိတွင် ညီအစ်ကိုမောင်နှမများ ရှိမည်ဆိုပါလျှင် ကုမ္ပနီတုံး အရွယ်ရှိမည်ဟု ခန့်မှန်းမိလိုက်ပြီး မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

ကုမ္ပနီတုံးက ပြောင်းလဲသွားသော လုယိ၏ အမူအရာကို ကြည့်ကာ ငြိမ်သွားသည်။

သူက မျက်နှာညှိုးငယ်နေသော လုယိအား ကြည့်ကာ ဖျာဖျာသလဲဖြင့်....

'အစ်ကိုကြီး၊ ကျွန်တော် အစ်ကိုကြီးကို နောက်ပြောင်သလို ဖြစ်သွားခဲ့ရင် တောင်းပန်ပါတယ်ဗျာ'

ဟု ပြောလိုက်သည်။

ထို့နောက်....

သူက မြေပြင်ပေါ်သို့ ဒူးထောက်ထိုင်ချရန် ဟန်ပြင်လိုက်သည်။

အမှန်တွင်....

သူက နောက်ပြောင်လိုက်သဖြင့် လုယ်က ဝမ်းနည်းသွားသည်ဟု ထင်မှတ်ကာ တောင်းပန်လိုက်ခြင်းဖြစ်၏။

လုယ°က သူ၏ပခုံးနှစ်ဘက်အား ဆုပ်ကိုင်ပြီး ခေါင်းခါယမ်းလိုက်သည်။

'အို....ညီလေးကလဲ မဟုတ်တာဘဲ၊ အစ်ကိုကြီး စိတ်ညစ်မိတာက ညီလေးနောက်ပြောင်လို့ မဟုတ်ဘူး၊ အစ်ကိုကြီးရဲ့ မိသားစုအကြောင်းပါ'

ကုမ္ဘန်တုံးက စိတ်ဝင်စားသွားမိ၏။

'ကျွန်တော့်ကို အစ်ကိုကြီးရဲ့ မိသားစုအကြောင်း ပြောပြနိုင်မလားဟင်'

ဟု မေးလိုက်သည်။

လုယ°က ပါးစပ်ပိတ်ကာ ငေးငိုင်နေ၏။

အတန်ကြာတော့မှ သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'အစ်ကိုကြီးရဲ့ မိသားစုတွေဟာ ကွယ်လွန်သွားကြပါပြီ၊ အစ်ကိုကြီးနဲ့ ညီလေးတို့ တွေ့ခဲ့တဲ့အိမ်ပျက်ကြီးထဲက အရိုးတွေဟာ အစ်ကိုကြီးတို့ရဲ့ မိသားစုတွေပဲပါပဲ'

ဟု ရှင်းပြလိုက်သည်။



သူ၏စကားကို ကြားလိုက်ရသောအခါ ကုမ္ဘန်တုံးက အံ့ဩလွန်းသဖြင့် မည်သို့ ပြန်ပြောရမှန်းမသိအောင် ဖြစ်နေရလေသည်။

သူက လုယိအား ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေသည်။

ထိုအချိန်....

လုယိက အိမ်အိုကြီးထဲ၌ တွေ့ဆုံခဲ့ရသော မုရှိဆိုသောမိန်းကလေးအား ရုတ်တရက် သတိရမိကာ ကုမ္ဘန်တုံးအား ကြည့်၍....

'ဒါနဲ့....ညီလေးကို တစ်ခုမေးရဦးမယ်'

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်၏။

'မေးလေ'

လုယိက....

'ညီလေးက မုရှိဆိုတဲ့မိန်းကလေးကို တွေ့ဖူးသလား'

ကုမ္ဘန်တုံးက လုယိအား မကျေနပ်သည့်အသွင်ဖြင့် မျက်မှောင်ကုတ်ကာ ကြည့်လိုက်၏။

'မကြားဖူးပါဘူး၊ အစ်ကိုကြီးက သူ့ကို ဘယ်မှာ တွေ့လာလို့လဲ'

လယ်ုဝ်က....

'အိမ်အိုကြီးရဲ့ခြံဝင်းထဲမှာ၊ အစ်ကိုကြီးက အရိုးစုတွေကို မြေမြှုပ်နေတုန်း သူ့ကိုတွေ့ခဲ့တာ'

ကုမ္ဗန်တုံးက သူ့အား အေးစက်စက်မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

'မုရှိဆိုတာ သေချာသလား'

လယ်ုဝ်က သွက်လက်စွာဖြင့်....

'ဟာ....အတော့်ကို ချော့တာ'

ဟု ပြောလိုက်သည်။

ကုမ္ဗန်တုံးက မြေပြင်ပေါ်သို့ ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး....

'အစ်ကိုကြီးက မေ့နေပြီထင်တယ်'

ဟု ပြောလိုက်သည်။

လယ်ုဝ်က သူ၏စကားကြောင့် ကြောင်အမ်းအမ်းဖြစ်သွားရသည်။

သူက ကုမ္ဗန်တုံးအား ကြည့်၍....

'ဘာကို မေ့နေလို့လဲ'



ကုမ္ဗန်တုံးက မဲ့ပြုံးပြုံးလိုက်သည်။

'အစ်ကိုကြီးကဲ မိန်းမမုန်းတယ်ဆို'

ဟု ပြောလိုက်သည်။

လယ်ုဝ်က ပြုံးလိုက်သည်။

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး....

'ဟာ....အစ်ကိုကြီးက မိန်းမတိုင်းကို မုန်းတာ မဟုတ်ပါဘူး'

ကုမ္ဗန်တုံးက နှုတ်ခမ်းစူလိုက်သည်။

'ဒါဆိုရင် အစ်ကိုကြီးက မုရှိကို ချစ်နေလို့လား'

ဟု ပြောလိုက်လေ၏။

လယ်ုဝ်၏မျက်နှာ ရုတ်တရက် နီရဲသွားသည်။

သူက ရှက်ကိုးရှက်ကန်းဖြင့်....

'ညီလေး၊ ဘာတွေလျှောက်ပြောနေတာလဲကွာ'

ဟု ပြောလိုက်လေသည်။

ကုမ္ဗန်တုံးက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'ဒါဖြင့် ကျွန်တော့်နောက် လိုက်ခဲ့ပါ'

လယ်ုဝ်က မျက်မှောင်ကုတ်လိုက်သည်။

'ဘာဖြစ်လို့'

ကုမ္မန်တုံးက....

'အရေးကြီးတဲ့ကိစ္စ ရှိလို့ပေါ့'

ဟု ပြောလိုက်သည်။

လုယံက ခေါင်းခါသမ်းလိုက်ပြီး....

'အစ်ကို့မှာ မိသားစုကိုသတ်သွားတဲ့ တရားခံကို ရှာဖွေရဦးမယ်လေ'

ကုမ္မန်တုံးက မျက်မှောင်ကုတ်လိုက်ပြီး မကျေမနပ်ဖြင့် သူ့အား စိုက်ကြည့်ကာ....

'ဒါဖြင့်ရင် အစ်ကိုကြီးက ကျွန်တော့်နောက်ကို မလိုက်ဘူးပေါ့နော်'

ဟု မေးလိုက်သည်။

လုယံက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ဝမ်းနည်းပါတယ်၊ အစ်ကိုကြီးမှာ အလွန်အရေးကြီးတဲ့ကိစ္စတွေရှိနေသေးလို့ပါ'

ကုမ္မန်တုံးက နှုတ်ခမ်းကိုကိုက်ကာ စဉ်းစားလိုက်ပြီး....

'ဒါဖြင့် ဒီလိုလုပ်ဗျာ'

လုယံက မျက်မှောင်ကုတ်လိုက်သည်။



'ဘယ်လိုလဲ'

ကုမ္မန်တုံးက သူ့အား စေ့စေ့ကြည့်လိုက်၏။

'အစ်ကိုကြီးက ကျွန်တော့်နောက်ကို အရင်လိုက်ခဲ့ပါ၊ ကျွန်တော့်ကိစ္စပြီးရင် အစ်ကိုကြီးနောက်ကို ကျွန်တော်ပါလိုက်ခဲ့မယ်လေ'

လုယံက အခက်ကြုံသွား၏။

သူက အနည်းငယ် စဉ်းစားလိုက်ပြီး....

'ညီလေးကိစ္စက သိပ်ကြာမှာလား'

ဟု မေးလိုက်သည်။

ကုမ္မန်တုံး၏မျက်နှာ ပြုံးရောင်သမ်းသွား၏။

သူက ခေါင်းခါယမ်းလိုက်ပြီး....

'သိပ်မကြာပါဘူး'

လုယံက သက်ပြင်းချလိုက်သည်။

'ကောင်းပြီလေ၊ ကျုပ်လိုက်ခဲ့ပါ့မယ်'

ဟု ပြောလိုက်သည်။

.... ၁....

လုယာနှင့် ကုမ္ပန်တုံးတို့က ခြေလှမ်းသုတ်သုတ်ဖြင့် သွားကြလေသည်။

မကြာမီ....

လမ်းဘေး တစ်ဘက်တစ်ချက်၌ ကျောက်တုံးကြီးများက နည်းပါးလာပြီးလျှင် သစ်ပင် ချုံနွယ်များဖြင့် ပြည့်နှက်သွားလေသည်။

ယခုအခါတွင်....

သူတို့သည် တောအုပ်ကလေးတစ်ခုအတွင်းသို့ ရောက်ရှိလာကြသည်။

တောအုပ်ကလေးအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် တောအုပ်အလယ်ဘတ်ခွင် ပိတ်ဆို့ရပ်တန့်နေသော လူများကို တွေ့မြင်လိုက်ရသည်။

လူသုံးယောက်။

သေချာစွာ ကြည့်မည်ဆိုပါလျှင် သူတို့၏ ဦးခေါင်းများပေါ်တွင် အပေါက်ကလေး ငါးပေါက်စီရှိနေပြီး ထိုအပေါက်ကလေးများမှ သွေးများ စီးဆင်းကျနေသည်ကို တွေ့မြင်ရလေသည်။

တဆက်တည်းမှာပင်....



ထိုလူသုံးယောက်၏ရှေ့၌ တင်ပျဉ်ခွေထိုင်နေသောသူကိုပါ တွေ့မြင်ရသည်။

အဘွားအိုမှာ သိုင်းလောကသားများက ကြောက်ရွံ့နေသော လိရှဲကိုးဖြစ်သည်။

လုယာနှင့် ကုမ္ပန်တုံးတို့က ရပ်ထိုက်သွား၏။

လုယာက မတ်ဘတ်ရပ်လျက် သေဆုံးနေသော လူများကို ကြည့်ရင်း ဒေါသကြီးစွာ ထွက်လာသည်။

သူက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး....

'ခင်ဗျားက အတော်ရက်စက်ပါလား'

သူ၏ ရဲတင်းသော စွပ်စွဲချက်ကြောင့် လိရှဲကိုးက အံ့ဩဟန်ဖြင့်....

'ဟော့ သူငယ်၊ မင်းက သေချင်လို့လား'

ဟု မေးလိုက်သည်။

သူမ၏ စကားပြောပုံမှာ လုယာအား တောင်ကြားလမ်းကလေးထဲ၌ တွေ့ဆုံခဲ့ပုံကို မှတ်မိခြင်းမရှိချေ။

လုယာက မဲ့ပြုံးပြုံးလိုက်ပြီး....

'ခင်ဗျားလို လူမဆန်တဲ့လူကို သုတ်သင်ပစ်မှ အေးတော့မှာပါ'

ဟု တစ်ခွန်းချင်း ပြောလိုက်သည်။

လိရှဲကိုးက....

'မင်းကလား ကျုပ်ကိုသတ်ချင်တာ'

သူမကပြောရင်း လက်ဝါးချောင်းဖြင့် လုယ°ထံသို့ တိုက်ခိုက်လိုက်သည်။

မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် လုယ°က မရှောင်တိမ်းနိုင်တော့ဘဲ....

'ဝုန်း....'

ဟူသောအသံနှင့်အတူ လုယ°၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားသည်။

သို့သော်....

သူက ချက်ချင်းပင် လူးလှိမ့်ထလိုက်ပြီး တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားလိုက်၏။

ယင်းအချိန်မှာပင်....

လိရှဲကိုးက လေ၏ လျင်မြန်ခြင်းအဟုန်ဖြင့် ရောက်ရှိလာကာ လက်ဝါးနှစ်ဘက်ဖြင့် တွန်းလိုက်ပြန်သည်။



'ဝုန်း....'

လုယ°၏ခန္ဓာကိုယ်က နောက်သို့ လွင့်စဉ်သွားရပြန်လေသည်။

ယခုတစ်ကြိမ်တွင်မူ....

လုယ°က တော်တော်နှင့် ပြန်ထမလာနိုင်တော့ပါချေ။

အတန်ကြာမှ....

သူက ခြေလှမ်း ဒယီးဒယိုင်ဖြင့် ပြန်ထလာလေသည်။

သူ၏မျက်လုံးအစုံမှာ ဒေါသထွက်လွန်းသဖြင့် နီရဲနေလေသည်။

လိရှဲကိုးမှာမူ နေရာ၌ ငြိမ်သက်စွာ ရပ်နေဆဲပင် ဖြစ်၏။

လုယ°က အံကို တင်းတင်းကြိတ်လိုက်ပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန် ကုမ္ဗန်ဝူးက ရောက်ရှိလာပြီး သူ၏လက်ကို ဖမ်းဆွဲကာ...

'အစ်ကိုကြီး ရူးနေပြီလား'

ဟု သတိပေးလိုက်သည်။

လုယ°က မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် သူက ကုမ္ပန်တုံးအား ကြည့်လိုက်ပြီး...

'ဒီမှာညီလေး၊ . ကို အစ်ကိုကြီးက တိုက်ခိုက်တာဟာ သိုင်းပညာ ယှဉ်ပြိုင်နေတာ မဟုတ်ရပါဘူး၊ မတရားတာကို လက်ပိုက်ကြည့်မနေနိုင်လို့ ဝင်တိုက်ခိုက်တာလေ၊ ဒါကြောင့် နိုင်တာမနိုင်တာ အရေးမကြီးဘူး'

ဟု ပြောပြီး သည်နှင့် လီရှဲကိုးထံသို့ ပြေးလွှားသွားကာ ထပ်မံ တိုက်ခိုက်လိုက်၏။

သို့သော်...

သူသည် လီရှဲကိုး၏ လက်ဝါးနှစ်ချက် မိထားသောကြောင့် သူ၏သိုင်းကွက်များမှာ ဖရိုဖရဲ ဖြစ်နေကာ ခြေလှမ်းများ ယိမ်းယိုင်နေ၏။

ကုမ္ပန်းတုံးက လုယ်မှာ အတွင်းဒဏ်ရာရရှိထားပြီဟု နားလည်လိုက်သည်။

ထို့ကြောင့်...

သူက မနေနိုင်တော့ဘဲ လက်ဝါးချောင်းဖြင့် ကုဘ်ချရန် ဟန်ပြင်နေသော လီရှဲကိုး၏ နောက်ကျောဆီသို့ လက်ဝါး တစ်ချက် ရိုက်ချလိုက်၏။

လီရှဲကိုးက နောက်မှ ပြေးဝင်လာသော ကုမ္ပန်တုံး၏ လက်ဝါးအရှိန်ကြောင့် မျက်မှောင်ကုတ်သွားပြီး ကမျာကယာ ရှောင်တိမ်းလိုက်သည်။



သူမက ဒေါသကြီးစွာဖြင့် ဝင်ရောက်တိုက်ခိုက်လာသော ကုမ္ပန်တုံးအား တိုက်ခိုက်ရန်လက်ကို အပေါ်သို့မြှောက်လိုက်သည်။

လုယ်မှာ ကုမ္ပန်တုံးကြောင့် အသက်ချမ်းသာ ရရှိသွားသော်လည်း လီရှဲကိုးက ကုမ္ပန်တုံးအားတိုက်ခိုက်ရန် ဟန်ပြင်နေသောကြောင့် ထိတ်လန့်သွားမိသည်။

ထို့ကြောင်...

သူက လီရှဲကိုးထံသို့ ခုန်ဝင်၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ယင်းအချိန်မှာပင် ရုတ်တရက်...

'ရပ်လိုက်'

ဟူသော ကျယ်လောင်သည့် အသံတစ်ခုက ထွက်ပေါ်လာပြီးလျှင် လူရိပ်တစ်ခုက တိုက်ပွဲအလွင်းသို့ ပြေးလွှား ဝင်ရောက်လာသည်။

ဘီလူးမလီရှဲကိုးက ထိုလူအား မြင်တွေ့လိုက်သည်နှင့် အံ့ဩသွားပြီး နှုတ်မှရေရွတ်လိုက်၏။

'ဟင်...ခါးကုန်းကြီးပါလား'

မှန်ပါသည်။

ဝင်ရောက်လာသူမှာ ခါးကုန်းကြီး တစ်ယောက်ပင် ဖြစ်သည်။

ကုမှန်တုံးက ခါးကုန်းကြီးအား မြင်တွေ့လိုက်သည်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ လုယံဘက်သို့ လှည့်လိုက်ပြီး....

'အစ်ကိုကြီး၊ ကျွန်တော် သွားမှဖြစ်တော့မယ်ဗျ'

သူသည် ယင်းသို့ပြောပြီးသည်နှင့် ထိုနေရာမှ ပြေးလွှားထွက်ခွာသွားတော့သည်။

ခါးကုန်းကြီးက ကုမှန်တုံး ပြေးလွှားသွားခြင်းကို တွေ့လိုက်သောအခါ....

'ဟေ့....မပြေးနဲ့'

ဟု ဟန့်တားရင်း နောက်မှ ပြေးလိုက်သွားသည်။

လုယံက မနေနိုင်တော့ပါချေ။

သူက ဘုမသိဘမသိဖြင့် သူတို့နောက်သို့ ပြေးလွှား လိုက်ပါသွားလေသည်။

လီရှဲကိုးကမူ မည်သူ့ကိုမျှ ဟန့်တားခြင်းမပြုပါ။



သူမက ထိုနေရာ၌ပင် မလှုပ်မယှက်ရပ်တန့်လျက် လုယံတို့လူစု ပြေးလွှားသွားနေသည်ကို ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့လေတော့သည်။

....o....

လုယံက ပြေးလွှားနေသော ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

သူက ဒဏ်ရာရရှိထားသောကြောင့် ကုမှန်တုံးနှင့် ခါးကုန်းကြီးတို့အား မီအောင်မလိုက်နိုင်ပါချေ။

ခါးကုန်းကြီးနှင့် ကုမှန်တုံးတို့ကလည်း မြင်ကွင်းမှ ကွယ်ပျောက်သွားကြပြီ ဖြစ်သည်။

လုယံက သက်ပြင်းတစ်ချက်ချလိုက်ပြီး လေးကန်သော ခြေလှမ်းများဖြင့် ရှေ့သို့ ဆက်၍ လျှောက်သွားနေမိလေသည်။

အတန်ကြာ လျှောက်သွားမိလိုက်သောအခါ လမ်းဘေး တစ်ဘက်တစ်ချက်တွင် ချုံပုတ်နှင့် ချုံနွယ်များ ထူထပ်လာခြင်းကို သတိပြုမိလိုက်လေသည်။

ရုတ်တရက်....

ချုံပုတ်တစ်ခုအကြားမှ ညစ်ပေနေသော မျက်နှာတစ်ခု ပြူထွက်လာပြီး....

'ရှူး....'

ဟု အသံပြုလိုက်၏။

လုယ°က ထိတ်လန့်သွားပြီး....

'ဘယ်သူလဲ'

ဟု လွှတ်ခနဲ မေးလိုက်မိသည်။

တစ်ဆက်တည်းမှာပဲ....

မျက်နှာပြူထွက်ပေါ်လာသော ချုံပုတ်ဆီသို့ လှမ်းကြည့်လိုက်မိ၏။

ထိုအခါ....

ချုံပုတ်အတွင်း၌ မျက်နှာတစ်ခုလုံးညစ်ပတ်ပေကျံ နေကာ ဆံပင်များ ရှုပ်ထွေးနေသော မျက်နှာထစ်ခုကို တွေ့လိုက်ရ၏။



'ရှူး....'

ထိုမျက်နှာပိုင်ရှင်က ထပ်မံအသံပြုရင်း ညီညာပြူဖွေးနေသော သွားကလေးများပေါ်အောင် ပြုံးပြလိုက်၏။

လုယ°က အလွန်ဝမ်းသာသွားမိလေသည်။

အမှန်တွင်....

ထိုဦးခေါင်းမှာ ကုမ္ဘန်တိုးပင်ဖြစ်သည်။

လုယ°က အားရဝမ်းသာဖြင့်....

'ဟေ့ မင်း ဒီမှာပုန်းနေတယ် ဟုတ်လား'

ဟု မေးလိုက်သည်။

ကုမ္ဘန်တိုးက....

'တိုးတိုးပြောပါဗျ၊ ခေါ်ကုန်းကြီးက ရှေ့ကို ဆက်ပြေးသွားတယ်'

လုယ°က ရယ်မောလိုက်ပြီး....

'သူက ထွက်ပြေးသွားပြီပဲ၊ မင်းက ထွက်လာပါတော့လားကွ'

ကုမ္ဘန်တိုးက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်သေးဘူး၊ သူက ရှေ့ကိုဆက်ပြေးသွားလို့ မတွေ့ဘူးဆိုရင် နောက်ပြန်လှည့်လာမှာပဲ'

သူ၏စကားကြောင့် လုယိက ရင်ထိတ်သွားမိသည်။

'ဟင်....ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ'

ဟု ပြောလိုက်၏။

ကုမ္မန်တုံးက ခဏမျှစဉ်းစားလိုက်ပြီး....

'အစ်ကိုကြီးက ရှေ့ကိုဆက်ပြေးသွားပါ၊ သူ ရပ်စောင့်နေတာတွေ့ရင် ကျွန်တော်က ရှေ့ကိုဆက်ပြေးသွားတယ်လို့ ပြောလိုက်'

ဟု အကြံပေးလိုက်သည်။

လုယိက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ဒါဆိုရင် ငါပြန်မလာမချင်း မင်း ဒီနေရာကနေ ထွက်မသွားရဘူးနော်'

သူက ပြောပြီးသည်နှင့် ရှေ့သို့ ဆက်၍ ပြေးလွှားသွားလေတော့သည်။

....ဝ....



လုယိက အတန်ကြာ ပြေးလွှားလာသောအခါ....

လမ်းဘေးတစ်နေရာတွင် ထိုင်နေသော ခါးကုန်းကြီးအား တွေ့မြင်လိုက်ရ၏။

သူက လုယိ ပြေးလွှားလာခြင်းကို တွေ့မြင်လိုက်သောအခါ ဖျတ်ခနဲ မဘ်တတ်ရပ်လိုက်သည်။

'ရပ်လိုက်'

သူက အော်ဟစ်ဟန့်တားလိုက်၏။

တစ်ဆက်တည်းမှာပင်....

သူ၏ခန္ဓာကိုယ်က လုယိ၏သွားလမ်းရှေ့သို့ ရောက်ရှိလာလေသည်။

သူက လုယိအားကြည့်ကာ....

'အို...ကယ်ပါလေးကော'

ဟု မေးလိုက်သည်။

လုယိက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ကျုပ်က ဘယ်သိပါ့မလဲ၊ ခင်ဗျားတို့နှစ်ယောက်က ကျုပ်ရှေ့က ပြေးသွားကြတာပဲ'

ဟု ပြောလိုက်သည်။

ခါးကုန်းကြီးက မျက်မှောင်ကုတ်သွားပြီး လယုဝ်အား အကဲခတ်ကြည့်ရင်းမှ....

'မင်း သူ့ကို လမ်းမှာမတွေ့ခဲ့ဘူးလား'

ဟု မေးလိုက်သည်။

လယုဝ်က မဲ့ပြုံးပြုံးလိုက်၏။

'သူ့ကို ကျုပ်တော် လမ်းမှာတွေ့ခဲ့ရင် ဒီအထိ ဆက်ပြေးလာစရာ လိုပါ့မလား'

ဟု ပြောလိုက်သည်။

ခါးကုန်းကြီးက တွေဝေသွား၏။

'အင်း....ဒါဆိုရင် သူက ရှေ့ကိုဆက်ပြေးသွားတာပဲ ဖြစ်ရမယ်'

ဟု ရေရွတ်လိုက်၏။

လယုဝ်က ခေါင်းညိတ်သည်။

'ဖြစ်နိုင်တယ်ဗျ၊ သူ့ရဲ့ကိုယ်ဖော့ပညာက ကျုပ်တော့်ထက် ဆယ်ဆလောက်သာတယ်'

ဟု ထောက်ခံပြောဆိုလိုက်၏။

ခါးကုန်းကြီးက အဝေးသို့လှမ်းမျှော်ကြည့်လိုက်ပြီး လယုဝ်အား နှုတ်ပင်မဆက်တော့ဘဲ ရှေ့သို့ဆက်၍ ပြေးလွှားသွားလေတော့သည်။



လုယုဝ်က ခါးကုန်းကြီး၏နောက်ကျောကိုကြည့်ကာ ပြုံးလိုက်သည်။

ခါးကုန်းကြီး မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ လုယုဝ်က နောက်ကြောင်းသို့ ပြန်လှည့်ခဲ့လေသည်။

.... ၁ ....

'ဟဲ....ဟဲ....ဟဲ'

ကုမ္ဘန်တုံးက သဘောကျစွာ ရယ်မောနေ၏။

လုယုဝ်က ပြုံးနေသည်။

ကုမ္ဘန်တုံးက လုယုဝ်အား စိုက်ကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်၏။

'အစ်ကိုကြီးက လိမ်ပြောတတ်သားပဲ'

ဟု ချီးကျူးလိုက်သည်။

လုယုဝ်က သူ၏စကားကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

'ဟာ....ဒီလိုမထင်ပါနဲ့ကွာ၊ သူက ညီလေးကို ဒုက္ခပေးနိုင်တယ်ထင်လို့ အစ်ကိုကြီးက လိမ်ပြောလိုက်ရတာပါ'

ဟု ရှင်းပြလိုက်သည်။

ကုမ္ဗန်တုံးက ပြုံးလိုက်မိသည်။

'သူက အစ်ကိုကြီးကို ဘာပြောသွားသေးသလဲ'

လုယံက သက်ပြင်းတစ်ချက် ချလိုက်၏။

'သူက ကျုပ်ကို တရားခံစစ်သလို စစ်သွားတာဗျ'

ကုမ္ဗန်တုံးက ရယ်မောလိုက်သည်။

'ဟဲ....ဟဲ....ဟဲ'

လုယံက မျက်မှောင်ကုတ်လိုက်၏။

'ဒါနဲ့ ညီလေးက ဘာဖြစ်လို့ သူ့ကိုတွေ့တာနဲ့ ထွက်ပြေးသွားရတာလဲ'

ကုမ္ဗန်တုံးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ကျွန်တော်က သူ့ကိုမုန်းလို့'

လုယံက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'မှန်မှန်ပြောစမ်း၊ မဒီးက သူ့ကို ကြောက်နေတယ် မဟုတ်လား'

ဟု မေးလိုက်သည်။



ကုမ္ဗန်တုံးက ပြုံးစိစိနှင့်....

'ကြောက်တာနဲ့မုန်းတာ တခြားစီပါဗျာ'

ဟု ရှင်းပြလိုက်သည်။

လုယံက မျက်မှောင်ကုတ်လိုက်သည်။

'မင်းက သူ့ကို မတွေ့ချင်ဘူးလား'

ကုမ္ဗန်တုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

လုယံက....

'ဘာဖြစ်လို့လဲ'

ကုမ္ဗန်တုံးက တည်ကြည်သော မျက်နှာထားဖြင့်....

'ဘာမှမဖြစ်ဘူး၊ မတွေ့ချင်လို့ပါ'

ဟု ပြောလိုက်သည်။

လုယံက သူ့အား အကဲခတ်ကြည့်ရင်း....

'သူက ဘာဖြစ်လို့ မင်းနောက်ကို လိုက်နေရတာလဲ'

ကုမ္ဗန်တုံး မျက်နှာကွက်ခနဲပျက်သွားသည်။

သူက ကမန်းကတန်း လက်ကာပြလိုက်ပြီး....

'ကျွန်တော့်နောက်ကို လိုက်နေတာမဟုတ်ဘူး၊ မတော်တဆ ဆုံမိတာပါ'

ဟု ရှင်းပြလိုက်သည်။

လှယိက သူ၏စကားကို မယုံကြည်ပါချေ။

သူက ကုမ္ဘန်တုံးအား သေချာစွာ ကြည့်လိုက်ပြီး....

'ခါးကုန်းကြီးက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

ကုမ္ဘန်တုံးက....

'သူက နယ်နယ်ရရ လူတစ်ယောက်မဟုတ်ဘူးဗျ၊ သူနဲ့ဆိုရင် ဘီလူးမ လိရှဲကိုးကတောင်မှ ထိပ်တိုက် ရပ်ဆိုင်မတွေ့ချင်ဘူး'

လှယိက ယခုမှ လိရှဲကိုးက အဘယ်ကြောင့် သူတို့ပြေးလွှားထွက်ခွာသွားခြင်းကို မဟန့်တားကြောင်းကို နားလည်လိုက်သည်။

သူက စိတ်ဝင်စားစွာဖြင့်....



'အင်း....ဆက်ပြောပါဦး'

ဟု ပြောလိုက်သည်။

ကုမ္ဘန်တုံးက...

'သွေးလက်ဝါးဆိုတဲ့ သိုင်းသမားနဲ့ တချိန်တည်းအတူတူ နာမည်ကျော်ကြားခဲ့တဲ့ ခါးကုန်းကြီးဆိုတဲ့ သိုင်းသမားဟာ သူပေါ့'

လှယိ၏မျက်လုံးများ ပြူးကျယ်သွား၏။

သူက အံ့သြဟန်ဖြင့်....

'ဪ....သူကလဲ အတော်ကို နာမည်ကျော်ကြားတဲ့ သိုင်းသမားပဲကိုး'

ဟု ရေရွတ်လိုက်သည်။

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူက သိုင်းလောကထဲကနေ ကွယ်ပျောက်သွားတာ အနှစ်နှစ်ဆယ်လောက်တောင် ရှိနေပါပြီ'

လှယိက မျက်မှောင်ကုတ်လိုက်၏။

'ဘာဖြစ်လို့ ပျောက်သွားတာလဲ'

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ ကျွန်တော်လဲမသိဘူး'

လုယံက သူ့အားစိုက်ကြည့်လိုက်ပြီး....

'ကဲ....ဒါတွေ ထားပါတော့၊ အခု ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ'

ဟု မေးလိုက်သည်။

ကုမ္ဘန်တုံးက ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

'အစ်ကိုကြီးပဲ ကျွန်တော့်နောက်ကို လိုက်ခဲ့မယ်ဆို၊ လာသွားကြစို့'

သူက ယင်းသို့ပြောရင်း ရှေ့မှ ခြေလှမ်းကျဲကျဲဖြင့် ဆက်၍လျှောက်သွားသည်။

လုယံက မည်သို့မျှမတတ်သာတော့ဘဲ နောက်မှလိုက်သွားရတော့သည်။

....ဝ....



လုယံနှင့် ကုမ္ဘန်တုံးတို့က အရှေ့ဘက်စူးစူးဆီသို့ ခရီးဆက်ခဲ့ကြသည်။

သူတို့သည် နှစ်ရက်မျှ မရပ်မနား ခရီးဆက်ခဲ့ကြသောအခါ လိုလန့်နယ် ကျင်ယန်းမြို့ဆီသို့ ရောက်ရှိလာကြလေတော့သည်။

လုယံက ခရီးတထောက်ပင် နားခြင်းမရှိသောကြောင့် စိတ်မရှည်တော့ပေ။

သူက ကုမ္ဘန်တုံးအား စေ့စေ့ကြည့်ကာ....

'မင်းက ကျုပ်ကို ဘယ်အထိ ခေါ်သွားမလို့လဲ'

ကုမ္ဘန်တုံးက ပြုံးလိုက်သည်။

သူက အေးဆေးတည်ငြိမ်စွာဖြင့်....

'အစ်ကိုကြီးကလဲ ဒေါသတယ်ကြီးတာကိုး၊ ကျွန်တော်တို့သွားမယ့်နေရာ ရောက်နေပါပြီ'

ဟု ပြောလိုက်၏။

လုယံက....

'ကဲ....ဒါဖြင့်လဲ မြန်မြန်သွားကြရအောင်'

ဟု လောဆော်လိုက်သည်။

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်၏။

'ကျွန်တော်က ကယ်ပါအာ ာတ်အစားနဲ့ မြို့ထဲဝင်လို့မဖြစ် သေးဘူးဗျ'

လုယိက ဝမ်းဗိုက်အား သက်ဖြင့်ပွတ်ကာ....

'ဟာ....ဒုက္ခပါပဲ၊ ကျုပ်က ဗိုက်ဆာလာပြီဗျ'

ဟု ပြောလိုက်သည်။

ကုမ္ဘန်တုံးက ပြုံးလိုက်သည်။

'အစ်ကိုကြီးက လမ်းဘေးမှာ မစားတတ်ဘူးဆိုရင် မြို့ပြင်မှာရှိတဲ့ စားသောက်ဆိုင်မှာ စားကြတာပေါ့'

လုယိက မျက်မှောင်ကုတ်လိုက်ပြီး....

'မြို့ပြင်မှာ စားသောက်ဆိုင် ရှိပါ့မလား'

ကုမ္ဘန်တုံးက စကားမပြောတော့ပါ။

သူက လုယိ၏လက်ကိုဆွဲကာ ရှေ့မှ လမ်းပြခေါ်ဆောင်သွားလေသည်။



မကြာမီ....

မြို့ပြင်တစ်နေရာရှိ လူစည်ကားသော စားသောက်ဆိုင်သို့ ရောက်ရှိလာကြသည်။

လင်းစာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
အောင် ၄ မြို့
ရန်၊ ၂၁၄၅၅

လုယိက စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ဆိုင်ဆာ့ာင်များက မျက်နှာထား ချိုသာစွာဖြင့်....

'ကြွပါခင်ဗျာ၊ ဘာများ အလိုရှိပါသလဲ'

ဟု ပျူပျူငှာငှာ ဖိတ်ခေါ်လိုက်၏။

လုယိက....

'အမဲသား၊ အရက်နဲ့ ပဲပြားကြော်ယူခဲ့ပါ'

သူကပြောရင်း လွတ်နေသည့် စားပွဲတစ်လုံးတွင် ဝင်ထိုင်ချလိုက်သည်။

ထိုနောက်....

ကုမ္ဘန်တုံးကလည်း ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်သည်။

မကြာမီ....

လုယိ မှာကြားထားသော စားသောက်ဖွယ်ရာများကို စားပွဲထိုးက လာရောက်ချပေးသည်။

ဂုယိက ဟန်မဆောင်နိုင်တော့ဘဲ အားပါးတရ စားသောက်လိုက်သည်။

ကုမ္ဘန်တုံးက လုယိအား ကြည့်၍ပြုံးလိုက်၏။

ထိုနောက်....

သူက စားသောက်ရန် တူနှစ်ချောင်းကို ကောက်ယူလိုက်လေသည်။

ဆိုင်လုလင်က ယခုမှ ကုမ္ဘန်တုံးအား တွေ့သွားဟန်ဖြင့် မျက်လုံးများ ပြူးကျယ်သွားသည်။

'ဟော့....သူတောင်းစား၊ ဆိုင်ထဲက မြန်မြန်ထွက်သွားစမ်း၊ ဧည့်သည်တွေ စားသောက်နေတာကို မင်းက ဝင်မရှုပ်ပါနဲ့'

ဟု ကြိမ်းမောင်းလိုက်သည်။



လုယိက ဆိုင်လုလင်အား ဆတ်ခနဲမော့ကြည့်၍ လက်ကာပြလိုက်သည်။

'သူက ငါ့ညီလေးပါကွာ'

ဟု ပြောလိုက်လေသည်။

ဆိုင်းလုလင်က လုယိ၏စကားကြောင့် မည်သို့ ပြောရမှန်း မသိအောင် ဖြစ်သွား၏။

ကုမ္ဘန်တုံးက မဲ့ပြုံးပြုံးလိုက်ပြီး....

'မင်းက ကျုပ်ကို အထင်သေးတာလား'

ဟု ဆိုင်လုလင်အား မေးလိုက်သည်။

ဆိုင်ဆုလင်က သူ့အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေလေသည်။

ကုမ္ဘန်တုံးက အင်္ကျီအိတ်ထဲမှ ရွှေတုံးတစ်တုံးကို နှိုက်ယူကာ လက်ဝါးပေါ်တွင် ဖြန့်တင်လိုက်သည်။

'ဒီမှာ တွေ့လား....မင်းတို့ တစ်ဆိုင်လုံးကို ဝယ်နိုင်တယ်ကွ....'

ဟု ပြောလိုက်သည်။

ဆိုင်လုလင်၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

သူက ကုမ္ဘန်တုံးအား ကမန်းကတန်း လက်နှစ်ဘက် ဆုပ်ကာ ဂါရဝပြုလိုက်ပြီး....

'စိတ်မရှိပါနဲ့ဗျာ....ကျွန်တော်က မသိလို့ ပြောမိတာပါ'

ဟု တောင်းပန်လိုက်၏။

ကုမ္ဘန်တုံးက ရင်ကော့လိုက်ပြီး....

'ကောင်းပြီ... ဒီတစ်ကြိမ်တော့ မင်းကို ခွင့်လွှတ် လိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ မင်း အလုပ် ပြုတ်သွားအောင် ဆိုင်ရှင်ကို ပြောရလိမ့်မယ်'

ဟု ပြောလိုက်၏။

ဆိုင်လုလင်က သူ့အားဦးညွှတ်လိုက်ပြီး....

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဟု ပြောပြီးသည်နှင့် ချာခနဲလှည့်ကာဆိုင်အနောက်ဘက်သို့ ပြေးလွှားသွားလေသည်။

ကုမ္ဘန်တုံးကဲ သဘောကျစွာပြင့် လက်ခုပ် လက်ဝါးတီးကာ ရယ်မောလိုက်၏။



သူ၏ ရယ်မောသံဆုံးသွားသည်နှင့် သူတို့၏စားပွဲအနီးသို့ ခန္ဓာကိုယ်ထွားကျိုင်းသော သူတစ်ယောက်က အေးစက်စက်မျက်လုံးများဖြင့် လှမ်းကြည့်ကာ....

'သူတောင်းစားက ဘယ်ကရွှေကို သွားခိုးလာတယ် မသိဘူး....

ဟု ပြောလိုက်သည်။

ကုမ္ဘန်တုံးက မျက်မှောင်ကုတ်ကာ ထိုလူအား လှမ်းကြည့်လိုက်ပြီး....

'ခင်ဗျားက ဘာပြောလိုက်တာလဲ၊ ကျုပ်မှာ ဒီလို ရွှေတုံးတွေ အများကြီး ရှိတယ်ဆိုတာ မှတ်ထားစမ်းပါ'

ခန္ဓာကိုယ် ထွားကျိုင်းသောလူထံ ကုမ္ဘန်တုံး၏ မခန့်လေးစားအမူအရာကြောင့် ဒေါသထွက်သွားပြီး....

'မင်းမှာ ရွှေတွေ အများကြီး ရှိတယ်ဆိုရင်လဲ ခိုးလာတာပဲ ဖြစ်မှာပေါ့'

ဟု စွပ်စွဲ ပြောဆိုလိုက်၏။

ကုမ္ဘန်တုံးက ထိုင်ရာမှ ထကာ ခုံးထောက် လိုက်လေသည်။

'ခင်ဗျားက အတော်လူပါးဝပါလား'

ဟု အော်ငေါက်လိုက်သည်။

ခန္ဓာကိုယ် ထွားကျိုင်းသောလူက ဒေါသခြောင်းခြောင်း ထွက်လာကာ ဝှန်းခနဲ မတ်တတ်ရပ်လိုက်၏။

'သူတောင်းစားက ငါ့ကို ဒီလိုပြောရဲ့သလား'

သူက ယင်းသို့ပြောပြီး ကုမ္ဗန်တုံးအနီးသို့ တိုက်ခိုက်ရန် ပြေးလွှား လာလေသည်။

ကုမ္ဗန်တုံးက စားပွဲပေါ်ရှိ တူတစ်ချောင်းကို ကောက်ယူလိုက်ပြီး....

'ဒီတူတွေက ညစ်ပတ်နေပြီ၊ လဲပေးစမ်းယော့'

ဟု အော်ဟစ်ကာ တူကို လွှင့်ပစ်လိုက်သည်။

အမှန်တွင် သူက တူကို ဆိုင်နောက်ဖက်သို့ လွှင်ပစ်လိုက်ခြင်း မဟုတ်ပါချေ။

သူ့ထံ လျှောက်လာနေသော လူသန်ကြီးဆီသို့ လွှင့်ပစ်လိုက်ခြင်းဖြစ်သည်။

တူသည် လျင်မြန်သော အရှိန်အဟုန်ဖြင့် ပစ်လွင့်သွားကာ လူသန်ကြီး၏ ခါးရှိသွေးကြောတစ်နေရာဆီသို့ တိကျစွာထိမှန်သွား၏။



ယင်းတဖက် အချိန်တွင်းမှာပင် ပြေးလွှား လာသော လူသန်ကြီး၏ ခြေလှမ်းများ တုန့်ခနဲ ရပ်ဆိုင်းသွားလေသည်။

ကုမ္ဗန်တုံးက ပြုံးလိုက်ပြီး ခန္ဓာကိုယ် သန်မာထွားကျိုင်းသော လူသန်ကြီးအနီးသို့ လျှောက်သွားကာ လွန်စွာယဉ်ကျေးသိမ်မွေ့သောဟန်ဖြင့်....

'မတော်တဆ ထိမှန်သွားတာပါဗျာ၊ စိတ်မဆိုးပါနဲ့နော်'

ဟု တောင်းပန်ကာ တူကိုကောက်ယူပြီး စားပွဲပေါ်သို့ ပြန်တင်ထားလိုက်၏။

ထို့နောက်....

သူသည် စားပွဲပေါ်မှ အမဲသားနှင့် ပဲပြားကြော်တို့ကို အားပါးတရ စားသောက်လိုက်သည်။

သူတို့နှစ်ယောက် အားပါးတရစားသောက်လိုက်၍ ဗိုက်ပြည့်သွားသည့်တိုင်အောင် လူသန်ကြီးက မလှုပ်မယှက်ရပ်နေသေး၏။

လုယံက အံ့သြသွားသည်။

သူက လူသန်ကြီး မလှုပ်မယှက်ရပ်နေခြင်းမှာ ကုမ္ဗန်တုံး၏ လက်ချက်ဖြစ်ကြောင်း နားလည်လိုက်၏။

ကုမ္ဘန်တုံး၏သိုင်းပညာမှာ အလွန်ပင်လျှို့ဝှက်ဆန်းကျယ်ကြောင်းကိုလည်း နားလည်လိုက်မိသည်။

သူက ကုမ္ဘန်တုံးအား အကဲခတ်ကြည့်လိုက်သည်။

ကုမ္ဘန်တုံးကမူ ဘာမျှမသိသည့်အလား အားပါးတရ စားသောက်နေဆဲပင်။

လုယိက အားတုန့်အားနာ ဖြစ်လာသောကြောင့်....

'ငါ့သြီ သူ့ကို ခွင့်လွှတ်လိုက်ပါတော့ကွာ'

ဟု ကုမ္ဘန်တုံးအား ပြောလိုက်၏။

ကုမ္ဘန်တုံးက ခေါင်းငုံ့ထားလိုက်သည်။

အတန်ကြာမှ...

သူက တိုးညင်းသောအသံဖြင့်....

'အစ်ကိုကြီးရဲ့စကားကို မလွန်ဆန်ချင်လို့ သူ့ကို ခွင့်လွှတ်လိုက်ပါမယ်လေ'

ဟု ပြောဆိုပြီး ထိုင်ရာမှထကာ လူသန်ကြီးဆီသို့ လျှောက်သွားလေသည်။

ထို့နောက်....



လူသန်ကြီး၏ခေါင်းမှ သွေးကြောတစ်နေရာသို့ လက်ညှိုးဖြင့် ထောက်လိုက်သည်နှင့် လူသန်ကြီးက လှုပ်ရှားလာနိုင်လေသည်။

လူသန်ကြီးက ကုမ္ဘန်တုံးအား မကျေမနပ်ဖြင့် ကြည့်လိုက်လေသည်။

ထို့နောက်....

သူသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ စားသောက်ဆိုင်ကလေးအတွင်းမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ကုမ္ဘန်တုံးက ပြုံးလိုက်၏။

လုယိက....

'ကဲ...ကျုပ်တို့ စားသောက်လို့ ပြီးကြပြီ၊ ဘယ်ကိုဆက်သွားမှာလဲ'

ကုမ္ဘန်တုံးက ရုတ်တရက် တစ်စုံတစ်ရာကို သတိရလာမိဟန်ဖြင့်....

'အစ်ကိုကြီး ဒီမှာခဏနေပါဦး၊ ကျွန်တော် ကိစ္စတစ်ခု သတိရလာလို့ အမြန်သွားလိုက်ဦးမယ်'

သူက ပြောပြီးသည်နှင့် လုယ်၏ ပြောလာမည့်စကားကိုပင် မစောင့်တော့ဘဲ စားသောက်ဆိုင်ကလေးအတွင်းမှ ပြေးလွှား ထွက်ခွာသွားလေတော့သည်။

....:....

လုယ်က စားသောက်ဆိုင်အတွင်း၌ ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့ရလေသည်။

အမှန်တွင်....

သူက ဟန်တားရန်ဟန်ပြင်နေစဉ်မှာပင် ကုမ္မန်တုံးက ဆိုင်အပြင်ဘက်ဆီသို့ ထွက်ပြေးသွားခြင်းဖြစ်သည်။

ထို့ကြောင့်....

သူက မည်သို့မျှမတတ်နိုင်တော့ဘဲ နေရာ၌ပင် ငြိမ်သက်စွာထိုင်လျက် ကုမ္မန်တုံးအား စောင့်မျှော်နေသည်။



သို့သော်...

အချိန်အတန်ကြာသည့်အခါ ကုမ္မန်တုံးက ပြန်လည်ရောက်ရှိလာတော့သည်။

ကုမ္မန်တုံး၏ မျက်နှာမှာ ခါတိုင်းနှင့်မတူဘဲ တည်ကြည်လေးနက်နေကြောင်းကို တွေ့မြင်လိုက်ရသဖြင့် လုယ်က အံ့သြသွားမိလေသည်။

သူက ကုမ္မန်တုံးအား ကြည့်ကာ....

'ညီလေး ဘာတွေများဖြစ်လာလို့လဲ'

ကုမ္မန်တုံးက သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက်....

'တော်ခက်တဲ့ ကိစ္စတစ်ခုနဲ့ ကြုံတွေ့နေပြီဗျ'

ဟု ပြောလိုက်သည်။

လုယ်၏ မျက်ခုံးမွေးအစုံက နဖူးပေါ်သို့ ခုန်တက်သွားသည်။

'ဘာကိစ္စဆိုတာ ပြောမပြနိုင်ဘူးလား'

ကုမ္မန်တုံးက....

'ကျွန်တော် ပြောပြပါမယ်၊ ဒါပေမယ့် အပြင်ရောက်မှပဲ ပြောပြပါရစေ'

ဟု ပြောပြီး ဆိုင်အပြင်သို့ ထွက်ခွာသွား၏။

လယိက မနေနိုင်တော့ဘဲ နောက်မှ လိုက်ပါသွားလေတော့သည်။

.... ၀ ....

ရာသီဥတုဘည် နွေလည်ဘက်တွင် ပူအိုက်နေသည်ဟု ထင်ရသော်လည်း ယခုအခါ အေးမြလာသည်။

နေ့လည်ခင်း နေမင်း၏အပူရှိန်က တစ်စထက်တစ်စ လျော့နည်းလာပြီ မဟုတ်ပါလား။

နေ့ခင်းဘက်၌ အပြင်ထွက်ကာ အလုပ်လုပ်နေကြသော လူများမှာ အလုပ်သိမ်းကာ မြို့ထဲသို့ပြန်ရန် ပြင်ဆင်နေကြပြီ ဖြစ်သည်။

မကြာမီ....



ညနေဆည်းဆာအချိန်သို့ ရောက်ရှိလာတော့မည် ဖြစ်၏။

ကုမ္ဘန်တုံးက ရှေ့မှ ခြေလှမ်းသုတ်သုတ် လျှောက်နေလေသည်။

လယိက နောက်မှလိုက်နေ၏။

သို့သော်....

သူတို့က မြို့ထဲသို့ မဝင်ကြပါချေ။

မြို့ပြင်လမ်းအတိုင်း လျှောက်နေကြခြင်း ဖြစ်လေသည်။

မြို့ပြင်လမ်းတစ်လျှောက် လူသူ အရောက်ပေါက်နည်းပါးသည့်တိုင်အောင် ကုမ္ဘန်တုံးက စကားမပြောဘဲ ဆက်လျှောက်နေ၏။

ထို့ကြောင့်....

လယိက သည်းမခံနိုင်တော့ပါချေ။

သူက ရှေ့မှဆက်လျှောက်နေသော ကုမ္ဘန်တုံးအား....

'ဟေ့....ကျုပ်ကို ဘယ်အထိ ခေါ်သွားမလို့လဲ'

ဟု လှမ်းမေးလိုက်သည်။

ကုမ္ဘန်တုံးက ခြေလှမ်းရပ်တန့်လိုက်ပြီး....

'ကျွန်တော်ပြောမယ့်ကိစ္စက မျှော်လင့်ထားတာထက် ပိုပြီး ခက်ခဲနေလို့ပါ'

ဟု ပြောလိုက်၏။

လုယိက သူ၏စကားကို နားမလည်နိုင်သဖြင့် မျက်မှောင် ကုတ်လိုက်သည်။

'ညီလေးပြောနေတဲ့ကိစ္စဟာ ဘာလဲဆိုတာ အရင် ရှင်းပြပါဦး'

ဟု မေးလိုက်သည်။

ကုမ္ဗန်တုံးက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး....

'ခတ်ပန်းဂိုဏ်းမှာ အကြီးကျယ်ဆုံးပြဿနာ ဖြစ်နေတယ် ဆိုတာ အစ်ကိုကြီးသိသလား'

လုယိက မျက်မှောင်ကုတ်လိုက်၏။

'ဘာသတင်းလဲ'

ကုမ္ဗန်တုံးက....

'ခတ်ပန်းဂိုဏ်းချုပ် လုပ်ကြံခံခဲ့ရတယ်ဆိုတဲ့ သတင်းကို အစ်ကိုကြီး ကြားမိသလား'

လုယိက အနည်းငယ် စဉ်းစားလိုက်၏။



ထိုကိစ္စအား သူက ကုမ္ဗန်တုံးနှင့် မတွေ့မီမှာပင် ကြားသိခဲ့ရခြင်း ဖြစ်သည်။

'သိတယ်လေ၊ ခတ်ပန်းဂိုဏ်းချုပ် လုပ်ကြံခံခဲ့ရတဲ့ အပြင် သူ့သမီးလေးတောင်မှ ပျောက်ဆုံးသွားတယ်လို့ ကြားတယ်၊ တချို့ကတော့ အသတ်ခံရတယ်လို့ ပြောနေကြတယ်'

လုယိက ခေါင်းခါယမ်းလိုက်၏။

သူက ခတ်ပန်းဂိုဏ်း၏ကိစ္စမှာ မိမိတို့နှင့် မသက်ဆိုင်ဟု တွေးမိပြီး စကားဆက်လိုက်သည်။

'ထားပါတော့လေ၊ ဒီကိစ္စဟာ ညီလေးအနေနဲ့ ဘယ်လို ပတ်သက်နေလို့လဲ'

ကုမ္ဗန်တုံးက မျက်မှောင်ကုတ်ကာ ကြည့်လိုက်၏။

'ဆိုင်တာပေါ့'

သူ၏အသံက မာဆတ်ဆတ် ဖြစ်နေသည်။

လုယိဟာ အံ့သြစွာဖြင့်ကြည့်လိုက်၏။

သူက ကုမ္ဗန်တုံးအား သေချာစွာကြည့်၍...

'ညီလေးပြောတုန်းက ညီလေးဟာ ကယ်ပါတစ်ယောက် မဟုတ်ဘူးဆို'

ကိုမှန်တုံးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

လုယံက....

'ဒါဖြင့် မင်းက ဘာဖြစ်လို့ ဒါတွေပြောနေရတာလဲ'

ကိုမှန်တုံးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'အစ်ကိုကြီးက လင်ထင်ရှမ်းကို သိတယ်မဟုတ်လား'

လုယံက ခေါင်းညိတ်လိုက်၏။

'သိသားပဲ'

ကိုမှန်တုံးက....

'သူက ကျွန်တော့် အသက်ကို ကယ်ခဲ့တယ်လေ'

လုယံက ခေါင်းညိတ်လိုက်သည်။

သူ့ရှေ့၌ ဘီလူးမ လီရှဲကိုး၏လက်ထဲတွင် ဒုက္ခရောက်နေသော ကိုမှန်တုံးအား လင်ထင်ရှမ်းက အသက်စွန့် ကြိုးပမ်း ကယ်ထုတ်သွားခဲ့သည် မဟုတ်ပါလော။

'ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်သလဲ'



ကိုမှန်တုံးက သက်ပြင်းတစ်ချက်ချလိုက်၏။

'သူက အသက်ကယ်ခဲ့တယ်ဆိုတော့ ခိုင်းတဲ့ကိစ္စကို လုပ်ပေးဖို့ ဝတ္တရားရှိတာပေါ့'

လုယံက အံ့သြသွားမိလေသည်။

'သူက ဘာခိုင်းထားလို့လဲ'

ဟု မေးလိုက်လေသည်။

ကိုမှန်တုံးက....

'ဒီလိုပါ၊ ခတ်ပန်းဂိုဏ်းချုပ် အသတ်ခံရပြီးတဲ့နောက် ဂိုဏ်းချုပ်အသစ်မရွေးမီမှာ အသက်အရွယ်ကြီးပြီး ဂိုဏ်းသားအားလုံး ကြည်ညိုလေးစားရတဲ့ ပုဂ္ဂိုလ်ကြီးသုံးယောက်ကို စုပေါင်းပြီး ခတ်ပန်းဂိုဏ်းရဲ့ ကိစ္စအဝဝကို စီစဉ်ဆောင်ရွက်နေကြတယ်လေ'

လုယံက ခေါင်းညိတ်လိုက်သည်။

'ဒါကို ကျုပ်သိထားပါတယ်'

ကိုမှန်တုံးက....

'ဟုတ်တယ်၊ ကျွန်တော်လဲ ဒီလိုပဲယူဆထားပါတယ်'

လုယံက စိတ်မရှည်တော့ပါချေ။

'ကဲပါလေ၊ အခုမင်းဘာလုပ်မလဲဆိုတာကိုသာပြောပါ'

ကုမ္ဗန်တုံးက သူ၏အမေးကိုမဖြေဘဲ မိမိ ပြောလိုသော စကားများကိုသာ ဆက်ပြောလိုက်လေသည်။

'အခု ခတ်ပန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို တုဘုံးဆိုတဲ့ လူက ဆက်ခံဖို့ အစည်းအဝေးပွဲ ကျင်းပမလို့တဲ့ဗျ'

လယုံက အနည်းငယ်စဉ်းစားလိုက်ပြီး....

'သူက ဂိုဏ်းချုပ်နေရာကို ဆက်ခံဖို့ အခွင့်အရေးရှိနေလို့ လား....'

ဟုမေးလိုက်၏။

ကုမ္ဗန်တုံးက ခေါင်းညိတ်လိုက်သည်။

'နံပါတ်စဉ်အတိုင်းဆိုရင် သူက ဂိုဏ်းချုပ်နေရာကို ဆက်ခံဖို့ အခွင့်အရေးရှိတယ်ဗျ'

လယုံက....

'ဒါဆိုရင် သူကပဲ ဂိုဏ်းချုပ်နေရာကို ဆက်ခံသွားလိမ့်မယ် ထင်တယ်'

ကုမ္ဗန်တုံးက လက်ကာပြလိုက်၏။

'မဟုတ်သေးဘူးဗျ'



လယုံက မျက်မှောင်ကုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ကုမ္ဗန်တုံးက မျက်နှာထားတည်ကြည်စွာဖြင့်....

'သူဟာ လူသတ်သမားလို့ ထင်တယ်'

ဟု ထုတ်ဖော်ပြောဆိုလိုက်၏။

လယုံက အံ့ဩလွန်းသဖြင့် ပါးစပ်ဟောင်းလောင်းဖြစ် သွားရလေသည်။

သူက ကုမ္ဗန်တုံးကို မျက်လုံးပြူး၍ ကြည့်လိုက်၏။

'မင်းက ဘယ်လိုစိတ်ကူးနဲ့ ပြောနေတာလဲ'

ကုမ္ဗန်တုံးက....

'စိတ်ကူးနဲ့ပြောနေတာ မဟုတ်ပါဘူး၊ လင်ရှမ်ထင်းကလဲ ဒီလိုပဲယူဆထားပါတယ်'

လယုံက....

'ဒါဖြင့် သူက ဘာဖြစ်လို့ ထုတ်ဖော်မပြောရတာလဲ'

ကုမ္ဗန်တုံးက....

'စုတုံးဟာ ခေတ်လူတစ်ယောက် မဟုတ်ဘူးဗျ၊ သူ့ကို အရမ်း သွားစွပ်စွဲရင် ဒုက္ခရောက်သွားနိုင်တယ်၊ သက်သေ

အထောက်အထား ခိုင်လုံမှုဖြစ်မှာ၊ ဒါကြောင့် လင်ရှမ်ထင်းက သက်သေခံအထောက်အထားတွေ လိုက်ရှာပြီးရှာဖွေစုဆောင်းနေတယ်လေ’

လုယာ်က ခေါင်းညိတ်လိုက်၏။

‘ကျုပ်နားလည်ပြီ၊ သူက သက်သေအထောက်အထားတွေ ခိုင်လုံမှ ထုတ်ဖော်ပြောဆိုမလို့ ဟုတ်လား’

ကုမ္ဗန်တုံးက ပြုံးလိုက်သည်။

‘အင်း....’

လုယာ်က သူ့အား စေ့စေ့ကြည့်လိုက်သည်။

‘ဒီကိစ္စကို လင်ရှမ်ထင်းက ဆောင်ရွက်နေပြီပဲ၊ ညီလေးက ဘယ်လို သက်ဆိုင်နေလို့လဲ’

သူ၏စကားကြောင့် ကုမ္ဗန်တုံးက မကျေမနပ်ဖြင့်မျက်မှောင်ကုတ်လိုက်သည်။

‘ကျွန်တော် ပြောပြီးပြီမဟုတ်လား၊ ကျွန်တော်က လင်ရှမ်ထင်းကို ကူညီမလို့ပါ’

လုယာ်က မျက်မှောင်ကုတ်လိုက်သည်။

‘ညီလေးက ဘယ်လိုကူညီမှာလဲ’



ကုမ္ဗန်တုံးက....

‘အစ်ကိုကြီးလိုက်ခဲ့ပါ၊ ဟိုရောက်မှ မီးစင်ကြည့်ပြီး ကကြတာပေါ့’

လုယာ်က ရင်ထိတ်သွားသည်။

သူက စိုးရိမ်ကြီးစွာဖြင့် ကုမ္ဗန်တုံးအား ကြည့်လိုက်ပြီး....

‘ဟုတ်မှလဲ လုပ်ပါကွာ၊ ခတ်ပန်းဂိုဏ်းရဲ့ကိစ္စက အတော်ကို ကြောက်စရာကောင်းတယ်ဆိုတာလဲ သတိထားပါဦး’

ဟု ပြောလိုက်သည်။

ကုမ္ဗန်တုံးက ပြုံးလိုက်၏။

‘ဒီအတွက် မပူပါနဲ့၊ ကျွန်တော် အားလုံး စီစဉ်ပြီးသားပါ’

လုယာ်က မတတ်နိုင်တော့ပါချေ။

နောက်ဆုံးတွင် သူက ကုမ္ဗန်တုံး၏ဆန္ဒကို လိုက်လျောလိုက်ရသည်။

‘ကဲ....ဒါဖြင့် ကျုပ်က ဘာလုပ်ပေးရမှာလဲ’

ဟု မေးလိုက်သည်။

ကုမ္ဗန်တုံးက အားပါးတရ ပြုံးလိုက်၏။

'အစ်ကိုက ပထမဆုံး အဝတ်အစား အရင်လဲရလိမ့်မယ်၊ လယ်ယ°၏စကားကြောင့် ကုမ္ဗန်တုံးက ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

သူက ကုမ္ဗန်တုံးအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်ပြီး....

'ကျုပ် ညီလေးနောက်ကိုလိုက်မှာနဲ့ အဝတ်အစားလဲတာ ဘာဆိုင်လို့လဲ'

ဟု မေးလိုက်သည်။

ကုမ္ဗန်တုံးက....

'အစ်ကိုကြီးက ဒီအဝတ်အစားနဲ့ဆိုရင် သူတို့က တစ်မျိုး ထင်နေကြလိမ့်မယ်ဗျ'

လယ်ယ°က သူတို့ဆိုသည်မှာ ခတ်ပန်းဂိုဏ်းသားများအား ပြောဆိုခြင်း ဖြစ်ကြောင်း သဘောပေါက် နားလည်လိုက်လေသည်။

တစ်ဆက်တည်းမှာပင်....

ကုမ္ဗန်တုံးက မိမိအား ခတ်ပန်းဂိုဏ်းသား တစ်ဦးအသွင် ဟန်ဆောင်ခိုင်းထားခြင်း ဖြစ်ကြောင်းကို နားလည်လိုက်မိလေသည်။



သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'အင်း....ကျုပ်ကပါ နေရင်းထိုင်ရင်း ကယ်ပါတစ်ယောက် ဖြစ်ရဦးမှာပါလား'

ဟု ညည်းညူလိုက်၏။

ကုမ္ဗန်တုံးက ပြုံးရင်း သဘောကျဟန်ဖြင့်...

'ဟုတ်တယ်'

လယ်ယ°၏မျက်နှာ ရှုံ့မဲ့သွားသည်။

သို့သော်....

သူက မည်သို့မျှ မတတ်သာတော့ဘဲ....

'ကဲ....ဘယ်မှာလဲ ကယ်ပါအဝတ်အစား'

ဟု မေးလိုက်သည်။

ကုမ္ဗန်တုံးက မည်သို့မျှပြန်မပြောဘဲ လမ်းဘေးရှိ သစ်ပင်ကြီးတစ်ပင်ဆီသို့ လျှောက်သွားသည်။

ထိုသစ်ပင်ကြီး၏ ပင်စည်ကြီးမှာ ကြီးမားပြီး သစ်ခေါင်းပေါက်တစ်ခု ဖြစ်နေသည်။

ကုမ္ဗန်တုံးက ပိုင်နိုင်စွာဖြင့်...

'ကျွန်တော့်လူတွေက သစ်ခေါင်းထဲမှာ အဝတ်အစားအသင့်ထည့်ထားမယ်ဆိုပြီး သတင်းပို့ထားပါတယ်'

သူကပြောရင်း သစ်ခေါင်းပေါက်ထဲသို့ လက်ဖြင့် ကိုင်နှိုက်လိုက်၏။

သူ၏လက်ကို ပြန်လည်ထုတ်လိုက်သောအခါ အဝတ်များ ပါရှိလာသည်။

အဝတ်အစားများမှာ ဟောင်းနွမ်း စုတ်ပြတ်၍ အရောင်အဆင်းပင် မရှိပါချေ။

အဝတ်စုတ်များပင် ဖြစ်သည်။

ကုမ္ဘန်တုံးက အဝတ်အစားများအား သဘောကျစွာ ကြည့်ရင်း ပြုံးနေသည်။

ထို့နောက်....

လုယံဘက်သို့ ကမ်းပေးလိုက်သည်။

'ကဲ....ဒီအဝတ်အစားတွေကို ချွတ်လိုက်ပါ'

လုယံ၏မျက်နှာ ရှုံ့မဲ့သွားသည်။

သို့သော်....

သူက မည်သို့မျှမပြောဘဲ ကမ်းပေးလာသော အဝတ်များကို လှမ်းယူလိုက်သည်။

....၁....

ခတ်ပန်းဂိုဏ်း၏ အစည်းအဝေး

ညသည် မှောင်မည်းနေ၏။

မိုးကောင်းကင်ပေါ်၌ လပြည့်ဝန်း ထွက်ပေါ်လာခြင်း မရှိသည့်အတွက် ပို၍ မှောင်မည်းနေသည်။

ကြယ်ကလေးများ၏ မသဲမကွဲ အလင်းရောင်အောက်တွင် မှိုင်းစုန်နေရှိ ဘုံကျောင်းတစ်ခုကို တွေ့မြင်လိုက်ရ၏။

ဘုံကျောင်း၏ လေးဘက်လေးတန်၌ လူရိပ်များ လှုပ်ရှားသွားလာနေကြသည်။

အမှန်တွင် ထိုဘုံကျောင်း၌ ခတ်ပန်းဂိုဏ်းသားများ၏ အစည်းအဝေး ကျင်းပရန် သတ်မှတ်ထားသော နေရာဖြစ်သောကြောင့် အနှောင့်အယှက်များ ကင်းဝေးစေရန် ခတ်

ပန်းဂိုဏ်းသားများက စောင့်ကြပ်နေကြခြင်း ဖြစ်ပေတော့သည်။

အပြင်ဘက်တွင် မှောင်မည်းနေသော်လည်း ဘုံကျောင်း၏ အတွင်းဘက်တွင်မူ အလင်းရောင်များ ထွက်ပေါ်လျက်ရှိနေသည်။

ဘုံကျောင်းအတွင်း၌ ထွန်းညှိထားသော ဖယောင်းတိုင်မှ မီးအလင်းရောင်များ ထွက်ပေါ်နေသောကြောင့် ဖြစ်လေသည်။

ထိုအလင်းရောင်ကြောင့် ဘုံကျောင်းအတွင်း၌ စားပွဲကုလားထိုင်များ ခင်းကျင်းထားကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုစားပွဲများ၏ အလယ်စားပွဲပေါ်တွင် တံဆိပ်တုံးတစ်ခု တင်ထားသည်။

ယင်းတံဆိပ်တုံးအား ရောင်စုံဖဲကြိုးများဖြင့် လှပစွာဖြင့် ချည်နှောင်ထားသည်။

ခတ်ပန်းဂိုဏ်းသား နှစ်ဆယ်ခန့်တို့သည် စားပွဲ၏ တစ်ဖက်တစ်ချက်တွင် စောင့်ကြပ်နေ၏။

ယင်းလူများမှာ ခတ်ပန်းဂိုဏ်း၏ အဆင့်မြင့် သိုင်းသမားများ ဖြစ်ကြသည်။



တံဆိပ်တုံးတင်ထားသော စားပွဲ၏နံဘေး၌ ကောက်ရိုးများဖြင့် ကျစ်ထားသော ကြိုးတစ်ချောင်းကို ခါးတွင် ချည်နှောင်ထားသော အဘိုးအိုတစ်ဦး ရှိသည်။

ကောက်ရိုးဖြင့် ကျစ်ထားသောကြိုးတွင် အထုံးကလေး ငါးခုရှိနေသဖြင့် ထိုအဘိုးအိုမှာ ယင်းတံဆိပ်တုံးအား ထိန်းသိမ်းသောလူဖြစ်ကြောင်း သိရှိရသည်။

တခြားလူတစ်ယောက်ကမူ ထိုစားပွဲ၌ မတ်တတ်ရပ်နေလေသည်။

သူ၏ခါးတွင် ချည်နှောင်ထားသော ကောက်ရိုးကြိုးမှာမူ အထုံးလေးခြောက်ခု ရှိနေလေသည်။

ထိုလူမှာ....

ခတ်ပန်းဂိုဏ်းချုပ်နေရာအား ဆက်ခံမည့်သူ စုထုံးပင် ဖြစ်သည်။

ဘုံကျောင်းရှေ့ရှိ မြေကွက်လပ်ပေါ်၌ ခတ်ပန်းဂိုဏ်းမှ လူများက ငြိမ်သက်စွာ ရှိနေကြသည်။

ညီမျှများပြားသောလူများက ထိုင်နေကြသည် ဖြစ်သော်ငြားလည်း ပတ်ဝန်းကျင်တစ်ခုလုံး၌မည်သည့်အသံမျှ မကြားရပါချေ။

စုထူးက ငြိမ်သက်စွာထိုင်နေကြသော ခတ်ပန်းဂိုဏ်းသားများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး မနီးမဝေးတွင် ရပ်နေကြသော ခတ်ပန်းဂိုဏ်းသား တစ်ယောက်အား ခေါင်းညိတ်ပြလိုက်သည်။

သူ ခေါင်းညိတ်ပြလိုက်သောလူမှာ အခမ်းအနားမှူးပင် ဖြစ်သည်။

အခမ်းအနားမှူးက စုထူးခေါင်းညိတ်ပြခြင်းကို တွေ့မြင်လိုက်သည်နှင့်....

'အခမ်းအနားကို စတင်....'

သူ၏စကားမဆုံးမီ ရုတ်တရက် ကျယ်လောင်သောအသံတစ်ခု ထွက်ပေါ်လာသည်။

'အထူးကိုယ်စားလှယ် ရောက်ရှိလာပါပြီ'

ထို ကြားဖြတ် အော်လိုက်သောအသံကြောင့် လူအများက အသံဆီသို့ အာရုံပြုကာ ကြည့်လိုက်သည်။

အော်ဟစ်လိုက်သူမှာ သတင်းကိုယ်စားလှယ် တစ်ယောက် ဖြစ်သည်။

ထိုလူသည်....



မည်မျှ လျှို့ဝှက်ခက်ခဲသော သတင်းကိုဖြစ်စေ အလျင်အမြန်သိရှိအောင် ဆောင်ရွက်နိုင်ပြီး ခတ်ပန်းဂိုဏ်းဆီ ရောက်အောင် ပို့နိုင်သောကြောင့် သတင်းကိုယ်စားလှယ်ဟု ခေါ်လိုက်ခြင်း ဖြစ်သည်။

စုထူးက အလွန်အံ့ဩသွားသည်။

'ဟေ့ မင်းက ဘယ်သူလဲ'

သတင်းကိုယ်စားလှယ်က....

'သတင်းကိုယ်စားလှယ်ပါ'

စုထူးက မျက်မှောင်ကုတ်လိုက်ပြီး....

'ဘယ်က သတင်းကိုယ်စားလှယ်လဲ'

သတင်းကိုယ်စားလှယ်က...

'လင်ရှမ်ထင်းရဲ့ သတင်းကိုယ်စားလှယ်ပါ'

ထိုစကား ကြားလိုက်ရသောအခါ စုထူး၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

စုရုံးထိုင်နေကြသော ခတ်ပန်းဂိုဏ်းသားများမှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။

တကယ်ဆိုလျှင်....

လင်ရှမ်းထင်း ပျောက်ဆုံးနေသည်မှာ အတန်ကြာပြီ မဟုတ်ပါလော။

လင်ရှမ်ထင်းသည် ခတ်ပန်းဂိုဏ်း၏ အထူးအာဏာရရှိထား သော လူတစ်ယောက်ဖြစ်၏။

လွန်ခဲ့သော နှစ်အတန်ကြာကတည်းက လင်ရှမ်ထင်း ပျောက်ဆုံးနေသဖြင့် ယခုအခါ ခတ်ပန်းဂိုဏ်းမှ အတွင်း ရေးမှူးက တာဝန်ယူကာ ဂိုဏ်းချုပ်နေရာကို ဆက်ခံရေး အတွက် ဆောင်ရွက်နေခြင်းဖြစ်၏။

အမှန်တွင်....

ယခုကဲ့သို့ အစည်းအဝေး ကျင်းပရန်နှင့် ဂိုဏ်းချုပ်နေရာ အား ဆက်ခံရန် တာဝန်ယူရမည့်လူမှာ လင်ရှမ်ထင်းဖြစ်သည်။

စုထုံးက ကမန်းကတန်း ဣန္ဒြေဆည်လိုက်ပြီး....

'ဝင်လာခဲ့ပါ'

ဟု အမိန့်ပေးလိုက်သည်။

သူ၏ စကားသံဆုံးသည်နှင့် သတင်းကိုယ်စားလှယ်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး...



'အထူးကိုယ်စားလှယ်များ ကြွလာကြပါခင်ဗျာ'
ဟု အော်ဟစ်လိုက်သည်။

သူ၏စကားသံ ဆုံးသည်နှင့် အသက်ငယ်ရွယ်သော ခတ်ပန်း ဂိုဏ်းသား နှစ်ယောက်က လူအုပ်ကြားမှ ဖြတ်လျှောက်လာလေ သည်။

သူတို့က ဘုံကျောင်းအတွင်းသို့ ရောက်ရှိလာသည်နှင့် စုထုံးရှေ့တွင် ရပ်တန့်လိုက်ကြသည်။

သူတို့သည် စုထုံးအား အမှိုအသေပေးခြင်းကို တွေ့မြင် လိုက်သောအခါ တာဝန်ခံ အခမ်းအနားမှူးက မျက်မှောင် ကုတ်သွားသည်။

'မင်းတို့က ဘယ်ဌာနခွဲကလဲ'

ဟု အေးစက်စက်လေသံဖြင့် မေးလိုက်သည်။

အမှန်တွင်....

ထို ဝင်ရောက်လာသော လူရွယ်နှစ်ယောက်မှာ လုယိနှင့် ကုမ္ပန်တိုးပင် ဖြစ်၏။

ကုမ္ပန်တုံးက....

'ကျုပ်တို့က ဘယ်ဌာနခွဲကမှ မဟုတ်ဘူး၊ လက်ထောက် ဂိုဏ်းချုပ် လင်ရှမ်ထင်းရဲ့ တာဝန်ခံတွေပါ'

သူ၏ကောင်းကို ကြားလိုက်ရသောအခါ တာဝန်ခံက အံ့ဩသွားပြီး....

'မင်းတို့မှာ အမှတ်အသားပါသလား'

ဟု မေးလိုက်သည်။

ကုမ္ဘန်တုံးက မဲ့ပြုံးပြုံးလိုက်ပြီး အသင့်ပါလာသော တုတ်တစ်ချောင်းကို လူအများမြင်သာအောင် ထောင်ပြလိုက်သည်။

တာဝန်ခံမှာ ထိုတုတ်ကိုတွေ့မြင်လိုက်သည်နှင့် မျက်လုံးများပြူးကျယ်သွားလေသည်။

သူက မယုံကြည်နိုင်စွာဖြင့် ကုမ္ဘန်တုံးအား ကြည့်ပြီး လက်နှစ်ဘက်ဆုပ်ကာ....

'ကျုပ်....တာဝန်ခံက လေးစားပါတယ်'

ဟု ပြောလိုက်သည်။

ကုမ္ဘန်တုံး ကိုင်ထားသောတုတ်မှာ ခွေးရိုက်တုတ်ဖြစ်လေသည်။

ခွေးရိုက်တုတ်အား မြင်တွေ့လိုက်သည်နှင့် ခတ်ပန်းဂိုဏ်းသားအားလုံးက ထိုင်ရာမှထကာ ဦးညွှတ်၍ ဂါရဝပြုလိုက်၏။

စုထုံး၏မျက်နှာကွက်ခနဲ ပျက်သွားသည်။



ကုမ္ဘန်တုံးက လူငယ်အားကြည့်ကာ....

'ခင်ဗျားတို့ ညီလာခံကိုလာကြတဲ့ ကိုယ်စားလှယ်တွေလား'

ဟု မေးလိုက်၏။

ကုမ္ဘန်တုံးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ကျုပ်တို့မှာ အမိန့်ပါလာလို့ ဒီကို လာခဲ့တာပါ'

စုထုံးက မျက်မှောင်ကုတ်လိုက်ပြီး....

'ဘာအမိန့်လဲ'

ဟု မေးလိုက်သည်။

ကုမ္ဘန်တုံးက အသံကျယ်လောင်စွာဖြင့်....

'အခုကျင်းပနေတဲ့ အစည်းအဝေးကိုရပ်လိုက်ပါ၊ ခတ်ပန်းဂိုဏ်းရဲ့ ခေါင်းဆောင်သုံးယောက်ကို သတ်သွားတဲ့ တရားခံကို ဖော်ထုတ်ရမယ်'

ဟု ပြောလိုက်သည်။

သူ၏အသံဆုံးသည်နှင့် ခတ်ပန်းဂိုဏ်းသားများမှာ တစ်ယောက်တစ်ပေါက် ပြောဆိုသံများဖြင့် ဆူညံသွားကြလေသည်။

စုထုံးက ရှုတ်ရှုတ်သဲသဲဖြစ်သွားသည့် ခတ်ပန်းဂိုဏ်းသားများကိုကြည့်ကာ လက်ကို အပေါ်သို့ မြှောက်ပြလိုက်ပြီး....

'အားလုံး ငြိမ်ကြပါ'

ဟု အမိန့်ပေးလိုက်လေသည်။

ခတ်ပန်းဂိုဏ်းသားများအသံမှာ မီးကို ရေနှင့် ငြိမ်းလိုက်သည့်အလား တိတ်ဆိတ်သွားကြသည်။

စုထုံးက ခတ်ပန်းဂိုဏ်းသားများ ငြိမ်သက် သွားတော့မှ အသံကျယ်လောင်စွာဖြင့်....

'ဘယ်လိုနည်းနဲ့မှ ဒီအစည်းအဝေးကို ရပ်လို့ မဖြစ်ပါဘူး....'

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် ကုမ္ဗန်တုံးက မခံမရပ်နိုင်အောင်ဖြစ်သွားကာ လက်ထဲမှ ခွေးရိုက်တုတ်အား မြှောက်ပြလိုက်လေသည်။

'ဒီမှာ ဂိုဏ်းချုပ်အမှတ်အသားကို တွေ့တယ်မဟုတ်လား၊ ဒီအမှတ်အသားကို နားထောင်ရမယ်ဆိုတာမသိဘူးလား'

ဟု မေးလိုက်၏။

စုထုံးက ခေါင်းခါယမ်းလိုက်သည်။



'ဒါတော့ ကျုပ်နားမလည်ဘူး'

ဟု ပြောလိုက်သည်။

သူ၏ဇွတ်ပြောလိုက်သောစကားကြောင့် ကုမ္ဗန်တုံးတအံ့သြသွားသည်။

'ခင်ဗျားက အမိန့်ကို မနာခံတဲ့ သဘောလား'

စုထုံးက မဲ့ပြုံးပြုံးလိုက်ပြီး....

'ဒီမှာ....ကျုပ်ဟာ ဂိုဏ်းချုပ်နေရာကို ဆက်ခံမယ့်လူတစ်ယောက်ပဲ၊ အခုချိန်မှာ ကျုပ်က ခတ်ပန်းဂိုဏ်းရဲ့ အမြင့်ဆုံးတာဝန်ကို ယူထားရတဲ့အတွက် မင်းကကျုပ်ကို လာနှောင့်ယှက်တာဟာ အပြစ်ဒဏ် ခံရလိမ့်မယ်'

ဟု တင်းမာသောလေသံဖြင့် ပြောလိုက်သည်။

ကုမ္ဗန်တုံးက လက်ထဲမှ ခွေးရိုက်တုတ်အား အများ မြင်သာအောင် မြှောက်ပြလိုက်ပြီး ...

'ဒီမှာကြည့်၊ ဒီတုတ်ဟာ ခတ်ပန်းဂိုဏ်းရဲ့အမြင့်ဆုံး အမှတ်အသားတစ်ခုဆိုတာ ဘယ်သူကမှ မငြင်းနိုင်ပါဘူး'

ဟု ပြတ်သားစွာ ပြောလိုက်သည်။

တံဆိပ်တုံး ထိန်းသိမ်းထားရသောအဘိုးအိုကကြောက်ရွံ့တုန်လှုပ်စွာဖြင့်....

'စုထူး....အစည်းအဝေးကို ခေတ္တရပ်ဆိုင်းထားပြီး လင်းရှမ်ထင်း ပြန်ရောက်ရှိလာမယ့် အချိန်ထိ ရွှေ့ဆိုင်းထားရင် ကောင်းမယ်ထင်တယ်'

ဟု အကြံပေး ပြောလိုက်၏။

သူ၏အကြံပေးချက်ကို စုထူးက လက်မခံနိုင်ပါချေ။

သူက ခေါင်းခါယမ်းလိုက်ပြီး....

'မဖြစ်နိုင်ပါဘူး၊ ကျုပ်ရဲ့ဂိုဏ်းမှာလူကြီးမှမရှိဘဲ ဘယ်သူကလာပြီး ထိန်းသိမ်းမှာတဲ့လဲ၊ လင်ရှမ်ထင်းက ဘယ်အချိန်မှ ပြန်လာမယ်မှန်း မသိဘဲ စောင့်နေရရင် ဘယ်တော့မှအစည်းအဝေး ကျင်းပနိုင်တော့မှာ မဟုတ်ဘူး'

ကုမ္ဘန်တူးက သူ့အား စေ့စေ့ကြည့်လိုက်၏။

'ဒီမှာ... ခတ်ပန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်မှူးသုံးယောက် သေဆုံးရတဲ့ကိစ္စဟာ သွေးရိုးသားရိုး သေဆုံးတာ လုံးဝ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့်....ဂိုဏ်းချုပ်နေရာကိုဆက်ခံဖို့ထက် တရားခံကို ဖော်ထုတ်ဖို့က ပိုအရေးကြီးပါတယ်'

ဟု ပြတ်သားစွာ ပြောလိုက်၏။

စုထူးက ဒေါသခြောင်းခြောင်း ထွက်လာ၏။



'ဟော့....မင်းက လူကြီးတွေ စီစဉ်တာကို လာပြီး နှောင့်ယှက်နေတာလား ကွ'

သူက ယင်းသို့ပြောရင်း နံဘေး၌ အသင့် အနေအထား စောင့်ကျပ်နေသည့် ခတ်ပန်းဂိုဏ်းမှ လူနှစ်ယောက်အားလက်တစ်ချက်ဝေ့ယမ်းပြလိုက်ပြီး ...

'ဟော့....သူ့ကို ဖမ်းလိုက်ကြစမ်း'

ဟု အမိန့်ပေးလိုက်သည်။

ခတ်ပန်းဂိုဏ်းသားနှစ်ယောက်က သူ၏အမိန့်ပေးသံ ဆုံးသည်နှင့် ရှေ့သို့ခုန်ထွက်လာကာ ကုမ္ဘန်တူးထံသို့ လျှောက်လာသည်။

ကုမ္ဘန်တူးက ခွေးရိုက်တုတ်အား မြှောက်ပြကာ အသံကျယ်လောင်စွာဖြင့်....

'ရပ်လိုက်'

ဟု အော်ဟစ်လိုက်လေသည်။

သူ၏စကားကြောင့် လျှောက်လာသောခတ်ပန်းဂိုဏ်းသားနှစ်ယောက်မှာခြေလှမ်းတုန့်ခနဲရပ်သွားကြကာ ခွေးရိုက်တုတ်အား မျက်လုံးပြူး၍ ကြည့်ရှုနေသည်။

မုထုံးက အခြေအနေ မဟန်ကြောင်း သိရှိလိုက်သည်နှင့် မည်သို့မျှ မတတ်သာတော့ဘဲ တင်းမာသော လေသံဖြင့်...

'ဟေ့....သူ့ကို ဖမ်းလိုက်'

ဟု ထပ်မံအမိန့်ပေးလိုက်လေသည်။

ခတ်ပန် ဂိုဏ်းသား နှစ်ယောက်မှာ မည်သို့မျှ မဘတ်နိုင်တော့သဖြင့် ကုမ္မန်တုံးအား ဖမ်းချုပ်ရ ဟန်ပြင်လိုက်ကြလေသည်။

အခမ်းအနားမှူးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး...

'မလုပ်ကြပါနဲ့ဗျာ....အေးအေးဆေးဆေး ဆွေးနွေးရင့်လဲ ရနိုင်ပါတယ်'

ဟု ဖျောင့်ဖျ ပြောဆိုလိုက်၏။

သို့သော်....

ခတ်ပန်းဂိုဏ်းသားနှစ်ယောက်က နားမထောင်ဘဲ ကုမ္မန်တုံးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်။

ကုမ္မန်တုံးက မအေးဆေး တည်ငြိမ်စွာဖြင့် ခွေးရိုက်တုတ်အားမြှောက်ပြကာ လုယံအားစိုက်ကြည့်၍....



'ကျုပ်အမိန့်ပေးနေတယ်၊ ဒီလူနှစ်ယောက်ဟာ ဂိုဏ်းချုပ်ရဲ့အထိမ်းအမှတ်ဖြစ်တဲ့ ခွေးရိုက်တုတ်ကို မလေးစားတဲ့အတွက် သတ်ပစ်လိုက်ပါ'

ဟု အမိန့်ပေးလိုက်လေသည်။

လုယံက မတတ်သာတော့ပါချေ။

သူက ကုမ္မန်တုံးအား ဦးညွှတ်လိုက်ပြီး....

'အမိန့်အတိုင်းပါ'

ဟု ပြောကာ မတတ်သာတော့ဘဲ ဝင်ရောက်လာသော ခတ်ပန်းဂိုဏ်းသားနှစ်ယောက်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ မမျှော်သင့်ဘဲ တိုက်ခိုက်ရန် အခြေအနေ ဖြစ်လာသောကြောင့် ခတ်ပန်းဂိုဏ်းသားအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။

ကုမ္မန်တုံးက ရင်ထိတ်သွား၏။

သူက တိုက်ခိုက်ရန် ဟန်ပြင်နေသော လုယံအား ဟန့်တားရန် သင့်မသင့်ကို စိတ်ထဲ၌စဉ်းစားရင်း ဝေခွဲမရဖြစ်နေလေသည်။

ယင်းတဒင်္ဂအချိန်အတွင်းမှာပင် မီးတုတ်များ၌ ထွန်းညှိထားသော မီးတုတ်များနှင့် စားပွဲပေါ်ရှိ ဖယောင်းတိုင်မီးခိုးများမှာ လေတစ်ချက် ဝေ့ယမ်းတိုက်ခိုက်လာသဖြင့် ငြိမ်းသွားလေသည်။

အလယ်စားပွဲပေါ်ရှိ တံဆိပ်တုံးပေါ်တွင် ထွန်းညှိထားသော ဖယောင်းတိုင်တစ်ခုသာ ဘုံကျောင်းထဲ၌ အလင်းရောင်ပေးနေလေသည်။

သို့သော် နောက်ထပ်လေတစ်ချက် ဝေ့ယမ်းလာကာ တံဆိပ်တုံးတင်ထားသော စားပွဲပေါ်မှ ဖယောင်းတိုင်၏ မီးများ ငြိမ်းသွားပြန်သည်။

ဖယောင်းတိုင်မီး ငြိမ်းသွားသည်နှင့် တစ်ပြိုင်နက် အခန်းတစ်ခုလုံး မှောင်မည်းသွားလေသည်။

အမှောင်ထဲ၌ ဆူညံစွာ အော်ဟစ်လိုက်သော အသံများကို ကြားလိုက်ရသည်။

ထိုအချိန်....

လျယ်ဝိက လူရိပ်တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

ယင်း လူရိပ်သည် လျှင်မြန်သောအဟုန်ဖြင့် ဘုံကျောင်း၏ ပြတင်းပေါက်မှ ခုန်ထွက်ကာ ဘုံကျောင်းခေါင်မိုးပေါ်သို့ ခုန်တက်သွားခြင်းကို တွေ့မြင်လိုက်ရလေသည်။



ထိုအချိန်....

ခတ်ပန်းဂိုဏ်းသားများက မီးများထွန်းညှိလိုက်ကြသဖြင့် ဘုံကျောင်းတစ်ခုလုံး လင်းထိန်သွားလေသည်။

ဘုံကျောင်းတစ်ခုလုံး လင်းထိန်သွားသည်နှင့်တစ်ပြိုင်နက် တံဆိပ်တုံးတာဝန်ခံ အဘိုးအိုက တံဆိပ်တုံးတင်ထားသော စားပွဲကို ကြည့်ကာ ထိတ်လန့်တုန်လှုပ်သွားပါလေသည်။

သူက အသံကျယ်လောင်စွာဖြင့်....

'လုပ်-လုပ်ကြပါဦး၊ တံဆိပ်တုံးပျောက်ဆုံးသွားပြီ'
ဟု အော်ဟစ်လိုက်လေသည်။

ထိုစကားကြောင့် ဘုံကျောင်းတစ်ခုလုံး ပွက်လောရိုက်ကာ ဆူညံသွားလေသည်။

တံဆိပ်တုံးထိန်းသိမ်းသောတာဝန်ခံက မျက်နှာတစ်ခုလုံး သွေးရောင်ပင်မရှိတော့ဘဲ....

'အားလုံး လူစုခဲ့ပြီး ရှာကြစမ်း'
ဟု အော်ဟစ်လိုက်လေသည်။

ဝူထုံး၏မျက်နှာတစ်ခုလုံး လူသေတစ်ယောက်၏ မျက်နှာအလား အေးစက်နေပြီး နေရာတွင် မလှုပ်မယှက် ရပ်နေလေသည်။

ခတ်ပန်းဂိုဏ်းသားများမှာ ရှုတ်ရှုတ်သဲသဲဖြစ်ကာ အရပ်လေးမျက်နှာသို့ လူစုခွဲပြီး ရှာဖွေနေကြလေသည်။

လယိက အခြေအနေမဟန်ကြောင်း သိရှိလိုက်သောကြောင့် ကုမ္မန်တုံး၏လက်ကို ဆွဲလိုက်ပြီး....

'လာ... ကျုပ်တို့ပြေးကြစို့'

ဟုပြောလိုက်၏။

မီးမှောင်သွားစဉ် ပြေးလွှား ထွက်ခွာသွားသော လူရိပ်ပြေးလွှားသွားသည့် နေရာဆီသို့ ပြေးထွက်သွားလေတော့သည်။

ကုမ္မန်တုံးကလည်း ဘုမသိဘမသိဖြင့် ပြေးလွှားလိုက်ပါသွားရလေတော့သည်။



လယိနှင့် ကုမ္မန်တုံးတို့သည် အတန်ကြာ ပြေးလွှားလာမိသောအခါ မြေကွက်လပ်တစ်ခုဆီသို့ ရောက်ရှိလာကြလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး၌ ချုံနွယ်သစ်ပင်များက ကင်းရှင်းနေလေသည်။

လပြည့်ဝန်းက ကောင်းကင်ပေါ်၌ ထွက်ပေါ်လာပြီဖြစ်၏။

ပတ်ဝန်းကျင်တစ်ခုလုံး လရောင်ဖြင့် ထင်လင်းစွာ တွေ့မြင်နေရလေသည်။

မြေကွက်လပ်အနီး၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။

လယိက ပြေးလွှားနေသောခြေလှမ်းများအား ရပ်တန့်ကာ ကုမ္မန်တုံးအား ကြည့်လိုက်၏။

'တံဆိပ်တုံး ဘယ်သူခိုးသွားသလဲဆိုတာ သိသလား'

ဟုမေးလိုက်လေသည်။

ကုမ္မန်တုံးက ခေါင်းခါယမ်းလိုက်၏။

'ဘယ်သိပါ့မလဲ'

လူယိုက....

'လူတစ်ယောက်က လာခိုးသွားတာဗျ'

ကုမ္ဘန်တုံးက အလွန်အံ့ဩသွားလေသည်။

'ဟုတ်လား၊ အဲဒီလူက ဘယ်သူလဲဗျ'

လူယိုက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

ကုမ္ဘန်တုံးက ခြေတစ်ချက်ဆောင့်လိုက်သည်။

'ဒါနဲ့ အစ်ကိုကြီးကပြောတော့ လူတစ်ယောက် ခိုးသွားတယ်ဆို'

လူယိုက သက်ပြင်းတစ်ချက်ချလိုက်၏။

'ဟုတ်တယ်၊ မီးရောင်လဲမှောင်သွားတာနဲ့ လူတစ်ယောက်က ပြူတင်းပေါက်ကနေခုန်ဝင်လာပြီး တံဆိပ်တုံးကို ယူပြေးသွားတာပဲ၊ သူ့ရဲ့လှုပ်ရှားမှုက သိပ်မြန်လွန်းတော့ ဘယ်သူလဲဆိုတာ သေသေချာချာ မတွေ့လိုက်ရဘူး'

ဟု ရှင်းပြလိုက်သည်။

ကုမ္ဘန်တုံးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။



'အင်း....သည်လောက် လူအများကြီးထဲမှာ တံဆိပ်တုံးကို ရအောင်ခိုးနိုင်တဲ့လူဟာ ခေတဲ့လူတော့မဖြစ်နိုင်ဘူး'

ဟု မှတ်ချက်ချလိုက်၏။

လူယိုက မျက်မှောင်ကုတ်လိုက်သည်။

'ငါတော့ စုထုံးကိုမသင်္ကာဘူး'

ကုမ္ဘန်တုံးက သူ့အား တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ကြည့်ကာ...

'အစ်ကိုကြီး၊ ကျွန်တော်တို့ ဘာဆက်လုပ်ရင်ကောင်းမလဲ'

ဟု အကြံတောင်းလိုက်လေသည်။

လူယိုက အနည်းငယ် စဉ်းစားလိုက်၏။

'ဒီကိစ္စထဲမှာ ကျုပ်တို့ဝင်မရှုပ်ရင် ကောင်းလိမ့်မယ်ထင်တယ်'

ဟု ပြောလိုက်လေသည်။

ကုမ္ဘန်တုံးက လက်နှစ်ဘက်ဆုပ်ကာ ဂါရဝ ပြုလိုက်လေသည်။

သူက နားမလည်နိုင်ဘဲ....

'ညီလေး....ဘယ်လိုလုပ်လိုက်တာလဲ'

ဟု မေးလိုက်သည်။

ကုမ္ဗန်တုံး၏ မျက်မှာပေါ်တွင် ဝမ်းနည်း ကြေကွဲသော အရိပ်အယောင်များ ပေါ်လွင်လာသည်။

သူက လက်နှစ်ဘက်ဆုပ်ကာ အခါခါဦးညွတ်ရင်း....

'ဒီကိစ္စကို အကူအညီပေးပါလို့ ကျွန်တော်ကတောင်းပန်ပါတယ်'

ဟုပြောလိုက်သည်။

လုယဝ် က မျက်မှောင်ကုတ်လိုက်၏။

'ဒီကိစ္စက ညီလေးနဲ့ ဘယ်လိုများ သက်ဆိုင်နေလို့လဲ'

ဟု နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

ကုမ္ဗန်တုံးက အတန်ကြာအောင်လဝန်းကို ငေးမောကြည့်နေပြီးမှ....

'သက်ဆိုင်နေဆို့ပေါ့ဗျာ'

ဟု တစ်ခွန်းချင်း ပြောလိုက်၏။

လုသဝ်က နားမလည်နိုင်စွာဖြင့်....

'ဘယ်လိုသက်ဆိုင်နေတယ်ဆိုတာ ပြောပါဦး'

ဟု မေးလိုက်၏။



ကုမ္ဗန်တုံးက သူ့အား အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ....

'လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်ကျော် ကာလတုန်းဆီက ခတ်ပန်းဂိုဏ်းချုပ်ကို မသိမသာတဲ့လူတစ်ယောက်က လုပ်ကြံ ခဲ့ပါတယ်၊ ခတ်ပန်းဂိုဏ်းချုပ်ရဲ့သမီးက ဒီလူကို တွေ့ရှိသွားလို့ ထွက်ပြေးတိမ်းရှောင်သွားတယ်လေ'

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'လူသတ်သမားက လူသတ်မှုပေါ်မှာစိုးလို့ သူ့ရဲ့ လူယုံတော်တစ်ယောက်ကို စေလွှတ်ပြီး ခတ်ပန်းဂိုဏ်းချုပ်ရဲ့သမီးကို သတ်ခိုင်းလိုက်တယ်၊ ဒါကြောင့်...ခတ်ပန်းဂိုဏ်းချုပ်ရဲ့ သမီးဟာ အသက်မသေအောင် ထွက်ပြေးတိမ်းရှောင် နေရတယ်လေ'

ဟု ရှင်းပြလိုက်သည်။

လုယဝ်က မျက်မှောင်ကုတ်ကာ ...

'ခတ်ပန်းဂိုဏ်းချုပ်ရဲ့သမီးက လူသတ်သမားဟာ ဘယ်သူဆိုတာ သိတာပေါ့ ဟုတ်လား'

ကုမ္ဗန်တုံးက ခေါင်းညိတ်လိုက်၏။

'သိပ်သိတာပေါ့ဗျာ'

လုယိက ဘဝင်မကျဟန်ဖြင့်....

'ဒါဆိုရင် သူက ဘာဖြစ်လို့ လူသတ်သမားကို ဖွင့်မပြောတာ'

ကုမ္မန်တုံးက အဝေးသို့ ရီဝေစွာဖြင့် ငေးမောကြည့်လိုက်ပြီး....

'သူ့မှာ အားကိုးရမယ့်လူ မရှိဘူးလေ၊ သူက အသက်ဘေးမှ ရှောင်တိမ်းနေရလို့ ဘယ်သူ့ကိုသွားပြီး ဖွင့်ပြောရမှာလဲ'

လုယိက ပါးစပ်ပိတ်ထားလိုက်ရ၏။

သူက ဤပြဿနာအတွက် မည်သို့မျှ မပြော တတ်အောင် ဖြစ်သွားရသည်။

အတန်ကြာမှ....

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ဒါဆိုရင် ကျုပ်က ဒီပြဿနာကို ကူညီပေးပါ့မယ်၊ ဒါပေမယ့်...'

ကုမ္မန်တုံးက....

'ဒါပေမယ့်....ဘာဖြစ်သလဲ'



လုယိက....

'ကျုပ်ကို ခတ်ပန်းဂိုဏ်းချုပ်ရဲ့ သမီးနဲ့ တွေ့ပေးပါ၊ သူက ကျုပ်ကို လူသတ်သမားဟာ ဘယ်သူဘယ်ဝါဆိုတာ ပြောပြမှ ကျုပ်က အကူအညီ ပေးနိုင်မယ်'

ကုမ္မန်တုံးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ၊ ကျွန်တော်က အစ်ကိုကြီးနဲ့ ခတ်ပန်းဂိုဏ်းချုပ်ရဲ့ သမီးကို တွေ့ပေးပါ့မယ်'

လုယိက မျက်မှောင်ကြုတ်လိုက်သည်။

'ခတ်ပန်းဂိုဏ်းချုပ်ရဲ့သမီးက ရန်သူ့ လက်ထဲက ရှောင်ပြေးနေတာဆိုတော့ သူဘယ်မှာရှိတယ်ဆိုတာ ရှာဖို့မလွယ်ဘူးထင်တယ်'

ကုမ္မန်တုံးက ခက်ကာပြုံလိုက်ပြီး....

'ဒီအတွက် စိတ်မပူပါနဲ့၊ ခတ်ပန်းဂိုဏ်းချုပ်ရဲ့သမီး ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်သိထားပါတယ်'

လုယိက အံ့သြသွားလေသည်။

သူက ကုမ္မန်တုံးအား ကြည့်လိုက်ပြီး....

'ညီလေးက သူရှိတဲ့နေရာကို သိတယ် ဟုတ်လား'

ဟု မေးလိုက်၏။

ကုမ္ဘန်တုံးက ခေါင်းညိတ်ပြလိုက်သည်။

လုယ°က သက်ပြင်းတစ်ချက် ချလိုက်၏။

'အင်း....ဒီမိန်းကလေးရဲ့ ဘဝဟာလဲ ကျုပ်ဘဝလို ပါပဲလား နော်'

ဟု တီးတိုး ရေရွတ်လိုက်လေသည်။

ကုမ္ဘန်တုံးက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'အစ်ကိုကြီးက ဒီကိစ္စကို ကူညီမယ် မဟုတ်လား ဟင်'

လုယ°က ခေါင်းညိတ်လိုက်သည်။

'ကျုပ်က ကူညီချင်ပါတယ်၊ ဒါပေမယ့်....'

ကုမ္ဘန်တုံးက မျက်မှောင်ကုတ်လိုက်၏။

'ဒါပေမယ့်....ဘာဖြစ်သလဲ'

လုယ°က....

'ကျုပ်က ဖခင်ကိုသတ်သွားတဲ့ တရားခံကို ထုတ်ဖော်ရပါဦးမယ်'

ကုမ္ဘန်တုံး၏မျက်နှာ တည်ကြည်လေးနက်လာသည်။

'ကျွန်တော် စကားတစ်ခွန်းပြောပါရစေ'



လုယ°က ခေါင်းညိတ်လိုက်၏။

'ပြောပါ'

ကုမ္ဘန်တုံးက....

'ကျွန်တော်တို့ ခတ်ပန်းဂိုဏ်းရဲ့ ကိစ္စကို အမှန်အတိုင်း ဖြစ်အောင် ကူညီပေးပြီး ခတ်ပန်းဂိုဏ်းရဲ့ အင်အားကို ယူမယ်၊ နောက်တော့မှ အစ်ကိုကြီးအဖေကို သတ်တဲ့ လူသတ်တရားခံကို ဖော်ထုတ်ဖို့ ခတ်ပန်းဂိုဏ်းမှာ အကူအညီ တောင်းတယ်ဆိုရင် ခတ်ပန်းဂိုဏ်းက ကူညီမှာပါ'

ဟု အကြံပြုလိုက်၏။

လုယ°က အတန်ကြာအောင် ငြိမ်သက်စွာစဉ်းစားနေပြီးမှ ကုမ္ဘန်တုံးပေးသော အကြံအစည်မှာ အလွန်သင့်လျော်နေသဖြင့် ခေါင်းညိတ်ကာ လက်ခံလိုက်လေတော့သည်။

ကုမ္ဘန်တုံးက ဝမ်းသာသွားသည်။

'ကောင်းပြီ၊ ကျွန်တော်တို့ သွားကြစို့'

လုယ°က မျက်မှောင်ကုတ်လိုက်လေသည်။

'ဘယ်ကိုသွားကြမှာလဲ'

ကုမ္ဘန်တုံးက ပြုံးလိုက်ပြီး....

'ခတ်ပန်းဂိုဏ်းချုပ်ရဲ့ သမီးဆီကိုပေါ့'

ဟု တစ်ခွန်းချင်းပြောလိုက်လေတော့သည်။

..... .....

## ပျောက်ဆုံးနေသောမိခင်

လုယ°နှင့် ကုမ္ဗန်တုံးတို့သည် စကားတစ်ခွန်းမျှ မပြော တော့ဘဲ လျှောက်လာခဲ့ရာ မြေကွက်လပ်မှ အတန်ဝေးဝေး သို့ ရောက်ရှိလာလေသည်။

မကြာမီ....

သူတို့က တောအုပ်တစ်ခုဆီသို့ ရောက်ရှိလာကြလေသည်။

လုယ°က ကုမ္ဗန်တုံးဘက်သို့လှည့်ကာ....

'ညီလေး၊ ခတ်ပန်းဂိုဏ်းချုပ်ရဲ့သမီးနေတဲ့နေရာက တော် တော် ဝေးသေးသလား'

ဟု မေးလိုက်လေသည်။



ကုမ္ဗန်တုံးက စကားပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် တောအုပ်အတွင်းမှ မိန်းကလေးတစ်ယောက် ထွက်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုမိန်းကလေးအား တွေ့မြင်လိုက်သည်နှင့် လုယ° အံ့ဩ သွားမိလေသည်။

တောအုပ်ကလေးထဲမှ ထွက်လာသော မိန်းကလေးမှာ အိမ်အိုကြီးထဲ၌ တွေ့ခဲ့ရသည့် ရှိ့ရှိ့ဖြစ်နေသည် မဟုတ်ပါ လော။

ရှိ့ရှိ့က လုယ°အား တွေ့မြင်လိုက်သောအခါ လှပစွာ ပြုံးပြလိုက်၏။

ထို့နောက်....

သူမက လုယ°ထံသို့ ဝမ်းသာအားရ လျှောက်လာလေ သည်။

'အတော်ပဲ၊ ရှင့်ကို ပြောစရာရှိလို့ရှင့်'

ဟု ခရီးရောက်မဆိုက် ပြောလိုက်လေသည်။

လုယီက အံ့ဩသွားမိသောသည်။

'ဘာပြောမလို့လဲ'

ရှိ့ရှိ့က ကုမ္ဗန်တုံးအား တစ်ချက်ကြည့်လိုက်ပြီး....

'ကျွန်မပြောမယ့်စကားဟာ လျှို့ဝှက်ချက်တစ်ခု ဖြစ်နေတာကြောင့် သူတစ်ပါးရှိလို့ မဖြစ်ပါဘူး'

လုယိက မျက်မှောင်ကုတ်လိုက်သည်။

'ခင်ဗျား ပြောမယ့်စကားဟာ အတော် အရေးကြီးနေလို့လား'

ရှိ့ရှိ့က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လုယိက အတန်ကြာအောင် ငြိမ်သက်ကာ စဉ်းစားနေပြီးမှ....

'ကျွန်တော်နဲ့ ပတ်သက်နေလို့လား'

ရှိ့ရှိ့က....

'ရှင်နဲ့တော့ မပတ်သက်ပါဘူး၊ ဒါပေမယ့် ရှင့်အဖေ အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်နေပါတယ်'

သူမ၏စကားကြောင့် လုယိ၏ရင်ထဲ၌ လှုပ်ရှားလာမိလေသည်။



သူက ရှိ့ရှိ့အားကြည့်၍....

'ဒါဖြင့် ပြောပါဗျာ'

ဟု ကမန်းကတန်း ပြောလိုက်လေသည်။

ရှိ့ရှိ့က ခေါင်းခါယမ်းပြလိုက်၏။

'ဒီမှာပြောလို့ မဖြစ်ပါဘူး'

လုယိက သူမအား စေ့စေ့ကြည့်လိုက်သည်။

'ဒါဖြင့် ဘယ်မှာပြောချင်သလဲ'

ရှိ့ရှိ့က သက်ပြင်းတစ်ချက်ချလိုက်၏။

'ဒီကိစ္စကို တစ်ခြားလူတစ်ယောက်က ပြောပြမှာပါ၊ ဒါကြောင့် ကျွန်မက ရှင့်ကို သူ့ဆီခေါ်သွားမလို့လေ'

လုယိက တွေဝေသွားလေသည်။

'အဲဒီလူက ဘယ်သူလဲဗျ'

ရှိ့ရှိ့က ပြုံးလိုက်သည်။

'ဟိုကိုရောက်ရင် တွေ့ရမှာပေါ့'

လုယိက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ ကျုပ်လိုက်ခဲ့ပါမယ်'

ဟု ပြောကာ ကုမ္ဘန်တုံးဘက်သို့လှည့်၍....

'ညီလေး၊ ကျုပ်ကိစ္စဟာ အရေးကြီးလာပြီမို့ ညီလေး ကျုပ်နဲ့အလျင်လိုက်ခဲ့ပါ'

ဟု ပြောလိုက်လေသည်။

သူ၏စကားကြောင့် ရှိ့ရှိ့က လက်ကာ၍ ဟန့်တားလိုက်လေသည်။

'စိတ်မရှိပါနဲ့၊ သူ့ကိုမခေါ်ဘဲ ရှင်တစ်ယောက်တည်း လိုက်ခဲ့မှ အဲဒီလူက အတွေ့ခံမှာပါ'

လုယိက မျက်မှောင်ကုတ်လိုက်၏။

'ဘာဖြစ်လို့လဲဗျ'

ရှိ့ရှိ့က အေးဆေးတည်ငြိမ်စွာဖြင့်....

'ပြောပြမယ့်လူက တစ်ခြားလူလိုက်လာရင် အတွေ့ခံမှာ မဟုတ်ဘူးလို့ မှာလိုက်ပါတယ်'

လုယိက မတတ်သာတော့ပါချေ။

သူက ကုမ္ဘန်တုံးအား တစ်ချက်ကြည့်လိုက်ပြီး....



'ကဲ....ငါ့ညီက အရင်သွားနှင့်ပါ၊ ကျုပ်က ကိစ္စပြီးတာနဲ့ လိုက်ခဲ့ပါမယ်'

ကုမ္ဘန်တုံးက မကျေမနပ်ဖြစ်သွားလေသည်။

သူက ခါးထောက်လိုက်ပြီး လေသံမာမာဖြင့်....

'အစ်ကိုကြီး ပြောခဲ့ဖူးတဲ့စကားကို မေ့နေပြီထင်တယ်'

ဟု ပြောလိုက်လေသည်။

လုယိက မျက်မှောင်ကုတ်လိုက်ပြီး....

'ဘာကိုလဲ'

ကုမ္ဘန်တုံးက ရှိ့ရှိ့အား တစ်ချက်စေ့ကြည့်ကာ နှာခေါင်းရှုံ့လိုက်ပြီး....

'မိန်းမတွေကို မုန်းတယ်ဆို'

ဟု ပြတ်သားစွာ ပြောလိုက်သည်။

လုယိက ကုမ္ဘန်တုံး၏ ကလေးဆန်ပုံကို ကြည့်ကာ ပြုံးလိုက်မိသည်။

'ဒါကတော့ ကျုပ်အဖေရဲ့ကိစ္စ ဖြစ်နေလို့ပါ'

ကုမ္ဘန်တုံးက ခြေထောက်တစ်ချက် ဆောင့်လိုက်သည်။

'ဒါတွေ ကျွန်တော်မသိဘူး၊ ကျွန်တော်က အစ်ကိုကြီးနဲ့ တခြား မိန်းကလေးတွေ စပ်စပ် ယှက်ယှက် လုပ်တာကို မကြိုက်ဘူး'

သူ၏စကားကြောင့် လုယိကအားတုံ့အားနာဖြစ်သွားရှာလေသည်။

ရှိုးရှိုးက မျက်နှာပေါ်တွင် ဟန်မူဆုကင်းမဲ့စွာဖြင့်နေရာ၌ ရပ်တန့်နေသည်။

လုယိက....

'ငါ့ညီ....အစ်ကိုကြီးကိုစွပြီးတာနဲ့ ချက်ချင်းလိုက်ခဲ့ပါ့မယ်ကွာ၊ အခုတော့ အစ်ကိုကြီးအဖေရဲ့ကိစ္စကို လိုက်သွားခွင့်ပြုပါ'

ဟု တောင်းပန်လိုက်သည်။

ကုမ္ဘန်တုံးက အတန်ကြာ သူ့ကား စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ...အစ်ကိုကြီးက လိုက်သွား ချင်တယ် ဆိုရင် လိုက်သွားနိုင်ပါတယ်၊ ကျွန်တော် ခတ်ပန်းဂိုဏ်း အစည်းအဝေးကျင်းပတဲ့ ဘုံကျောင်းပျက်မှာ စောင့်နေမယ်၊ အစ်ကိုကြီးကသာ အမြန်ဆုံးရောက်အောင် ပြန်ခဲ့ပါနော်'

လုယိက ခေါင်းညိတ်လိုက်သည်။



'စိတ်ချပါ'

ဟု ကတိပေးလိုက်သည်။

ထို့နောက်....

သူက ရှိုးရှိုးဘက်သို့လှည့်ကာ....

'ကဲ....ကျွန်တော့်ကို လိုက်ပို့ပါတော့'

ရှိုးရှိုးက ခေါင်းညိတ်ပြကာ ရှေ့မှလမ်းပြ ခေါ်ဆောင်သွားလေသည်။

လုယိက သူမနောက်မှ လိုက်ပါသွား၏။

ကုမ္ဘန်တုံးက ထွက်ခွာသွားသော လုယိနှင့် ရှိုးရှိုးတို့နောက်ကျောသို့ ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

အကယ်၍သာ....

လုယိက နောက်ပြန်လှည့်ကြည့်မည်ဆိုပါလျှင်ကုမ္ဘန်တုံး၏မျက်ရည်များ စီးဆင်းကျနေခြင်းကို တွေ့မြင်ရမည် ဖြစ်လေသည်။

မကြာမီ....

ကုမ္ဘန်တုံး၏ မြင်ကွင်းမှ လုယိနှင့် ရှိုးရှိုးတို့မှာ ပျောက်ကွယ်သွားကြပြီ ဖြစ်လေတော့သည်။

....၀....

ပတ်ဝန်းကျင် တစ်ခုလုံးတွင် လယ်ယာများဖြင့် ပြည့်နှက်နေလေသည်။

ဤနေရာသည် လယ်သမားများ နေထိုင်သော လယ်ယာများပင် ဖြစ်၏။

လယ်ယာများ အကြား၌ လယ်စောင့်တဲ တစ်လုံး ရှိလေသည်။

ရှိ.ရှိ.က ရှေ့မှ လျှောက်သွားနေ၏။

သူတို့နှစ်ယောက်က လယ်စောင့်တဲတလေး အနီးသို့ရောက်လာသောအခါ....

'ဝုတ်....ဝုတ်'

ရှုတ်တရက်....

လယ်စောင့်တဲကလေးအနီးမှ ခွေးကလေးက အဟောင်ရပ်ကာ အမြီးနှံ့ပြီး ပြေးလာသည်။

ဤတွင် ရှိ.ရှိ. ခေါ်ဆောင်လာရာသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိလိုက်သည်။

သူ၏ရင်ထဲ၌ လှုပ်ရှားလာမိလေသည်။

ဖခင်ကို သတ်သွားသော တရားခံအား ပြောပြမည့် လူက လယ်စောင့်တဲထဲ၌ ရှိနေပြီလော။



လယ်စောင့်တဲအတွင်း ရှိနေသောလူက မည်သို့သော လူစားမျိုးနည်း။

'ဒေါက်....ဒေါက်'

ရှိ.ရှိ.၏ တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင်....

'ဘယ်သူလဲ'

ခြောက်သွေ့သော အသံတစ်ခုထွက်ပေါ်လာသည်။

ရှိ.ရှိ.က....

'ကျွန်မ ရှိ.ရှိ.ပါ'

ခြောက်သွေ့နေသောအသံက ထပ်မံထွက်ပေါ် လာပြန်သည်။

'တံခါးဖွင့်ပြီး ဝင်ခဲ့ပါ'

ရှိ.ရှိ.က လုယံ့အားကြည့်ကာ....

'လာပါ'

ဟု ဖိတ်ခေါ်ရင်း တံခါးကိုတွန်းဖွင့်ကာ လယ်စောင့်တဲကလေးအတွင်းသို့ လှမ်းဝင်လိုက်သည်။

လုယံ့က ပတ်ဝန်းကျင်သို့ တစ်ချက် အကဲခတ်ကြည့် လိုက်လေသည်။

သူက စိတ်ချယုံကြည်ရသည်ဟု ထင်လိုက်မှ တဲအိမ်ကလေး အတွင်းသို့ လှမ်းဝင်လိုက်တော့သည်။

တဲအိမ်ကလေးအတွင်း၌ စားပွဲ၊ ကုလားထိုင်များ ရှိနေသောကြောင့် လယ်သမား၏ တဲအိမ်ကလေးဖြစ်ကြောင်း သိရှိနိုင်သည်။

ဝါးဖြင့်ပြုလုပ်ထားသောကွပ်ပျစ်တစ်ခုပေါ်၌ အဘွားအိုတစ်ယောက် လဲလျောင်းနေခြင်းကို တွေ့မြင်ရသည်။

ထိုအဘွားအိုအား သေသေချာချာ တွေ့မြင်ရသောအခါမှ မျက်မမြင် အဘွားအိုဖြစ်ကြောင်း သိရှိလိုက်ရ၏။

ရှိ့ရှိ့က ကွပ်ပျစ်အနီးသို့ ကပ်သွားကာ....

'မေမေ



ဟု ကြင်နာစွာခေါ်လိုက်သည်။

အဘွားအိုက လက်ဖြင့်စမ်းကာ....

'သမီး....သူ့ကို တွေ့ခဲ့ရဲ့လား ဟင်'

ဟု ခရီးရောက်မဆိုက် မေးလိုက်သည်။

ရှိ့ရှိ့က အဘွားအို၏ လက်ကို ပြန်လည် ဖမ်းဆုပ်ကိုင်ရင်းမှ....

'တွေ့ခဲ့ပါတယ်'

ဟု ပြောလိုက်၏။

အဘွားအိုက....

'သူ့ကို ခေါ်လာရဲ့လား'

သူမကပြောရင်း လုယီအား လှမ်းကြည့်လိုက်သည်။

လုယီက ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး ဦးညွှတ် လိုက်ကာ....

'ကျွန်တော် ရှိ့ရှိ့ခေါ်လာလို့ လိုက်လာခဲ့ပါတယ်'

ဟု ပြောလိုက်၏။

အဘွားအိုက သူ၏အသံလာရာသို့ မှန်းဆကြည့်ရင်း....

'ဟုတ်ပါတယ်ကွယ်၊ ကျုပ်က တွေ့ချင်လွန်းလို့ သမီးကို ရှာခိုင်းလိုက်တာပါ'

လုယိက...

'ဘာကိစ္စများ ရှိပါသလဲခင်ဗျာ'

ဟု မေးလိုက်၏။

အဘွားအိုက ပြည်းလေးစွာဖြင့်...

'မင်းအဖေ အသက်ခံခဲ့ရတဲ့ ကိစ္စကို ပြောချင်လို့ပါကွယ်'

သူ့မေးစကားကြောင့် လုယိ၏ ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွားပြီး...

'ကျွန်တော့်အဖေကိစ္စ ဟုတ်လား'

ဟု ကမန်းကတန်း မေးလိုက်မိ၏။

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ကျွန်တော့်ဖေဖေ အသတ်ခံရတဲ့ကိစ္စကို အဘွားက ဘယ်လိုသိသလဲ'



အဘွားအိုက နှမ်းလျစွာဖြင့်...

'ကျုပ်က သိတယ်ဆိုရင် ပြီးတာပါပဲ၊ ဘယ်လိုလုပ်သိတယ်ဆိုတာတော့ မပြောပါရစေနဲ့'

ဟု ပြောလိုက်သည်။

လုယိက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ၊ ဒါနဲ့...ကျွန်တော့်ဖေဖေကို သတ်တာက ဘယ်သူလဲ'

အဘွားအိုက သက်ပြင်းတစ်ချလိုက်ပြီး...

'အချုပ်ကတော့ သွေးလက်ဝါးလို့ ပြောကြတာပဲ'

ဟိုစကားကို ကြားလိုက်ရသည်နှင့် လုယိ၏ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးများ ဆူပွက်လာသကဲ့သို့ ခံစားလိုက်ရ၏။

သူက အဘွားအိုအား စိုက်ကြည့်ရင်း...

'သွေးလက်ဝါး ဟုတ်လား'

ဟု မေးလိုက်သည်။

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

သူမက တစ်စုံတစ်ခုပြောရန် ပါးစပ်ပြင်လိုက်စဉ်....

လုယ်ကိက ဒေါသကြီးစွာဖြင့် အံကိုတင်းတင်းကြိတ်ကာ....

'သွေးလက်ဝါးဆိုတဲ့လူကို ကျွန်တော့်လက်နဲ့ သွားသတ်မယ်'

ဟု ကြုံးဝါးရင်း ဝုန်းခနဲ ထရပ်လိုက်သည်။

အဘွားအိုက လက်ကာပြလိုက်၏။

'နေပါဦး....သိပ်လဲ စိတ်လောမကြီးပါနဲ့ကွယ်၊ ပြောတာကို ဆုံးအောင် နားထောင်ပါဦး'

ဟု ဟန့်တားလိုက်သည်။

လုယ်ကိက အဘွားအိုအားကြည့်ကာ....

'ဒါထက် အဘွားအိုက ဘယ်သူလဲ'

ဟု မေးလိုက်သည်။

အဘွားအိုက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်လေသည်။

'ကျုပ် ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး၊ မင်းနာမည်က လုယ်ကိမဟုတ်လားကွဲ့'



'ဒါဖြင့် ကျွန်တော့်နာမည်က ဘယ်သူလဲ'

'ဝူထိ'

ထိုစကားကြောင့် လုယ်ကိက ထခန်မိမတတ် အံ့ဩသွားလေသည်။

'ဗျာ....မူရိ ဟုတ်လား၊ အဘွားက ဘယ်လိုလုပ်သလဲ'

အဘွားအိုက အဖြေမပေးပါချေ။

သူမက ထိုမေးခွန်းအား အဖြေပေးချင်ပုံမရပါ။

သူမသည် ခန္ဓာကိုယ်တစ်ချက်လှုပ်ရှားလိုက်ပြီး....

'မင်းက လျှို့ဝှက်စံအိမ်ပေါ်မှာ ချိတ်ဆွဲထားတယ်၊ ခါးတစ်လက်နဲ့ ကျောက်စိမ်းသေတ္တာတစ်လုံးကို တွေ့မြင်ခဲ့တယ် မဟုတ်လား'

ဟု မေးလိုက်သည်။

လုယ်ကိက ခေါင်းညိတ်လိုက်သည်။

'တွေ့ခဲ့ပါတယ်'

အဘွားအိုက....

'ဘာဖြစ်လို့ ချိတ်ထားတယ်ဆိုတာ သိသလား'

လုယ°က ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူး'

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း....ဒါတွေပြောရမယ်ဆိုရင်တော့ မင်းအဖေ အသတ်ခံရတဲ့ကိစ္စ စပြီးပြောရမှာပဲ'

လုယ°က ကွပ်ပျစ်နံဘေးသို့ ဒူးထောက်ချလိုက်ပြီး....

'ပြောပါခင်ဗျာ၊ ကျွန်တော်က သိပ်ပြီး သိချင်နေလို့ပါ'

အဘွားအိုက....

'မင်းက အရိုးစုတွေတွေ့ခဲ့တဲ့ အိမ်အိုကြီးကို ရောက်ခဲ့တယ် မဟုတ်လား'

လုယ°က ခေါင်းညိတ်လိုက်၏။

'ရောက်ခဲ့ပါတယ်'

အဘွားအိုက သက်ပြင်းတစ်ချက် ချလိုက်သည်။



'အင်း....ဒီအိမ်အိုကြီးဟာ အလျင်က ဝူကျားဂေဟာလို့ ခေါ်တယ်ကွယ့်၊ ဝူကျားဂေဟာရဲ့ပိုင်ရှင် ဝူကျားထင်းဟာ အလွန်ထင်ရှားကျော်ကြားတဲ့ သိုင်းသမား တစ်ယောက်ပဲ၊ သူဟာ သဘောကောင်းတယ်၊ ရုပ်ချောတယ်'

သူမက ခဏရပ်နားပြီးမှ စကားဆက်လိုက်၏။

'သူနဲ့ကြုံယန်းဟာ အလွန်ရင်းနှီးတဲ့သူငယ်ချင်းနှစ်ယောက်ပေါ့၊ သူတို့နှစ်ယောက်ဟာ သိုင်းလောကထဲမှာ အတူတူ လက်တွဲပြီး ကျင်လည်ကျက်စားခဲ့ကြတယ်ကွဲ့၊ တစ်နေ့တော့ သူတို့နှစ်ယောက်ဟာ ရွာတစ်ရွာကို ရောက်သွားကြတယ်၊ အဲသည်ရွာမှာ စုစုဆိုတဲ့မိန်းကလေးတစ်ယောက်နဲ့ ရင်းနှီးခဲ့ကြတယ်လေ၊ အဲသည်နောက်ပိုင်းမှာတော့....'

....o....

စုစုသည်အလွန်ချောမောလှပသည့်မိန်းကလေးတစ်ယောက်ဖြစ်၏။

ကျေးရွာတစ်ခုလုံးတွင် သူမ၏အလှကို မည်သူကမျှ မယှဉ်သာပါချေ။

ဝူထင်းနှင့် ကြုံယန်းတို့က စုစုအား တွေ့မြင်လိုက်သောအခါ မေတ္တာသက်ဝင်ခဲ့ကြလေသည်။

စုစုကလည်း သူတို့နှစ်ယောက်အပေါ် စိတ်ဝင်စားခဲ့လေသည်။

သို့သော်....

သူမက ရုပ်ရည်ချောမောသန့်ပြန့်ပြီး ဥစ္စာပေါသော ဝူးထင်းအပေါ် မေတ္တာပိုခဲ့မိလေသည်။

ထို့ကြောင့်လည်း သူမအား ဝူးထင်းက လက်ထပ်ခွင့်တောင်းသောအခါ သူမက လက်ခံခဲ့လေသည်။

သူမက ဝူးထင်းနှင့် ရုတ်တရက်လက်ထပ်လိုက်သောအခါ ကြုံယန်းက အံ့ဩတုန်လှုပ်သွားခဲ့လေသည်။

သူသည် မိမိအပေါ် မေတ္တာရှိမည်ဟု ထင်မှတ်ထားခဲ့သည် မဟုတ်ပါလော။



သူသည် အကြီးအကျယ် စိတ်ညစ်ကာ တစ်ယောက်တည်း တိတ်တဆိတ် ထွက်ခွာသွားလေတော့သည်။

....:....

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီ ဖြစ်သည်။

ကြုံယန်း ပျောက်ကွယ်သွားပြီး ခြောက်နှစ်ခန့်အကြာတွင် သိုင်းလောက၌ သွေးသက်ဝါးဆိုသော သိုင်းသမားတစ်ဦး ထွက်ပေါ်လာ၏။

သွေးလက်ဝါး၏ သိုင်းပညာမှာ အလွန်ထက်မြက်နေပြီး ရက်စက်ကြမ်းကြုတ်လှသောကြောင့် သိုင်းလောကတစ်ခုလုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့တုန်လှုပ်ကြလေသည်။

ထိုအခါ....

တရားမျှတသော အဖြူရောင်သိုင်းသမားများက စုစည်းကာ သွေးလက်ဝါးအား သုတ်သင်ရှင်းလင်းရေး အတွက် အရေးပေါ်အစည်းအဝေးတစ်ခု ကျင်းပခဲ့လေသည်။

ယင်းအစည်းအဝေး ကျင်းပနေစဉ် အမည်းရောင်သိုင်းသမားများကပါ ရောက်ရှိလာကာ စုစည်းကာ သွေးလက်ဝါးအား တိုက်ခိုက်နှိမ်နင်းရန် ပါဝင်လာကြ၏။

သူတို့သည် လူစုများဖွဲ့စည်း၍တစ်မျိုး၊ တစ်ယောက်ခြင်းတစ်ဖုံ နည်းအမျိုးမျိုးသုံးကာ သွေးလက်ဝါးအား လိုက်လံရှာဖွေ သုတ်သင်ရန် စိုင်းပြင်းနေကြလေသည်။

.... ❁ ....

ဂျူထင်းက အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ကာ စဉ်းစားနေလေသည်။



စုစုက သူ့အား မော့ကြည့်ရင်း....

‘ရှင်က သွေးလက်ဝါးကို လိုက်ရှာမလို့ ဟုတ်လား’

ဟု မေးလိုက်သည်။

ဂျူထင်းက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်၊ ကျုပ်က သူ့ကိုလိုက်ရှာပြီး သုတ်သင်မှ ဖြစ်တော့မယ်’

စုစုက ရင်ထိတ်သွားလေတော့သည်။

‘အို....ဖြစ်ပါ့မလားရှင်၊ သူက အတော်ကို ရက်စက်ကြမ်းကြုတ်တယ် ဆိုပဲ’

ဂျူထင်းက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ....

‘ဒါပဲဖြစ်ဖြစ် ကျုပ်က မတရားတာကို လက်ပိုက်ကြည့်မနေနိုင်ဘူး၊ သူ့ကိုလိုက်ရှာပြီး သတ်ရမှာပဲ’

ဟု ပြတ်သားစွာ ပြောလိုက်၏။

စုစုက မတတ်နိုင်တော့ပါချေ။

အမှန်တွင်....

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ ၆ လမ်း
ဘောင် ၄ မြို့
ဖုန်း ၂၁၇၅၅

သူမက ဝူထင်းမှာ ဆုံးဖြတ်ချက် ချပြီးပါလျှင် ပြန်လည်ပြုပြင်တတ်သော လူတစ်ယောက် မဟုတ်ကြောင်းသိရှိထားပြီးဖြစ်သည်။

ထို့ကြောင့်....

သူမက မည်သို့မျှ စောဒကတက်ရန် မဝံ့တော့ဘဲပါးစပ်ပိတ်ထားလိုက်ရတော့သည်။

....ဝ....

နောက်တစ်နေ့ ဝူထင်းက ခရီးထွက်ခဲ့လေသည်။

သူ၏သိုင်းပညာအဆင့်မှာ ထိပ်သီးအဆင့်သို့ ရောက်ရှိနေသည် ဖြစ်သောကြောင့် သေွးလက်ဝါးကိုအနိုင်ရရှိပြီး သုတ်သင်နိုင်လိမ့်မည်ဟု ယူဆထား၏။



သို့သော်...

သူသည် တန်ယုံမြို့သို့ ရောက်ရှိလာသောအခါ သွေးလက်ဝါးအား လုပ်ကြံသင်ရန် အကြံအစည်မှာ ပျက်ပြားခဲ့ရလေသည်။

အကြောင်းမှာ....

သိုင်းလောက၌ ဆိုးသွမ်းနေသော သွေးလက်ဝါးဆိုသူမှာ လွန်ခဲ့သော ခြောက်နှစ်ခန့်က ကွဲကွာသွားခဲ့သော အချစ်ဆုံးသူငယ်ချင်း ကျန်ယန်း ဖြစ်နေသည် မဟုတ်ပါလော။

ဝူထင်းက အခက်ကြုံသွားရလေသည်။

သူသည် အချစ်ရေးအတွက် ဆိုးသွမ်းနေသည့် ကျန်ယန်းအပေါ်တွင် ကရုဏာသက်ကာ စိတ်မကောင်း ဖြစ်နေမိလေသည်။

အကယ်၍....

သူက ကျန်ယန်းနှင့် ထိပ်တိုက်တွေ့ဆုံမည်ဆိုပါလျှင် ကျန်ယန်းက စိတ်နာကြည်းကာ ပို၍ဆိုးသွမ်းလာနိုင်သည်ဟု ယူဆလိုက်ပြီး အိမ်သို့ပြန်လာခဲ့သည်။

သူက အိမ်သို့ရောက်ရှိလာသောအခါ သွေးလက်ဝါး ဆိုသူမှာ ကျန်ယန်းဖြစ်ကြောင်း စုစုအား ပြောပြခဲ့လေသည်။

စုစုသည် ဝူထင်း အိမ်သို့ ပြန်ရောက်ပြီး တစ်လခန့်အကြာတွင် အိမ်မှ ရုတ်တရက် ထွက်ခွာ သွားလေတော့သည်။

.... — ....

စုစုအိမ်မှ ထွက်ခွာသွားသည့် အချိန်တွင်ဝူထင်းနှင့်စုစုတို့၌ ကလေးတစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

ထိုကလေး၏ အမည်မှာ ဝူထိပင်ဖြစ်သည်။

စုစုက အိမ်မှထွက်ခွာသွားပြီး သုံးလခန့်အကြာတွင် သွေးလက်ဝါး ဆက်လက်ဆိုးသွမ်းခြမ်းမရှိတော့ဘဲ သိုင်းလောကမှ ထွက်ခွာသွားသည်ဟု သတင်းများကြားလိုက်ရလေသည်။



တစ်ဖန်....

စုစုနှင့်အတူ အရှေ့ကျွန်းသို့ ခရီးထွက်သွား ကြသည်ဟုလည်း ဆိုကြပြန်ပေသည်။

ယင်းသို့သောသတင်းများ ထွက်ပေါ်လာပြီး ခြောက်လခန့်အကြာ ညတစ်ညတွင် ဝူကျား ဂေဟာသို့ ကံကြမ္မာဆိုးတစ်ခုက မဖိတ်ခေါ်ဘဲ ရောက်ရှိလာလေတော့သည်။

.... ○ ....

ဝူထင်းက လက်ထဲမှ အရက်ခွက်ကို မော့ချလိုက်လေသည်။

ဇနီးဖြစ်သူစုစု အိမ်မှထွက်သွားသည်မှာ ခြောက်လခန့်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

သို့သော်....

ယနေ့အချိန်ထိ စုစု၏သတင်းအခြေအနေကို မကြားရပါချေ။

ဝါထင်းက စိတ်ညစ်လွန်းသဖြင့် နေ့ခရာညပါ အရက်ကို အဆက်မပြတ် ဖိသောက်နေ၏။

ညသည် မှောင်မည်း တိတ်ဆိတ်လွန်းနေ၏။

အခန်းတွင်းမှ ထွက်ပေါ်လာသော အလင်းရောင်ကြောင့် ဝါထင်း၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းမှုများကို မြင်တွေ့နေရလေသည်။

အိမ်ဖော် ဘဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်၏။

'သခင်ကြီး အရက်သောက်တာ များလွန်းနေပြီ ထင်တယ်ဗျာ....'

ဟု မဝံ့မရဲ ပြောဆိုလိုက်သည်။

ဝါထင်းက မချိပြုံးပြုံးလိုက်၏။

'အရက်သောက်တာဟာ ဘယ်လို အကျိုး ရှိတယ်ဆိုတာ ခင်ဗျားမသိဘူးထင်တယ်'

သူကပြောရင်း ချောင်းတဟွပ်ဟွပ် ဆိုးလာလေသည်။



အိမ်ဖော်အဘိုးအိုက သခင်ဖြစ်သူအား ကြည့်ကာ စိတ်မချမ်းသာဟန်ဖြင့် ခေါင်းခါယမ်းလိုက်၏။

'မဟုတ်ပါဘူးဗျာ'

ဝါထင်းက ချောင်းတဟွပ်ဟွပ် ဆိုးရင်း လက်ကာပြလိုက်ပြီး....

'ဘာမဟုတ်တာလဲ....ဟုတ်တယ်ဗျ၊ အရက်သောက်ဘာမူးလာမယ်၊ ပြီးရင် လောကကြီး တစ်ခုလုံးကို မေ့တတ်လာမယ်၊ အိုဗျာ....လင်နဲ့သားကို ပစ်ပယ်ပြီး ဖောက်ပြန် တတ်တဲ့မိန်းမတက်စာရင် သည်အရက်က ပိုပြီး တန်ဖိုး ရှိနေသလိုပဲ မဟုတ်လား'

'ဟား ဟား...ဟား'

သူက အဆက်မပြတ် ရယ်မောနေလေသည်။

အိမ်ဖော်အဘိုးအိုက ရယ်မောနေသော ဝါထင်း၏ မျက်နှာပေါ်သို့ လိမ့်ဆင်းကျလာသည့် မျက်ရည်များအား ကြည့်ကာ ရင်နင့်လာသည်။

သူက ဝါထင်းအား မကြည့်ရက်တော့သဖြင့် ခေါင်းငုံ့ထားလိုက်သည်။

ထိုအချိန်မှာပင်....

ထမင်းချက်အလုပ်သမားက အခန်းထဲသို့ ပြေးလာပြီး.....

'သခင်ကြီး....ရန်....ရန်သူ'

သူ၏ တစ်ကိုယ်လုံး၌ သွေးချားဖြင့် ချင်းချင်း နီရဲနေလေသည်။

သူသည် စကားမဆုံးမီမှာပင်....

'ဝုန်း....'

ဟူသောအသံနှင့်အတူ လဲကျသေဆုံးသွားလေသည်။

အိမ်ဖော်အဘိုးအိုကာ ထိတ်လန့်သွားပြီး အခန်းအပြင်သို့ ပြေးထွက်သွား၏။

မကြာမီ....

အခန်းအပြင်ဘက်မှ ....

'အား....'

စူးရှကျယ်လောင်သော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာပြီး လူတစ်ယောက် လဲကျသွားသောအသံကို ကြားလိုက်ရသည်။

ဝါုထင်းက ထိုအသံမှာ အိမ်ဖော်အဘိုးအို၏ အော်ဟစ်လိုက်သော အသံပင်ဖြစ်ကြောင်း သိရှိလိုက်သည်။



သူက ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီး နံရံပေါ်မှ ဓားကို ကောက်ယူကာ အခန်းအပြင်ဘက်ဆီသို့ ပြေးထွက်လိုက်၏။

ထိုအခါ....

အခန်းအပြင်ဘက်၌ အတုံးအရုံး လဲကျသေဆုံးနေကြသော သူ၏အလုပ်သမားများကို တွေ့မြင်လိုက်ရလေသည်။

ထို့ပြင်....

မျက်နှာဖုံးမျာ၊ တပ်ဆင်ထားကြပြီး အနက်ရောင် ကိုယ်ကျပ်အင်္ကျီများကို ဝတ်ဆင်ထားကြသူများကိုပါ တွေ့မြင်လိုက်ရလေတော့သည်။

ဝါုထင်းက အချိန်ဆွဲမနေတော့ပါချေ။

သူက အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားကြသူများအား အရှိန်ပြင်းစွာ ဝင်ရောက် တိုက်ခိုက်လိုက်ကြလေတော့သည်။

....o....

ဝါထင်း၏ တိုက်ခိုက်မှုမှာ ပြင်းထန်၍ လျှပ်စီးလက်သည့်အလား လျင်မြန်လှပေသည်။

'အား....'

'အမယ်လေးဗျ'

'အီး....'

နာကျင်စူးရှသော အော်ဟစ်သံများနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားကြသောလူများမှာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

သို့သော်....

အနက်ရောင်ဝတ်ဆင်ထားကြသူများမှာ ပို၍ပင်များပြားနေသည်ဟု သူကသိရှိလိုက်၏။

သူ၏ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာများမှာ အချိန်ကြာလာသည်နှင့်အမျှ တစ်ခုပြီးတစ်ခု တိုးလာသည်။

ဝါထင်းက အခြေအနေ မဟန်ကြောင်း ရိပ်စားမိလိုက်လေသည်။

အမှန်တွင်....



ဝါထင်း၏သိုင်းပညာမှာ အဆင့်မြင့်လွန်း၍ ထိုလူများအား မှုစရာမလိုပါချေ။

သို့သော်....

အနက်ရောင် ဝတ်ဆင်ထားကြသော လူများက ဝါထင်းအရက်မူးနေသည့် အချိန်ကို မှန်းဆကာ ဝင်ရောက်လာကြသဖြင့် ဝါထင်းမှာ ဒဏ်ရာများရရှိသွားခြင်း ဖြစ်သည်။

ဝါထင်းသည် ယခုမှ အရက်၏အကျိုးတရားကို နားလည်လာပြီဖြစ်သည်။

သူက အရှိန်ပြင်းစွာ တိုက်ခိုက်နေရင်းမှ တစ်စုံတစ်ခုအား သတိရကာ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားမိလေသည်။

အကြောင်းမှာ....

သူ၏သားငယ် ဝါထိသည် အိမ်ခန်းထဲ၌ အိပ်ပျော်နေသည် မဟုတ်ပါလော။

သူက အံကိုတင်းတင်းကြိတ်ကာ ဝင်ရောက်လာသော အနက်ရောင် ဝတ်ဆင်ထားသူများအား အရှိန်ပြင်းစွာ တိုက်ခိုက်လိုက်သည်။

သူ၏ တရကြမ်းတိုက်ခိုက်မှုကြောင့် အနက်ရောင်ဝတ်ဆင်ထားကြသော လူများမှာ နောက်သို့ ဆုတ်သွားရလေသည်။

ယင်းတဒင်္ဂ အချိန်အတွင်းမှာပင်....

ဝူထင်းက အိပ်ခန်းရှိရာသို့ ပြေးသွားလေသည်။

အခန်းတွင်း၌ ကလေးငယ်မှာ နှစ်ခြိုက်စွာ အိပ်မောကျနေလေသည်။

ဝူထင်းက စဉ်းစားခြင်းပင်မပြုတော့ဘဲ ကလေးငယ်အား ပွေ့ချီကာ အဝတ်ဗီရိုထဲသို့ထည့်ပြီး တံခါးပြန်ပိတ်ထားလိုက်၏။

သူက ဗီရိုတံခါးပိတ်ပြီးသည်နှင့် အခန်းအပြင်သို့ ပြေးလွှားသွားလေသည်။

ယင်းတဒင်္ဂ အချိန်လေးအတွင်းမှာပင်....

ဝူထင်း၏ရင်ဝသို့ ဓားတစ်လက်စိုက်ဝင်ကာ နာကျင်စူးရှသော ဝေဒနာတစ်ချပ်ကို ခံစားလိုက်ရလေသည်။

ရန်သူ၏ဓားက သူ၏ရင်ဝသို့ စိုက်ဝင်သွားပြီဖြစ်သည်။

သူက အံကိုတင်းတင်းကြိတ်ကာ လက်ထဲမှဓားဖြင့် အလစ်တိုက်ခိုက်သော ရန်သူအား ပစ်ပေါက်လိုက်လေသည်။

သူ၏ဓားသည် အလစ်တိုက်ခိုက်လာသော ရန်သူ၏ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွားလေတော့သည်။



'အား....'

ထိုလူက နာကျင်စွာအော်ဟစ်လိုက်ပြီး လဲကျသေဆုံးသွားလေတော့သည်။

ယင်းအချိန်မှာပင်....

အခန်းထဲသို့ အနက်ရောင်ဝတ်ဆင်ထားသူ ငါးယောက်က ထပ်မံဝင်ရောက်လာ၏။

ယခု....

ဝူထင်း၏လက်ထဲ၌ မည်သည့်လက်နက်မျှ မရှိတော့ပါချေ။

သို့သော်....

သူက လက်တစ်ချက် ဝေ့ယမ်းလိုက်ရာ အနက်ရောင်ဝတ်ဆင်ထားသော သူငါးယောက်မှာ လက်နက်ပုန်းများ ထိမှန်ကာ လဲကျသေဆုံးသွားကြလေသည်။

ရန်သူများ လဲကျသေဆုံးသွားသည်နှင့် ဝူထင်းမှာ အခြေအနေ မဟန်တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

.......

ဝူကျားဂေဟာသည် တိတ်ဆိတ်နေ၏။

ဝူကျားဂေဟာပိုင်ရှင် ဝူထင်းနှင့်တကွ အိမ်ဖော်များ အားလုံး အသတ်ခံလိုက်ရပြီဖြစ်သည်။

ဝူကျားဂေဟာ၏ နံရံပေါ်တွင် သွေးလက်ဝါးရာတစ်ခု ကို တွေ့မြင်လိုက်ရသောကြောင့် ဝူထင်းတို့အား သတ်ဖြတ် သွားသော တရားခံမှာ သွေးလက်ဝါးဟု သတ်မှတ်လိုက်ကြ လေသည်။

ထိုသို့ လူသတ်တရားခံအား သွေးလက်ဝါးဟု သတ်မှတ် လိုက်သောကြောင့် သေဆုံးနေသော အလောင်းများအား မည်သူကမျှ မြေမမြှုပ်ရဲကြပါချေ။

ရင်းအပြင်....

ဝူထင်း၏သားငယ် ဝူထိမှာလည်း ပျောက်ချင်းမလှ ပျောက်ဆုံးသွားလေတော့သည်။

....o....



သုံးနှစ်...

သုံးနှစ်မျှ အချိန်ကြာသွားသောအခါ စုစုသည် ဝူကျား ဂေဟာသို့ ပြန်လည် ရောက်ရှိလာသည်။

သူမ ပြန်လည်ရောက်ရှိသောအခါမှ ဝူထင်းမှာ အသတ် ခံလိုက်ရပြီဖြစ်ကြောင်း သိရှိလိုက်၏။

အမှန်တွင်....

သူမသည် သွေးလက်ဝါး(ခေါ်)ကျန်ယန်းအား ဖျောင့် ဖျပြောဆိုရန် ခရီးထွက်သွားခြင်း ဖြစ်လေသည်။

သူမက ကျန်ယန်းအား ဖျောင့်ဖျပြောဆိုပြီး ပြန်လာ သောအခါ သူမလိုက်ပါလာသော ရွက်လှေမှာ မုန်တိုင်းမိကာ အရှေ့ကျွန်းသို့ မျောပါသွားခဲ့သည်။

အရှေ့ကျွန်းသည် လူသူ အရောက်အပေါက် နည်းသော ကျွန်းတစ်ခု ဖြစ်သည်။

ထို့ကြောင့်လည်း....

စုစုသည် အရှေ့ကျွန်းတွင် သောင်တင်နေကာ နှစ်အတန် ကြာမှ ခရီးကြုံ ရွက်လှေတစ်စီးကို စီးနင်းလိုက်ပါခွင့် ရရှိခဲ့ သည်။

ထို့ကြောင့်....

သူမက ပြည်မကို ပြန်လည် ရောက်ရှိလာသော အခါမှ ဝါ့ထင်း အသတ်ခံရကြောင်းကို သိရှိလိုက်ရ၏။

သူမသည် သားဖြစ်သူ ပျောက်ဆုံးနေသောကြောင့် သော က များခဲ့ရသည်။

ထို့နောက်....

သူမက လူသတ်တရားခံနှင့် သားဖြစ်သူဝါ့ထိကို လိုက်လံ ရှာဖွေခဲ့သော်လည်း အချိန်များသာ ကုန်ဆုံးသွားခဲ့ရ၏။

နောက်ဆုံးတွင်....

သူမက မတတ်နိုင်တော့ပါချေ။

ဝါ့ကျားဂေဟာသို့ မကြာခဏ သွားရောက်ကြည့်ရှု နေ လေသည်။

တစ်ခါတစ်ရံ သူမ၏တပည့်မဖြစ်သူ ရှီ့ရှီ့အား စေလွှတ် ကာ ကြည့်ရှုစေခဲ့သည်။

တစ်နေ့တွင်....

ရှီ့မှို့က ဝါ့ကျားဂေဟာတွင် လူငယ်တစ်ယောက်အား တွေ့မိကြောင်း ထိုလူရွယ်မှာ လုယိဖြစ်ကြောင်း ပြောပြခဲ့ လေသည်။



ဤတွင် စုစုက မိမိသားဝါ့ထိဖြစ်ရမည်ဟု စဉ်းစားမိကာ ရှီ့ရှီ့အား သွားရောက် ခေါ်ဆောင်ခဲ့ခြင်း ဖြစ်လေ တော့ သည်။

....ဝ....

လုယိက အဘွားအို ရှည်လျားစွာ ရှင်းပြပြောဆိုနေသည့် အကြောင်းအရာများကို နားထောင်ရင်း မိမိ၏ဘဝကို နား လည်လာသည်။

သူက အဘွားအိုအား ကြည့်ကာ ဝမ်းသာအားရ ဖြစ် သွား၏။

'ဒီလိုဆိုရင် ကျွန်တော် မေမေက လူအများ ပြောဆိုစွပ်စွဲ သလို သွေးလက်ဝါးဆီကို လိုက်သွားတာဟာ ဖေဖေ့ကို သစ္စာဖောက်ခဲ့တာ မဟုတ်ဘူးပေါ့နော်'

ဟု မေးလိုက်သည်။

စုစုက ခေါင်းခါယမ်းလိုက်၏။

'မဟုတ်ရပါဘူးသားရယ်၊ မင်းမေမေဟာ ယနေ့အချိန်ထိ မင်းဖေဖေအပေါ်မှာ သစ္စာမဖောက်ခဲ့ဘူး ဆိုတာကို ကျိန်တွယ်ပြီး ပြောဝံ့ပါတယ်'

လုယ°က မိခင်အပေါ် အထင်အမြင် လွဲမှားခဲ့ခြင်းအတွက် စိတ်မကောင်း ဖြစ်သွားရလေသည်။

သူသည် အတန်ကြာအောင် ငေးငိုင်သွားမိ၏။

ရုတ်ဘရက်....

သူက တစ်စုံတစ်ခုကို သိချင်လွန်းသဖြင့်....
'ကျွန်တော့်မေမေ ဘယ်မှာရှိတယ်ဆိုတာ ကျေးဇူးပြုပြီး ပြောပြပါခင်ဗျာ'

ဟု တောင်းပန်လိုက်သည်။

အဘွားအိုက အံ့သြ၍သွားသည်။

သူမက လုယ°အားကြည့်ကာ တုန်ယင်သော၊ အသံဖြင့်....
'သား....သားက အခုချိန်အထိ မေမေဘယ်သူလဲ ဆိုတာ မသိသေးဘူးလား'
ဟု ပြောလိုက်၏။

လုယ°က မျက်လုံးများ ပြူးကျယ်သွား၏။



မှန်ပါသည်....။

သူသည် ဖခင်အသတ်ခံရသောကိစ္စအား စိတ်ဝင်စားလွန်းသဖြင့် စုစုဆိုသော သူ၏မိခင်က ရှိ့ရှိ့အား စေလွှတ်၍သူ့ကို ခေါ်ခဲ့ကြောင်းကို စဉ်းစားမိခြင်း မရှိခဲ့ချေ။

လုယ°အား ခေါ်ရန်အတွက် ရှိ့ရှိ့ကို စေလွှတ်ခဲ့သူမှာ ထိုအဘွားအိုပင် မဟုတ်ပါလော။

ဤသို့ဆိုပါလျှင်....

ထိုအဘွားအိုမှာ စုစုပင် ဖြစ်ရပေမည်။

စုစုသည် လုယ°၏ မိခင်ပင် ဖြစ်သည်။

လုယ°က ငေးငိုင်ပြီး အဘွားအိုအား စိုက်ကြည့်နေမိလေသည်။

အဘွားအို၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

'မေမေဟာ သားကိုလိုက်ရှာနေတာ ကြာပါပြီ၊ မင်းဖေဖေ အသတ်ခံလိုက်ရတာကို သိလိုက်တော့ မေမေဟာ ကိုယ့်ကိုကိုယ် သတ်သေဖို့ စိတ်ကူးမိပါသေးတယ်၊ ဒါပေမယ့် သားကအသက် မသေသေးဘူးလို့ ကြားရတော့ မေမေဟာ မျှော်လင့်ချက်ကြီးစွာနဲ့ သားကို ရှာနေခဲ့တာပါ'

ဟု ရှင်းပြရင်း ငိုကြွေးလေလည်း။

လုယ°ကလည်း ဝမ်းနည်းကြေကွဲစွာဖြင့် လှိုက်လှိုက်လှဲလှဲ ငိုကြွေးလိုက်၏။

အတန်ကြာမှ....

သူတ ငိုကြွေးခြင်းကို ရပ်တန့်ကာ....

‘စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ မေမေရယ်၊ အခုသား ကို တွေ့နေရပြီ မဟုတ်လား’

ဟု မိခင်၏လက်ကိုကိုင်ရင်း နှစ်သိမ့်လိုက်သည်။

စုစုက မျက်ရည်များကြားမှ ပြုံးလိုက်၏။

‘မေမေ သားကိုတွေ့ရလို့ သေပျော်ပါပြီကွယ်’

လုယ°က ဒူးထောက်လိုက်ပြီး....

‘မေမေ့ကိုတွေ့ရတာ သားဖြင့် မျှော်လွန်းလို့ ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူးဗျ’

ဟု ပြောဆိုလိုက်သည်။

စုစုက သူ၏ဆံပင်များကို ပွတ်သပ်ပေးရင်း....



“သား....အခု မေမေကို မုန်းနေသေးသလား’
ဟု ငြင်သာစွာ ပြောလိုက်လေသည်။

လုယ°က ခေါင်းခါယမ်းပြလိုက်၏။

‘မမုန်းတော့ပါဘူးဗျာ’

စုစုက သက်ပြင်းတစ်ချက် ချလိုက်ပြီး “အဝေးသို့ ငေးမျှော် ကြည့်လိုက်လေသည်။

‘သားကို မေမေ အရေးကြီးတဲ့ စကားတစ်ခွန်း ပြောရဦးမယ်’

လုယ°က စိတ်ဝင်စားစွာဖြင့် ခေါင်းမော့ကြည့်လိုက်လေသည်။

‘ပြောပါမေမေ’

စုစုက ဖြည်းလေးစွာဖြင့်....

‘မင်းအဖေကို သတ်တဲ့လူဟာ သွေးလက်ဝါး မဟုတ်ဘူး ဆိုတာ မေမေသိတယ်ကွယ့်’

သူမ၏စကားကြောင့် လုယ° အံ့သြသွားသည်။

‘ဗျာ....ဖေဖေ့ကိုသတ်တဲ့လူဟာ သွေးလက်ဝါးမဟုတ်ဘူး ဟုတ်လား’

ဟု မေးလိုက်သည်။

စုစုက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်ကွယ့်'

လုယ်ဝိက မျက်မှောင်ကုတ်လိုက်ပြီး....

'မေမေက ဘယ်လိုလုပ်သိသလဲ'

ဟု မေးမြန်းလိုက်သည်။

စုစုက သက်ပြင်းတစ်ချက် ချလိုက်၏။

'သေ့းလက်ဝါးနဲ့ မင်းအဖေရဲ့သိုင်းပညာဟာ အတူတူပဲရှိပါတယ်၊ နောက်ပြီး သေ့းလက်ဝါးကျန်ယန်းဟာ တစ်ကိုယ်တော် သိုင်းသမားကွယ့်'

ဟု ရှင်းပြလိုက်သည်။

လုယ်ဝိက မိခင်ဖြစ်သူ၏စကားကြောင့် တွေဝေသွားမိ၏။

သူက စုစု၏မျက်နှာအား တစ်ချက်ကြည့်လိုက်ပြီး....

'ဒါဆိုရင် ဘယ်သူက ဖေဖေ့ကို သတ်သွားတာလဲဟင်'

စုစုက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။



'ဒါတော့ မေမေလဲ သေသေချာချာမပြောတတ်ဘူးကွယ့်၊ သေ့းလက်ဝါး ကျန်ယန်းဟာ မင်းဖေဖေအပေါ် စိတ်နာနေပေမယ့် မေမေက သေသေချာချာ ဖျောင့်ဖျ ပြောဆိုပြလို့ နောင်တရသွားခဲ့တယ်လေ'

လုယ်ဝိက မျက်မှောင်ကုတ်လိုက်သည်။

'ဒါဖြင့် နံရံပေါ်မှာရှိနေတဲ့ သေ့းလက်ဝါးရာကို ဘယ်လိုယူဆမလဲဟင်'

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း....မေမေလဲ မစဉ်းစားတတ်အောင် ဖြစ်နေပြီကွယ့်၊ ဒါကြောင့် မေမေက သူ့ကို တွေ့အောင်လိုက်ရှာချင်တာပေါ့'

လုယ်ဝိက....

'လျှို့ဝှက်စံအိမ်မှာ ရှိတဲ့လူဟာ သေ့းလက်ဝါးမဟုတ်ဘူးလား မေမေ'

စုစုက အတန်ကြာအောင် စဉ်းစားနေပြီးမှ....

'အင်း....လူတွေအားလုံးကတော့ သူ့ကို သေ့းလက်ဝါးလို့ ပြောနေကြတာပဲကွယ့်'

လုယ်ဝိက ဒူးထောက်နေရာမှ မတ်တတ်ရပ်လိုက်၏။

'ကျွန်တော်တို့ လျှို့ဝှက်စံအိမ်ကို သွားကြည့်ရင် ကောင်းမယ်ထင်တယ်'

ဟု အကြံပြုလိုက်၏။

စုစုက ခေါင်းညိတ်ပြလိုက်သည်။

'အင်း....ဒါဆိုရင် မေမေလဲ လိုက်ခဲ့မယ်'

ဟု ပြောရင်း လဲလျောင်းနေရာမှ ထရပ်လိုက်၏။

လုယိက သူ့အား ဖေးမလိုက်သည်။

ထို့နောက်

လယ်သမား အိမ်ကလေး အတွင်းမှ ထွက်ခွာသွားကြလေတော့သည်။

....o....



ဝင်းယန်နယ်....

ဝင်းယန်နယ်သည် အလွန်ကြီးမားသော နယ်တစ်ခု ဖြစ်လေသည်။

ဝင်းယန်နယ်မှ အရှေ့တောင်ဘက်သို့သွားပါလျှင် တာမြတ်စန်းတောင်သို့ ရောက်ရှိနိုင်လေသည်။

ယခု....

လုယိ၊ စုစုနှင့် ရှို့ရှို့တို့သာ ဝင်းယန်နယ်မှတစ်ဆင့် တာမြတ်စန်းတောင်ဆီသို့ ခရီးထွက်ခဲ့ကြ၏။

တာမြတ်စန်း တောင်ထိပ်ပေါ်တွင် လျှို့ဝှက်စံအိမ်တည်ရှိသည် မဟုတ်ပါလော။

ခရီးထွက်၍ တတိယနေ့ညနေသို့ ရောက်ရှိလာသောအခါတွင်မူ သူတို့သည် တာမြတ်စန်းတောင်ထိပ်ဆီသို့ ရောက်ရှိလာလေတော့သည်။

လုယိက ဤတာမြတ်စန်းတောင်ထိပ်ဆီသို့ တတိယအကြိမ်မြောက် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

စုစုက ကန်တောင်ပေါ်၌ မတ်တတ်ရပ်ကာ လှမ်းမေးလိုက်၏။

'ကန့်ဘော်ပေါ်မှာ ခေါးတစ်လက်နဲ့ကျောက်စိမ်းသေတ္တာ တစ်လုံး ချိတ်ဆွဲထားတယ်မဟုတ်လား'

လုယ°က သူမအား မေးလိုက်ခြင်းဖြစ်သည်။

လုယ°က လျှို့ဝှက်စံအိမ်သို့ လှမ်းကြည့်ပြီး....

'ဟုတ်တယ် မေမေ'

ဟု ပြောလိုက်၏။

စုစုက အနည်းငယ် စဉ်းစားလိုက်၏။

'ဒါ ဘာဖြစ်လို့ ချိတ်ထားတာလဲ မသိဘူးနော်'

လုယ°က ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော်လဲ မသိဘူးလေ'

စုစုက ကျောက်လှေကားပေါ်သို့ စမ်းတဝါးဝါးဖြင့် လှမ်းတက်ရန် ဟန်ပြင်လိုက်၏။

လုယ°က ဟန့်တားလိုက်သည်။

'မေမေ မသွားပါနဲ့၊ ကျွန်တော် အရင်ဆုံးသွားကြည့်ရင် ပိုကောင်းမယ်ထင်တယ်'



စုစုက အတန်ကြာအောင် စဉ်းစားနေပြီးမှ....

'ငါ့သားရဲ့သိုင်းပညာဟာ အတော့်ကို ထက်မြက်နေတယ်လို့ ကြားတယ်၊ ဒီတော့ မေမေက လျှို့ဝှက်စံအိမ်ကို ငါ့သားသွားတာ ခွင့်ပြုပါတယ်'

ဟု ခွင့်ပြုလိုက်သည်။

လုယ°က မိခင်ထံမှ ခွင့်ပြုချက်ရရှိလိုက်သဖြင့် ကျောက်တံတားပေါ်သို့ လှမ်းတက်လိုက်၏။

စုစုက စိုးရိမ်ကြီးစွာဖြင့်....

'သား....သတိထားသွားပါနော်'

ဟု လှမ်း၍မှာကြားလိုက်၏။

လုယ°က မိခင်ဖြစ်သူအား ဂါရဝပြုလိုက်သည်။

'စိတ်ချပါမေမေ'

ဟု ပြောပြီး ကျောက်တံတားအတိုင်း စံအိမ်ရှိရာသို့ လျှောက်သွားလေတော့သည်။

.... ◦ ....

လုယ°က မကြာမီ စံအိမ်တံခါးဝဆီသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

သူ၏ခြေလှမ်းများက တံခါးဝသို့ ရပ်တန့်လိုက်သည်နှင့် လေပွေကစ်ခု တိုက်ခိုက်လာသည်ဟု ခံစားလိုက်ရ၏။

သူ၏ခြေထောက်နှစ်ဘက်အား မြဲမြဲစွာ ရပ်တန့်ထားလိုက် လေသည်။

သူ၏ရင်ထဲ၌ တလှပ်လှပ်ဖြစ်လာ၏။

ထို့ကြောင့်....

သူက ခါးမှ ပျော့စစ်ခေါးကို ဆွဲထုတ်လိုက်သည်။

စံအိမ်အတွင်းသို့ ဆောက်ရှိသောအခါ နံရံပေါ်တွင် သွေး လက်ပါးရာတစ်ခုကို တွေ့မြင်လိုက်ရ၏။

လုယ°က သတိကြီးစွာထားရင်း စံအိမ်၏အတွင်းပိုင်းဆီသို့ တစ်လှမ်းချင်း တိုးဝင်လိုက်လေသည်။

စံအိမ်အတွင်းရှိ ခုတင်ပေါ်၌ အဘိုးအိုတစ်ယောက် ထိုင် နေခြင်းကို တွေ့မြင်လိုက်လေသည်။

မမျှော်လင့်သောမြင်ကွင်းကြောင့် လုယ°က ရင်ထိတ်သွား မိလေသည်။



သူက အဘိုးအိုအား သေချာစွာ အကဲခတ်ကြည့်လိုက်လေ သည်။

အဘိုးအို၏ဆံပင်များ ဖြူလျော်နေလေသည်။

သူက လုယ°အား စေ့စေ့ကြည့်လိုက်ပြီး....

'မင်းက ဘာလိုချင်လို့ ဝင်လာတာလဲ'

ဟု စူးရှသောအသံဖြင့် မေးလိုက်လေသည်။

လုယ°က အဘိုးအိုအား စိုက်ကြည့်ကာ....

'ခင်ဗျားက သွေးလက်ဝါးလား'

ဟု လေသံမာမာဖြင့် မေးလိုက်လေသည်။

အဘိုးအိုက သူ၏မေးခွန်းကို တိုက်ရိုက်အဖြေမပေးပါ။ သူက လုယ°အား မလှုပ်မယှက်စိုက်ကြည့်ရင်းမှ....

'မင်းက သွေးလက်ဝါးကို တွေ့ချင်လို့လား'

ဟု မေးလိုက်လေသည်။

လုယ°က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

အဘိုးအိုက မျက်မှောင်ကုတ်သွားသည်။

'ဘာကိစ္စတွေချင်တာလဲ'

လုယံက မဲ့ပြုံးပြုံးလိုက်ပြီး....

'စာရင်းရှင်းချင်လို့'

ဟု တစ်ခွန်းချင်း ပြောလိုက်လေသည်။

အဘိုးအိုက အံ့ဩသွားဟန်ဖြင့်....

'ဘာကိစ္စလဲ'

လုယံက သူ့အား အတန်ကြာအောင် စိုက်ကြည့်ပြီးမှ....

'ဝူးကျားဂေဟာ မိသားစုကို သတ်သွားတဲ့ကိစ္စပေါ့'

အဘိုးအိုက ပြုံးလိုက်သည်။

'မင်းက သွေးလက်ဝါးကို သုတ်သင်မယ့်သဘောလား'

ဟု မေးလိုက်လေသည်။

လုယံက ခေါင်းညိတ်လိုက်၏။

'သိပ်ဟုတ်တာပေါ့'



သူက အံ့ကိုတင်းတင်းကြိတ်ကာ ပြောချလိုက်လေသည်။

အဘိုးအိုက သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'မင်းက သူ့ကိုသုတ်သင်ဖို့ အင်အားရှိလို့လား'

လုယံက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်မှာ အင်အားမရှိလဲ သုတ်သင်ရမှာပဲ'

ဟု ပြောချလိုက်လေသည်။

အဘိုးအိုက သဘောကျသွားဟန်ဖြင့် ပြုံးလိုက်၏။

'မင်းက သေရမှာကို မကြောက်ဘူးလား'

လုယံကသူ့အား အေးစက်စက်မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း....

'ကျုပ်အဖေကို သတ်သွားတဲ့ရန်သူကို ဂလဲ့စားချေခွင့်ရမယ်ဆိုရင် ကျုပ်အသက် သေသွားလဲ မသေမြောပါဘူး'

ဟု ပြတ်သားစွာ ပြောလိုက်လေသည်။

သူ၏စကားကိုကြားလိုက်ရသောအခါ အဘိုးအို၏မျက်လုံးအစုံ ဝင်းလက်တောက်ပသွားလေသည်။

သို့သော်....

သူက ချက်ချင်းပင် ဘက်ပြင်းတစ်ချက် ချလိုက်၏။

'အင်း မင်းရဲ့သတ္တိကိုတော့ချီးကျူးပါတယ်၊ ဒါပေမယ့်....

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်လေသည်။

လုယံက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'ဒါပေမဲ့ ဘာဖြစ်သလဲ'

ဟု ခမ်းလိုက်၏။

အဘိုးအိုက လေးတွဲ့စွာဖြင့် သက်ပြင်းတစ်ချက်ချရင်းမှ....

ခေါင်းခါယမ်းကာ....

'ကျုပ်က မင်းအဖေကိုသတ်တဲ့ တရားခံမဟုတ်ပါဘူး'

ဟု တစ်ခွန်းချင်း ပြောလိုက်လေသည်။

ထိုစကားကို ကြားလိုက်ရသောအခါ လုယံ၏ ခန္ဓာကိုယ် တစ်ချက် တုန်ခါသွား၏။



'ဒါဆိုရင် သေွးလက်ဝါးဆိုတာ....'

သူ၏ စကားမဆုံးမီ အဘိုးအိုက ခေါင်းသိတ်လိုက်လေသည်။

'သွေးလက်ဝါးဆိုတာ ကျုပ်ပါပဲ'

သူ၏စကားဆုံးသည်နှင့် လုယံက ဒေါသကြီးစွာဖြင့် လက်ထဲမှ လျှပ်စစ်ဓားဖြင့် အဘိုးအိုထံသို့ တိုက်ခိုက်လိုက်လေသည်။

အဘိုးအိုက ထိုင်ရာမှမထဘဲ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။

ထိုအခါ....

မြေပြင်ရှိသော အင်အားမှာ အရှိန်အဟုန်ပြင်းထန်လွန်းနေသဖြင့် သူသည် သွေးလက်ဝါးအနီးသို့ မကပ်နိုင်ဘဲ ရှိနေလေသည်။

သွေးလက်ဝါးက သူ့အား အေးဆေး တည်ငြိမ်သော လေသံဖြင့်....

'ဒီမှာသူငယ်၊ မင်း ခေါင်းအေးအေးထားပြီး ကျုပ်ပြောတာကို နားထောင်ပါ'

ဟု ပြောလိုက်၏။

လုယဝီက အံကိုတင်းတင်းကြိတ်လိုက်လေသည်။

သူက ဒေါသကြီးစွာဖြင့်....

'ခင်ဗျားက ဘာပြောချင်သေးလို့လဲ၊ ကျုပ်ကတော့ ခင်ဗျားကို မသတ်ရရင် မကျေနပ်ဘူး'

ဟု အော်ဟစ်ရင်း အဘိုးအိုအား သဲသဲမဲမဲ တိုက်ခိုက်လိုက်လေသည်။

သွေးလက်ဝါးက သူ့အား ပြန်လည် တိုက်ခိုက်ခြင်းမပြုပါချေ။

သူက ရှောင်တိမ်း၍သာနေ၏။

လုယဝီက သိုင်းကွက် ဆယ်ကွက်ကျော်အောင် တိုက်ခိုက်လာသည့်တိုင်အောင် သွေးလက်ဝါး၏ အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မပြုပါချေ။

လုယဝီက သွေးလက်ဝါးအားတိုက်ခိုက်ရင်းမှ ငုံ့ကြွလာမိလေသည်။

သူက သွေးလက်ဝါး၏ သိုင်းပညာမှာ မယုံကြည် နိုင်လောက်အောင် အစွမ်းထက်မြက်နေကြောင်းနားလည်လိုက်သည်။



ထို့ကြောင့်လည်း....

သူသည် တိုက်ခိုက်မှုကို ရပ်တန့်ကာ သက်ပြင်းတစ်ချက်ချမိသည်။

သွေးလက်ဝါးက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် လုယဝီအားကြည့်ကာ....

'ကျုပ်က သွေးလက်ဝါးဖြစ်ပေမယ့် မင်းအဖေကိုသတ်တဲ့ တရားခံ မဟုတ်ဘူးကွဲ့'

ဟု ပြောလိုက်သည်။

လုယဝီက သူ့စကားကို ယုံကြည်ခြင်း မရှိပေ။

သူက မဲ့ပြုံးပြုံးလိုက်ပြီး....

'ခင်ဗျားက သွေးလက်ဝါးကျန်ယန်း၊ ကျုပ်အဖေကိုသတ်တာ သွေးလက်ဝါးဆိုတာ သိုင်းလောက တစ်ခုလုံးက သိတယ်ဗျ'

ဟု ပြောပြီး ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သွေးလက်ဝါးက ခေါင်းမာလှသော လုယဝီအားကြည့်ကာ မျက်မှောင်ကုတ်လိုက်၏။

သူက လုယဝီအား စေ့စေ့ကြည့်လိုက်ပြီး....

'မင်းအဖေကို သွေးလက်ဝါးက သတ်သွားတယ်ဆိုတာကို ဘယ်လိုအထောက်အထားပြနိုင်သလဲ'

ဟု မေးလိုက်သည်။

လုယီက....

'ကျုပ်အဖေအိမ်ရဲ့ နံရံပေါ်မှာ သွေးလက်ဝါးရာတစ်ခုကို တွေ့ခဲ့တယ်ဗျ၊ ဒါကြောင့်....ကျုပ်အဖေကို သတ်သွားတဲ့လူဟာ သွေးလက်ဝါးပဲဖြစ်ရမယ်'

ဟု ရိုးသားစွာ ပြောလိုက်သည်။

'နံရံပေါ်မှာ သွေးလက်ဝါးရာတွေ့တယ် ဟုတ်လား'

လုယီအား ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

သွေးလက်ဝါးက စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

'အဲဒါခက်တာပေါ့၊ သွေးလက်ဝါးရာကိုတွေ့တာနဲ့ကျုပ်ရဲ့လက်ဝါးရာလို့ ထင်မှတ်နေသလား'

သူ၏စကားကြောင့် လုယီက ပါးစပ် ဟောင်းလောင်းဖြစ်သွားရသည်။



မှန်ပါသည်....။

မည်သူမဆို လက်ဝါးရာအတုကို ပြုလုပ်နိုင်သည် မဟုတ်ပါလား။

လုယီက ခေါင်းခါယမ်းလိုက်၏။

'မဟုတ်သေးပါဘူး၊ လူတိုင်းက ဒီလက်ဝါးရာကို သွေးလက်ဝါးရာပဲလို့ ပြောကြတယ်လေ'

သွေးလက်ဝါးက တည်ကြည်သော မျက်နှာထားဖြင့်

'ဘယ်သူတွေ ဘာပဲပြောပြော ဝူကျား အိမ်ဂေဟာရဲ့ အိမ်ပေါ်မှာရှိတဲ့ လက်ဝါးရာဟာ ကျုပ်ရဲ့လက်ဝါးရာမဟုတ်ပါဘူး'

ဟု ငြင်းဆိုလိုက်သည်။

လုယီက မဲ့ပြုံးပြုံးလိုက်၏။

'ခင်ဗျား ဝန်မခံရဲဘူး မဟုတ်လား'

သွေးလက်ဝါးက မျက်ခမှာင်ကုတ်လိုက်ပြီးခေါင်းခါယမ်းကာ....

'အို...ကျုပ်က ဒီလောက် အသက်ကြီးနေပြီပဲ၊ ဘာဖြစ်လို့ သေခြင်းတရားကို ကြောက်ရမှာလဲ၊ နောက်ပြီး မင်းက

ဖော ကျုပ်ကို သေအောင် သတ်နိုင်မှာတဲ့လား၊ အမှန်တရားကို ဝန်မခံရဲစရာ မရှိပါဘူး'

လုယံက ခေါင်းခါသမ်းလိုက်၏။

'ခင်ဗျားဘာပြောပြော ကျုပ်မယုံဘူးဗျာ'

သွေးလက်ဝါးက လုယံအား မည်သို့ရှင်းပြရမှန်း မသိအောင် ဖြစ်သွားလေသည်။

ထို့နောက်....

သူက တွေဝေသွားပြီး ငြိမ်သက်စွာ စဉ်းစားနေ၏။

အတန်ကြာမှ....

သူ၏မျက်လုံးများက ရုတ်တရက် ဝင်းလက် တောက်ပလာတော့သည်။

'သူငယ်....မင်းက သွေးလက်ဝါးရာကို မှတ်မိသလား'

ဟု မေးလိုက်၏။

လုယံက ခေါင်းညိတ်လိုက်သည်။

'သိပ်မှတ်မိတာပေါ့ဗျာ'



သွေးလက်ဝါးက ကျေနပ်စွာပြုံးလိုက်ပြီး....

'ကဲ....ဒါဖြင့်ပြောစမ်း၊ လက်ဝါးရာမှာ သက်ချောင်းကလေး ဘယ်နှစ်ချောင်း ရှိသလဲ'

ဟု မေးလိုက်သည်။

လုယံက စဉ်းစားခြင်းပင် မပြုတော့ဘဲ....

'လက်ချောင်းကလေး ငါးချောင်းရှိပါတယ်'

သွေးလက်ဝါးက သူ့အား စေ့စေ့ကြည့်ကာ....

'မင်းက သေချာရဲ့လား'

လုယံက ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်'

သွေးလက်ဝါးက လက်ပြင်းရှည် တစ်ချက် ချလိုက်လေသည်။

ထို့နောက်....

သူက သူ၏လက်ဝါးနှစ်ဘက်ကို ထောင်ပြလိုက်သည်။

'ဟောဒီမှာ ကြည့်စမ်းပါဦး'

လုယိက သူ၏လက်ဝါး နှစ်ဘက်အား လှမ်းကြည့်လိုက်လေသည်။

သူ၏မျက်လုံးများ ပြူးကျယ်သွားသည်။

အကြောင်းမှာ....

သွေးလက်ဝါးကျန့်ယန်း၏လက်ချောင်းများအနက်လက်မတွင် အမြွှာပူး လက်ချောင်းကလေးတစ်ချောင်းရှိနေခြင်းကို တွေ့မြင်လိုက်ရ၍ ဖြစ်လေသည်။

သူက မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် သွေးလက်ဝါး၏ လက်ဝါးများအား စိုက်ကြည့်နေမိ၏။

သွေးလက်ဝါးက ပြုံးလိုက်ပြီး....

'ကဲ....မင်းတွေ့ပြီလား၊ ကျုပ်ရဲ့ လက်ဝါးရာ အမှန်ဆိုရင် လက်ချောင်းကလေး ခြောက်ချောင်းစီ ရှိနေတယ် ဆိုတာကို လေ....'

လုယိက ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

သွေးလက်ဝါးက လုယိအား သေချာစွာကြည့်ကာ...

'ဒီမှာ သူငယ်....ကျုပ်ဟာ တစ်ချိန်တုန်းက စိတ်ထင်ရာ စိုင်းခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမယ့်....မင်းအဖေကိုတော့ မသတ်ခဲ့ပါဘူး'



လုယိက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'ခင်ဗျားက ကျုပ်အဖေဟာ ဘယ်သူဘယ်ဝါဖြစ်နေတယ် ဆိုတာကို သိနေလို့လား'

သွေးလက်ဝါး၏မျက်နှာ ညိုးနွမ်းသွားလေသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

'မင်းရဲ့မျက်နှာက ဝူထင်းနဲ့ ချွတ်စွပ် တူနေတယ်လေ၊ ဝူထင်းဟာ ကျုပ်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းပဲ၊ ဒီတော့ ကျုပ်က မသိဘဲနေပါ့မလား'

လုယိက ပါးစပ်ပိတ်ထားလိုက်ရသည်။

သွေးလက်ဝါးက သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

'အမှန်တော့ ကျုပ်ကိုမင်းအဖေကဖျောင့်ဖျလို့ ကျုပ်ဟာ အသိတရားရခဲ့ပါတယ်'

ဟု အေးဆေးစွာ ရှင်းပြလိုက်သည်။

လုယိက သူ့အား မယုံကြည်ဟန်ဖြင့် ကြည့်လိုက်ပြီး....

'ခင်ဗျားက နောင်တရသွားပြီလို့လဲ ပြောတယ်၊ ဘာဖြစ်လို့ လူတွေသတ်နေရတာလဲ'

သွေးလက်ဝါး၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာကာ....

'ကျုပ်ဟာ ရွှောင်လင်ကျောင်းမှာ အေးအေးဆေးဆေး တရားသွားထိုင်နေခဲ့တာပါ၊ ဘယ်သူက လူတွေလျှောက်သတ်နေရမှာလဲ'

လုယဲ့ကသူ့အား စူးရှစွာကြည့်လိုက်၏။

'ဒါဖြင့် သွေးလက်ဝါးဆိုပြီး သိုင်းလောကထဲမှာရမ်းကားနေတာ ဘယ်သူလဲ'

သွေးလက်ဝါးက....

'မသမာတဲ့လူ တစ်ယောက်ယောက်ဖြစ်မှာပေါ့'

လုယဲ့ကသူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'ဘာလဲ ခင်ဗျားက သွေးလက်ဝါးအတုရှိတယ်လို့ ပြောချင်တာလား'

သွေးလက်ဝါးက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ မင်းအဖေနဲ့တကွ အိမ်သားတွေပါ သတ်သွားတဲ့လူဟာ ကျုပ်နာမည်ကို ခုတုံးလုပ်ပြီး ရမ်းကားနေတဲ့လူပဲ'



ဟု ပြောရင်း ဝမ်းနည်းကြေကွဲလာသဖြင့် အသံများတိမ်ဝင်သွားလေသည်။

လုယဲ့က....

'ကျွန်တော့်ဖေဖေကို သတ်တာ ခင်ဗျားမဟုတ်ဘူးပေါ့ ဟုတ်လား'

သွေးလက်ဝါးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

လုယဲ့က မျက်မှောင်ကုတ်လိုက်၏။

'ဒါဖြင့် တရားခံအစစ်က ဘယ်သူလဲ'

သွေးလက်ဝါးက ခေါင်းခါယမ်းလိုက်ပြန်သည်။
'ကျုပ်လဲ မသိဘူး'

လုယဲ့က သဲလွန်စများ ပျောက်ဆုံးသွားပြီဟု နားလည်လိုက်သည်။

သူက စိတ်ပျက်စွာဖြင့်....

'ဒါဆိုရင် တရားခံကို လိုက်ရှာရဦးမှာပဲ'
ဟု တီးတိုးရေရွတ်လိုက်သည်။

သွေးလက်ဝါးက ပြုံးလိုက်သည်။

'ကျုပ်က တရားခံကိုဖမ်းမိဖို့ အကြံတစ်ခု ရှိနေပါတယ်'

သူ၏စကားကြောင့် လုယိ၏ မျက်လုံးများ ဝင်းလက်တောက်ပသွားလေသည်။

သူက သွေးလက်ဝါးအား ကြည့်ကာ....

'ဘယ်လိုအကြံမျိုးလဲ ပြောစမ်းပါဦး'

ဟု ကမန်းကတန်း မေးလိုက်၏။

သွေးလက်ဝါးက လုယိ၏ မျက်နှာအား စေ့စေ့ကြည့်ကာ....

'ကျုပ်က ဘာကြောင့် စံအိမ်ထိပ်ဖျားမှာ ဓားတစ်လက်နဲ့ ကျောက်စိမ်းသေတ္တာ တစ်လုံးကို ချိတ်ဆွဲထားသလဲ ဆိုတာ သိသလား'

ဟု မေးလိုက်သည်။

လုယိက ကြောင်အမ်းအမ်းဖြင့် ခေါင်းခါယမ်းလိုက်လေသည်။

'မသိပါဘူး'



သွေးလက်ဝါးက....

'ကျုပ်က မင်းအဖေ အသတ်ခံရတဲ့သတင်းကို ကြားလိုက်တော့ ချက်ချင်းလိုက်သွားပါတယ်၊ ဒါပေမယ့် ကျုပ်ရောက်တော့ မင်းအဖေဟာ သေဆုံးနေပြီလေ'

သူက ခေတ္တနားပြီးမှ....

'ကျုပ်က ဘာမှမတတ်နိုင်တော့တဲ့ လှည့်ပြန်မလို့ လုပ်တုန်း တံခါးဝမှာ ဓားတစ်လက်နဲ့ ကျောက်စိမ်းသေတ္တာ တစ်လုံး ကောက်ရခဲ့ပါတယ်'

လုယိက အံ့သြသွားသည်။

'ဟုတ်သား၊ ဒါဆိုရင် ဒီဓားဟာ ကျွန်တော့်အဖေကို သတ်တဲ့လူရဲ့ပစ္စည်းပဲ ဖြစ်ရမယ်'

သွေးလက်ဝါးက ခေါင်းညိတ်လိုက်သည်။

'ဖြစ်နိုင်ပါတယ်၊ ဓါးရိုးပေါ်မှာ ဝူး လို့ စာလုံးရေးထားပြီး ကျောက်စိမ်းသေတ္တာပေါ်မှာတော့ 'ရ' ဆိုတဲ့စာလုံး တစ်လုံး ရေးထွင်းထားတာ တွေ့ရတယ်လေ'

လုယိက စိတ်ဝင်စားစွာ နားထောင်ရင်းမှ ကြားဖြတ် မေးလိုက်သည်။

'ဒီခေါးနဲ့ ကျောက်စိမ်းသေတ္တာကို ခင်ဗျားက ယူလာပြီး စံအိမ်ထိပ်ဖျားမှာ ချိတ်ထားလိုက်တာပေါ့ ဟုတ်လား'

သွေးလက်ဝါးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လုယီက မျက်မှောင်ကုတ်လိုက်၏။

'ဘာဖြစ်လို့ ချိတ်ထားတာလဲ'

သွေးလက်ဝါးက တစ်ချက်ဟန့်တားလိုက်ပြီး....

'ကျုပ်က ဒီပစ္စည်းတွေဟာ မင်းအဖေကို သတ်တဲ့လူရဲ့ ပစ္စည်းလို့ ထင်တယ်လေ၊ ဒါကြောင့် ကျုပ်က ယူလာပြီး စံအိမ်ထိပ်ဖျားမှာ ချိတ်ထားလိုက်တယ်'

သူက စကားကို ခေတ္တရပ်နားကာ လုယီအား ကြည့်လိုက်လေသည်။

လုယီက စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့မြင်လိုက်ရသောအခါမှ စကားဆက်လိုက်သည်။

'ဒီလိုချိတ်ထားတာကိုတွေ့ရင် လူသတ်သမားဟာ တစ်နေ့မဟုတ်တစ်နေ့ သူ့ရဲ့ပစ္စည်းကို လာယူမှာပဲလို့ စဉ်းစားမိတယ်လေ'



လုယီက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'ခင်ဗျားစဉ်းစားတာ ဖြစ်နိုင်ပါတယ်၊ ဒါနဲ့ ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ဖေဖေကို သတ်တဲ့လူကို ဖော်ထုတ်ချင်ရတာလဲ'

သွေးလက်ဝါးက....

'ဒါကတော့ အချက်နှစ်ခု ရှိပါတယ်၊ ပထမအချက်က ကျုပ်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေ ဝူထင်းကို သတ်တဲ့အရူးခံကို ဖော်ထုတ်ပေးချင်ပါတယ်'

'ဒုတိယအချက်ကကော'

'ဒုတိယအချက်ကတော့ ကျုပ်ရဲ့သွေးလက်ဝါးဆိုတဲ့နာမည်ကို အလွဲသုံးစားလုပ်တဲ့လူတွေကို ဆုံးမချင်လို့ပါပဲ'

လုယီက အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ....

'သူက ခေါးနဲ့ ကျောက်စိမ်းသေတ္တာကို လာမယူသေးဘူးလား'

သွေးလက်ဝါးက ခေါင်းခါယမ်းလိုက်၏။

'မလာသေးဘူးကွယ့်'

လုယီက မျက်ခုံးပင့်လိုက်သည်။

'ဘာဖြစ်လို့ လာမယူသေးတာလဲ'

သွေးလက်ဝါးက မဲ့ပြုံးပြုံးလိုက်သည်။

'ဒီနေရာကို လူအတော်များများ ရောက်လာနေကြတော့ သူက မလာသေးဘူးလေ'

လုယ°က မျက်မှောင်ကုတ်ကာ....

'ခင်ဗျားက စံအိမ်ကိုလာတဲ့လူတွေ မှန်သမျှကို တိုက်ခိုက်လွှတ်နေတာကိုး၊ ဒီတော့ ဘယ်သူက လာရဲမှာတဲ့လဲ'

သွေးလက်ဝါးက ရယ်မောသံက်၏။

'ကျုပ်က မဆီမဆိုင်တဲ့လူတွေကို တိုက်ခိုက်လွှတ်မှ သူက လာတော့မှာပေါ့ကွ'

လုယ°က သူ့အား စေ့စေ့ကြည့်လိုက်သည်။

'သူက ဘယ်တော့လာမယ်လို့ ခင်ဗျားထင်သလဲ'

သွေးလက်ဝါး အပြင်သို့ တစ်ချက်ကြည့်လိုက်ပြီး...

'အခုဆိုရင် စံအိမ်ကိုလာတဲ့လူတွေ အတော်ကို နည်းပါး လာပြီလေ၊ ဒါကြောင့် သူဟာ ဒီသုံးလေးရက်အတွင်း ရောက် လာသိမ့်မယ်လို့ ကျုပ်ထင်တယ်'

ဟုပြောပြီး လုယ°အား စိုက်ကြည့်ကာ....

'မင်းက မင်းအဖေကိုသတ်သွားတဲ့ တရားခံကို ဖမ်းချင် တယ်ဆိုရင် ကျုပ်နဲ့အတူတူ ဒီမှာစောင့်နေပါလား'

လုယ°က ထိုစကားကြောင့် တွေဝေသွားလေသည်။

သူက နေသင့်မနေသင့် စဉ်းစားနေစဉ် ချော်ဝက်စံအိမ် အတွင်းသို့ အသွားအိုနှင့် ရှိရှိတို့က လှမ်းဝင်လာခြင်းကို တွေ့မြင်လိုက်ရ၏။



သူက မိခင်ဖြစ်သူအား အကြောင်းစုံ ရှင်းပြလိုက်လေ သည်။

စုစုက ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ....

'မေမေက ဒီအကြောင်းတွေကို သိပြီးပါပြီကွယ်၊ သားကို ကိုယ်တိုင်ကိုယ်ကျ သိနိုင်အောင် လွှတ်လိုက်တာပါ'

ဟု ပြောလိုက်၏။

လုယ°က ခေါင်းညိတ်လိုက်လေသည်။

'ကျွန်တော် သဘောပေါက်ပါပြီမေမေ၊ တရားခံကိုဖမ်းဖို့ သား ဒီက ဘဘသွေးလက်ဝါးနဲ့အတူ စောင့်နေပါတော့မယ်'

ဟု ပြောလိုက်သည်။

စုစုက ငိမ်းသာသွား၏။

'ဒါဆိုရင် မေမေလဲ သားနဲ့အတူတူစောင့်ရင်း ခင်းဖေဖေ အတွက် လက်စားချေပေးပါ့မယ်'

ဟု ပြောလိုက်လေသည်။

## လူသတ်သမား

ညဥ့်....

မှောင်မည်းသောညဥ့် ဖြစ်လေသည်။

လျှို့ဝှက်အိမ်သည် အမှောင်ထုထဲတွင် ငြိမ်သက်စွာ ထီးထီးကြီး တည်ရှိနေပုံမှာ စိတ်ကိုလှုပ်ရှားဖွယ်ရာ ကောင်းလှပေသည်။

စံအိမ်၏ ဝန်းကျင်တစ်ခုလုံး လေတိုးသည်မှအပ တိတ်ဆိတ်ငြိမ်သက်ခြင်းမက တိတ်ဆိတ်နေ၏။

စံအိမ်ထိပ်ဖျားပေါ်၌ ချိတ်ထားသော ခေါင်းနှင့် ကျောက်စိမ်း သေတ္တာသည် လေအဝေ့တွင် ယိမ်းထိုးနေလေသည်။

ထိုစဉ်....



လူရိပ်တစ်ခုက ရေကန်တောင်အတိုင်း လျင်မြန်စွာ ချဉ်းကပ်သွားလေသည်။

သူက စံအိမ်သို့သွားရာ တံတားထိပ်သို့ ရောက်ရှိသောအခါ ခြေလှမ်းရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံး အနက်ရောင်ကိုယ်ကျပ်အင်္ကျီအား ဝတ်ဆင်ထားပြီး မျက်နှာပေါ်တွင် အနက်ရောင်မျက်နှာဖုံးကို စည်းထား၏။

သူ၏လက်ထဲတွင် ဓားဘစ်လက်ကို တင်းကျပ်စွာ ကိုင်ဆောင်ထားကာ စံအိမ်ရှိရာသို့ ဦးတည်၍ လျှောက်လှမ်းသွားလေတော့သည်။

....-....

ဝန်းကျင်တစ်ခုလုံး လေတိုးသံမှအပ တိတ်ဆိတ်နေလေသည်။

တစ်ခါတရံ ပုရစ်အော်သံများဆူညံစွာထွက်ပေါ်လာသည်မှအပ မည်သည့်အသံမျှ မကြားရပါချေ။

ထိုလူသည် တရွေ့ရွေ့ လာနေရာမှ စံအိမ်အနီးသို့ ရောက်ရှိလာသောအခါ ခြေလှမ်းရပ်တန့်လိုက်ပြီး ဘေးဆီသို့ အကဲခတ်ကြည့်လိုက်၏။

တဖန်စံအိမ်အတွင်းသို့အကဲခတ်ကြည့်လိုက်ပြန်လေသည်။

ရုတ်တရက် သူ၏ခန္ဓာကိုယ်က ကြောင်တစ်ကောင်၏ပေါ့ပါးခြင်းမျိုးဖြင့် စံအိမ်၏ ဒုတိယထပ်ဆီသို့ ခုန်တက်သွားလေသည်။

သူ၏လှုပ်ရှားပုံမှာ ကိုယ်ဖော့ပညာ ထိပ်တန်းအဆင့်ကို ရောက်ရှိနေသော သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိသာလှပေသည်။

သူက ဒုတိယထပ်သို့ ရောက်ရှိသောအခါ ခေတ္တရပ်တန့်ကာ အခြေအနေအား အကဲခတ်ကြည့်နေပြန်လေသည်။

ဝန်းကျင်တစ်ခုလုံး ပကတိတိတ်ဆိတ်နေလျက်ပင် ထိုလူက တစ်ခဏအတွင်းမှာပင် တတိယထပ်ဆီသို့ ထပ်မံခုန်တက်သွားလေသည်။



ယင်းနောက် တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ အပေါ်ဆုံးထပ်သို့ ရောက်ရှိသွားလေသည်။

သူက အပေါ်ထပ်သို့ ရောက်ရှိသွားသည်နှင့် ချိတ်ထားသော ဓားနှင့်ကျောက်စိမ်းသေတ္တာငယ်ကလေးအား လှမ်းယူလိုက်၏။

သို့သော်....

သူ၏လက်က လှမ်းယူအံ့ဆဲဆဲတွင် ရုတ်တရက် နောက်မှ လေတိုးသံအား ကြားလိုက်ရလေသည်။

ဤတွင်...

သူက ကမန်းကတန်း လှည့်ကြည့်လိုက်ရာ စံအိမ်အတွင်းမှ လူတစ်ယောက် ခုန်ထွက်လာခြင်းကို တွေ့မြင်လိုက်ရ၏။

တစ်ဆက်တည်းမှာပင် ထိုသူ့အား တိုက်ခိုက်လိုက်၏။

အနက်ရောင် ဝတ်ဆင်ထားသောလူက ထိတ်လန့်ကာ နောက်သို့ ဆုတ်သွားလေသည်။

သူသည် ဓားနှင့်ကျောက်စိမ်းသေတ္တာလေးကိုပင် မယူနိုင်တော့ဘဲ တိုက်ခိုက်ခြင်းကို ရှောင်တိမ်းလိုက်ရလေသည်။

သူ့အား တိုက်ခိုက်လိုက်သူမှာ လုယဉ်ပင်ဖြစ်၏။

လုယ°နှင့် အနက်ရောင် ဝတ်ဆင်ထားသော လူတို့ အပြန်အလှန် တိုက်ခိုက်နေစဉ်မှာပင် သွေးလက်ဝါးက ခုန်ထွက်လာသော....

'ဟေ့...ခင်ဗျားက ဝူကျားဂေဟာမှာ ကျန်ရစ်ခဲ့တဲ့ ဓားကို ပြန်လိုချင်လို့ မဟုတ်လား'

ဟု အော်ဟစ်မေးမြန်းလိုက်လေသည်။

ထိုစကားကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူ၏ ခန္ဓာကိုယ်မှာ မသိမသာ တုန်လှုပ်သွား၏။

သူ၏မျက်နှာဖုံးမှာ မျက်လုံးနေရာတွင် အပေါက်ဖောက်ထားသည်ဖြစ်ရာ ထိုအပေါက်နေရာမှ မျက်လုံးများက သွေးလက်ဝါးအား စူးစိုက်ကြည့်နေလေသည်။

ထို့နောက် အေးစက်စက်အသံဖြင့်....

'ခင်ဗျားက သွေးလက်ဝါးမဟုတ်လား'

ဟု မေးလိုက်သည်။

သွေးလက်ဝါးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ဟာ သွေးလက်ဝါးအစစ်ပါပဲ၊ ကျုပ်ရဲ့ နာမည်ကို အလွဲသုံးစားလုပ်ပြီး ကျုပ်မိတ်ဆွေ ဝူထင်းကို သတ်သွားတဲ့ ခင်ဗျားကို လာစောင့်နေတာပါ'



ထိုလူ၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

သူက ထိတ်လန့် တုန်လှုပ်စွာဖြင့်...

'ခင်ဗျား ဘာတွေလာပြောနေတာလဲ'

ဟု မေးလိုက်သည်။

သွေးလက်ဝါးက ပြုံးလိုက်၏။

'ခင်ဗျားက နားမလည်ချင်ယောင် ဆောင်မနေပါနဲ့ဗျာ'

ထိုလူက ဟန်ကိုယ့်ဖို့ဆိုသော စကားအတိုင်း ပခုံးတစ်ချက် တွန့်လိုက်သည်။

'ကျုပ်...ဘာမှမသိဘူး၊ ကျုပ်သိထားတာက ဒီစံအိမ်ပေါ်မှာ ဓားတစ်လက်နဲ့ ကျောက်စိမ်းသေတ္တာတစ်လုံး ချိတ်ထားတယ်၊ အဲဒါတွေကို ယူချင်လို့ လာခဲ့တာပဲ'

သွေးလက်ဝါးက ရယ်မောလိုက်သည်။

'ဒါဟာ မင်းရဲ့ပစ္စည်းတွေ မဟုတ်လား'

ထိုလူက ခေါင်းယမ်းလိုက်သည်။

'မဟုတ်ဘူး'

သွေးလက်ဝါးက မျက်မှောင်ကုတ်လိုက်၏။

'ဒါဖြင့် မင်းက ဘာဖြစ်လို့လာပြီး ခိုးရတာလဲ'

ထိုလူက....

'ကျုပ်က သိုင်းသမားတစ်ယောက်လေ၊ ဒါကြောင့် ကောင်းတဲ့ဓားဆိုရင် လိုချင်တဲ့စိတ်တွေ ပေါ်ပေါက်လာတာပေါ့'

သွေးလက်ဝါးက ခေါင်းအသွင်သွင် ခါယမ်းလိုက်၏။

'မဟုတ်ဘူး၊ ဒီပစ္စည်းတွေဟာ မင်းရဲ့ ကိုယ်ပိုင်ပစ္စည်းတွေပါ'

ထိုလူက သူ့အား စူးရှစွာစိုက်ကြည့်လိုက်သည်။

'ခင်ဗျားက ဘာအထောက်အထား ပြနိုင်လို့လဲ'

သွေးလက်ဝါးက သူ့အား စေ့စေ့ကြည့်လိုက်၏။

'ကျုပ်က ဘာအထောက်အထား ပြနိုင်သလဲ၊ ဟုတ်လား'

'ဟုတ်တယ်လေ၊ စွပ်စွဲတယ်ဆိုတာ အထောက်အထားရှိရမှာပေါ့'



'သိပ်ရှိတာပေါ့၊ ဓားပေါ်မှာ ဝူဆိုတဲ့ အက္ခရာစာလုံးတစ်လုံး ရှိနေတယ်လေ'

ထိုလူက ရယ်မောလိုက်သည်။

'ဒါဆိုရင် ဒီဓားဟာ ဝူထင်းရဲ့ ဓားဖြစ်မှာပေါ့'

သွေးလက်ဝါးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ ဓားပေါ်မှာတွေ့ရတဲ့ ဝူဆိုတဲ့အက္ခရာဟာ ဝူထင်းအမျိုးအနွယ်ရဲ့ အက္ခရာချင်းတူပေမယ့် အသံထွက်ခြင်း မတူဘူးလေ'

ထိုလူက သူ့အား စူးရှစွာစိုက်ကြည့်ရင်း....

'ထားပါတော့ဗျာ၊ ဒီဓားကို ကျုပ်ဓားဖြစ်ပါတယ်လို့ ခင်ဗျားက ဘယ်လိုပြောနိုင်သလဲ'

သွေးလက်ဝါးက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

'ဒါကတော့ ကျုပ်က ခင်ဗျားဟာ ဘယ်သူဘယ်ဝါဆိုတာ သိထားတယ်လေ'

သူ၏စကားကြောင့် ထိုလူ၏ခန္ဓာကိုယ်မှာ အကြီးအကျယ် တုန်လှုပ်သွားသည်။

သူက မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....

'ခင်ဗျားက ကျုပ်ဘယ်သူလဲဆိုတာ သိတယ်၊ ဟုတ်လား'

ဟု မေးလိုက်၏။

သွေးလက်ဝါးက ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူက ထိုလူအား စေ့စေ့ကြည့်ကာ....

'သိပ်သိတာပေါ့ကွာ၊ ခင်ဗျားဟာ တစ်ချိန်တုန်းက ကျုပ်နဲ့ အင်မတန် ရင်းနှီးခဲ့တာပဲ၊ ဒီတော့ မင်းအသံကို ငါမမှတ်မိဘဲ နေပါ့မလား'

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'အင်း....အမှန်တော့ လောကကြီးထဲမှာ ကြောက်စရာ အကောင်းဆုံးရန်သူဟာ ကိုယ်နဲ့ အရင်းနှီးဆုံးမိတ်ဆွေပဲဆိုတာ ကျုပ် အခု နားလည်ခဲ့ရပါပြီ'

ထိုလူသည် သူ၏စကားကို ကြားလိုက်ရသောအခါ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

သွေးလက်ဝါးက သက်ပြင်းတစ်ချက်ချလိုက်၏။

'ဒီမှာစုထုံး၊ ခင်ဗျားက ကျုပ်ကို လိမ်ချင်သေးသလား'



သူ၏စကားကြောင့် လုယိ၏မျက်လုံးများ ပြူးကျယ်သွားမိသည်။

သွေးလက်ဝါး၏ ထင်မြင်ယူဆချက်များသာ မှန်ကန်ခဲ့ပါလျှင် မိမိဖခင်အား သတ်သွားသည့်တရားခံမှာ စုထုံးပင်ဖြစ်လေသည်။

သူက ထိုလူအား စူးစိုက်၍ ကြည့်လိုက်သည်။

ထိုလူက စကားမပြောတော့ပါချေ။

သူက တိတ်ဆိတ်စွာဖြင့် မျက်နှာပေါ်ရှိ စည်းထားသော အဝတ်ကို ချွတ်ချလိုက်သည်။

မှန်ပါသည်။

သူသည် ခတ်ပန်းဂိုဏ်းချုပ်နေရာကို ရယူရန် လောဘတက်နေသော စုထုံးပင်ဖြစ်၏။

သွေးလက်ဝါးက သူ့အားကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်....

ဖြည်းလေးစွာဖြင့်....

'ဝါကျထင်း အသတ်ခံရစဉ်က သေနတ်လက်ဝါးက သတ်သွားတယ်ဆိုတဲ့သတင်းတွေ ထွက်ခဲ့ပါတယ်၊ ဒါကြောင့် ကျုပ်က ဝါကျကျားဂေဟာကို သွားရောက်ကြည့်ရှုခဲ့ပါတယ်'

သူက ခေတ္တရပ်နားပြီးမှ စကားဆက်လိုက်၏။

'ကျုပ် ဟိုကိုရောက်သွားတဲ့အခါမှာ ဒီခဲ့ဘဲကိုတွေ့ခဲ့ရတယ်လေ၊ ခဲ့ဘဲမှာရေးထားတဲ့ အက္ခရာကိုကြည့်လိုက်တာနဲ့ မင်းရဲ့ခဲ့ဘဲဆိုတာကို ရိပ်စားမိလိုက်တယ်၊ ဒါပေမယ့် မင်းဟာ ခတ်ပန်းဂိုဏ်းချုပ်နေရာကို ဆက်ခံဖို့ အလားအလာရှိနေတဲ့ပုဂ္ဂိုလ်တစ်ယောက်ဆိုတော့ ကျုပ်က အရမ်းမစွပ်စွဲရဲခဲ့ဘူးလေ'

စုထူးက မဲ့ပြုံးပြုံးလိုက်၏။

'ဒီတော့ ပိုပြီးသေချာအောင် ဒီခဲ့ဘဲကို ဒီမှာချိတ်ထားပြီး ကျုပ်လာအောင် ထောင်ချောက် လုပ်ထားတာပေါ့ ဟုတ်လား'

သေနတ်လက်ဝါးက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ အခုတော့ ကျုပ်ရဲ့ ထောင်ချောက်ထဲကို မင်းက ရောက်ရှိလာပြီမဟုတ်လား၊ ကဲ....ခင်ဗျားဘာပြောစရာရှိသေးသလဲ'

စုထူးက ရယ်မောလိုက်၏။



'ခင်ဗျားက ဒီလိုထင်ရင် မှားမှာပေါ့ဗျာ'

သူက ပြောရင်း လက်ထဲမှအရာဝတ္ထုတစ်ခုဖြင့် သေနတ်လက်ဝါးထံသို့ လှမ်းပစ်လိုက်သည်။

တစ်ဆက်တည်းမှာပင်....

သူ၏ခန္ဓာကိုယ်ကို နောက်သို့လှန်ချလိုက်ပြီး ရေကန်ထဲသို့ ခုန်ချလိုက်သည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် လုယဝ်နှင့် သေနတ်လက်ဝါးတို့က ကြောင်အမ်းအမ်းဖြစ်သွားမိသည်။

အမှန်တွင်....

အတိုးအိုက စုထူး ပစ်လွှင့်လိုက်သော အရာဝတ္ထုအား လက်နက်ပုန်းဟုယူဆကာ ရှောင်တိမ်းလိုက်ခြင်း ဖြစ်သည်။

သည် ထိုအရာဝတ္ထု ကြမ်းပေါ်သို့ကျသွားသောအခါမှ သေသေချာချာ ကြည့်လိုက်မိသည်။

သူ၏မျက်လုံးများ ပြူးကျယ်သွားမိသည်။

အကြောင်းမှာ....

စုထူးပစ်လိုက်သော အရာမှာ လက်နက်ပုန်း မဟုတ်ဘဲ လက်နက်ပုန်းထက်ပင် ကြောစရာကောင်းလှသော ဝါးကျည်တောက် တစ်မျိုးဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၍ ဖြစ်သည်။

သူက ဝါးကျည်တောက်အား တွေ့မြင်လိုက်သည်နှင့် ဝါးကျည်တောက်အတွင်း၌ ပေါက်ကွဲစေတတ်သော ယမ်းများကို ထည့်ထားကြောင်း သိရှိလိုက်၏။

ထို့ကြောင့်.....

သူက ထိတ်လန့်စွာဖြင့်....

'ဟေ့....လုယံ....မြန်မြန်ရှောင်စမ်း'

ဟု အော်ပြောရင်း သူ၏ခန္ဓာကိုယ်ပေါ်သို့ ခုန်အုပ်လိုက်လေသည်။

ယင်းတဒင်္ဂ အချိန်အတွင်းမှာပင်....

'ဝုန်း....'

ဟူသော ပေါက်ကွဲသံကြီးသည် ကြောက်မက်ဖွယ်ရာ မြည်ဟည်း ထွက်ပေါ်လာလေတော့သည်။

စုထုံးပစ်လိုက်သော ဝါးကျည်တောက်က ပေါက်ကွဲသွားပြီ ဖြစ်၏။

ယင်းပေါက်ကွဲမှုကြောင့် စံအိမ်၏ ခေါင်မိုးမှာ ပွင့်ထွက်သွားလေသည်။



ထိုပေါက်ကွဲမှုကြောင့် စံအိမ်ပေါ်၌ချိတ်ထားသော ဓားမှာ ရေကန်ထဲသို့ လွင့်စဉ်ကျသွားလေသည်။

လုယံက မိမိ၏ခန္ဓာကိုယ်ပေါ်တွင် ဖိထားသော သွေးလက်ဝါး၏ ခန္ဓာကိုယ်အား တွန်းဖယ်လိုက်သည်။

သူက ယင်းသို့တွန်းဖယ်လိုက်သောအခါမှ သွေးလက်ဝါး၏ ကျောပြင်တစ်ခုလုံး သွေးချင်းချင်း နီရဲနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် ရင်ထိတ်သွားပြီး သွေးလက်ဝါးအား သေချာစွာ စမ်းသပ် ကြည့်လိုက်သောအခါ သွေးလက်ဝါးမှာ ဝိညာဉ်ကင်းမဲ့နေပြီကို တွေ့မြင်လိုက်ရလေတော့သည်။

ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေသည်။ သွေးလက်ဝါး၏အလောင်းသည် ကျောက်ခုတင်ပေါ်၌ လဲလျောင်းနေ၏။

ယခု....

စုစုနှင့် ရှို့ရှို့တို့သည် ခုတင်အနီး၌ ရပ်ကာ သွေးလက်ဝါး၏အလောင်းအား ငေးမော၍ ကြည့်နေလေသည်။

လုယဝိက ဝမ်းနည်းကြေကွဲစွာဖြင့်....

'ကျွန်တော်က သူဟာ ဖေဖေ့ကိုသတ်တဲ့ တရားခံတစ်ဦးလို့ ထင်ပြီး နာကြည်းမုန်းတီးနေခဲ့မိတာ၊ အခုတော့ သူက ကျွန်တော့်အသက်ကို သူ့အသက်နဲ့လဲပြီး ကာကွယ်သွားတယ် မေမေ'

'ဟု မချိတင်ကဲ ပြောလိုက်သည်။

စုစု၏မျက်ဝန်းအိမ်မှ မျက်ရည်များ စီးကျလာသည်။

'သူဟာ မင်းဖေဖေနဲ့ မေမေတို့ လက်ထပ်လိုက်လို့ စိတ်လေလွင့်ပြီး ထင်ရာစိုင်းခဲ့ပေမယ့် မင်းအပေါ်မှာတော့ သစ္စာရှိပါတယ်ကွယ်၊ အခုလဲ သူ့အချစ်ဆုံး သူငယ်ချင်းရဲ့သား အတွက် သူ့အသက်ကိုစွန့်ပြီး ကာကွယ်သွားခဲ့တာပါ'



လုယဝိက သွေးလက်ဝါး၏အလောင်းနံဘေးတွင် ဒူးထောက်ချလိုက်လေသည်။

ထို့နောက် ..

လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီး....

'အဘ....အဘရဲ့ကျေးဇူးကို ကျွန်တော် တစ်သက်လုံးမမေ့ပါဘူးဗျာ၊ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့ အဘနဲ့ ဦးတို့ကို လုပ်ကြံသွားတဲ့ တရားခံကို ကျွန်တော် ကလဲ့စားချေပေးပါ့မယ်လို့ ကတိပေးလိုက်ပါတယ်'

ဟု တီးတိုးရေရွတ်ကာ ကတိပေးလိုက်လေတော့သည်။

....ဝ....

လုယိသည် သွေးလက်ဝါး၏ အလောင်းအား မြေမြှုပ်ပြီးနောက် မိခင်အား ဝူကျားဂေဟာဆီသို့ ပြန်လွှတ်လိုက်လေသည်။

သူကမူ လူသတ်သမား စုထုံးအားဖမ်းဆီးနိုင်ရန် ခတ်ပန်းဂိုဏ်းချုပ်၏ ဌာနချုပ်ရှိရာသို့ ဦးတည် ထွက်ခွာလာခဲ့လေသည်။

သူက ယင်းသို့ ထွက်ခွာလာချင်း ကုမွန်တုံးအား ပြန်လည် သတိရလာမိသည်။

ယင်းသို့ သတိရလာမိသည်နှင့် တစ်ပြိုင်နက် သူသည်ကုမွန်တုံးအပေါ် သံယောဇဉ်တွယ်နေမိကြောင်းသတိပြုလိုက်မိ၏။

ထိုအချိန်....

ရုတ်တရက် သူ့နောက်မှ ခြေသံတစ်ခုထွက်ပေါ်လာသောကြောင့် လှည့်ကြည့်လိုက်ရာအဘွားအိုတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

ထိုအဘွားအိုမှာ လီရှဲကိုး ပင် ဖြစ်သည်။

လုယိက သူမအား စေ့စေ့ကြည့်လိုက်ပြီး....
'ခင်ဗျားက ဘာကိစ္စနဲ့ ကျုပ်နောက်ကို လိုက်နေရတာလဲ'
ဟု မေးလိုက်သည်။



လီရှဲကိုးက စူးရှသော မျက်လုံးအစုံဖြင့် သူ့အား စိုက်ကြည့်ရင်းမှ....

'အကြောင်းရှိလို့ပေါ့'

ဟု တိုတိုတုတ်တုတ် ပြောလိုက်သည်။

လုယိက မျက်မှောင်ကုတ်လိုက်ပြီး....

'ဘာအကြောင်းလဲ'

'မင်းက လျှို့ဝှက်စံအိမ်ထဲကိုရောက်သွားခဲ့တယ်လို့ကြားတာ ဟုတ်သလား'

'ဟုတ်ပါတယ်....အဲဒါ ဘာဖြစ်သလဲ'

လီရှဲကိုး၏ မျက်လုံးများ ဝင်းလက် တောက်ပလာသည်။

'ဒါဆိုရင်...မင်းက သွေးလက်ဝါးကို တွေ့ခဲ့မှာပေါ့နော်...'

သူမ၏အသံမှာ ပျော့ပျောင်းညင်သာလာသည်။

လုယိက ခေါင်းညိတ်လိုက်သည်။

'တွေ့ခဲ့ပါတယ်'

လီရှဲကိုးက ကျေနပ်စွာ ပြုံးလိုက်သည်။

'မင်းတွေ့ခဲ့တာ သွေးလက်ဝါးအစစ် ဟုတ်ရဲ့လား'

လုယိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....သူဟာ သွေးလက်ဝါးအစစ်ပါပဲ'

လီရှဲကိုးက....

'မင်းက သွေးလက်ဝါး အစစ်နဲ့အတုကို ခွဲခြားတတ်လို့လား'

လုယိက ခေါင်းတစ်ချက်ဆတ်လိုက်ပြီး....

'သွေးလက်ဝါး အစစ်ရဲ့ လက်ဝါးနှစ်ဘက်မှာ လက်ပွားကလေး ကစ်ခုစီ အပိုရှိနေတယ်ဆိုတာ ကျုပ်တွေ့ခဲ့ပါတယ်'

လီရှဲကိုးရဲ့မျက်နှာ ဝင်းလက်တောက်ပလာသည်။

သူမက ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး....

'အခု....သူ စံအိမ်ထဲမှာ ရှိသေးသလား ဟင်'

ဟု မျှော်လင့်ကြီးစွာဖြင့် မေးလိုက်သည်။

လုယိက သက်ပြင်းတစ်ချက် ချလိုက်၏။



'...မရှိတော့ပါဘူး'

'သူက ဘယ်သွားနေလို့လဲ'

'သူသေသွားပါပြီ'

လီရှဲကိုး၏မျက်နှာ တင်းမာ ခက်ထန်လာကာ လုယိ၏ လက်ကောက်ဝတ်အား ရုတ်တရက်ဖမ်းဆုပ်လိုက်သည်။

'မှန်မှန်ပြောစမ်း မင်းကသူ့ကို သတ်လိုက်သလား'

လုယိက ခေါင်းခါယမ်းပြသည်။

'မဟုတ်ဘူး'

လီရှဲကိုးက အေးစက်စက်လေသံဖြင့်....

'ဒါဆိုရင် သူ့ကို ဘယ်သူသတ်လိုက်တာလဲ'

ဟု မေးလိုက်သည်။

လုယိက သက်ပြင်းတစ်ချက်ချကာ....

'ခတ်ပန်းဂိုဏ်းက စုထုံးပါ'

လီရှဲကိုးက သူ၏စကားကြောင့် ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်ဘူး....လုံးဝမဖြစ်နိုင်ဘူး'

သူမက လုယ°၏လက်ကောက်ဝတ်အားပို၍တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး....

'မင်း လိမ်ပြောနေတာ မဟုတ်လား'

ဟု မေးလိုက်လေသည်။

လုယ°က သက်ပြင်းတစ်ချက်ချကာ အကြောင်းစုံ ရှင်းပြလိုက်တော့သည်။

လိရှဲကိုးက သူ၏စကားကို နားထောင်ပြီးသောအခါဖမ်းဆုပ်ထားသော လက်ကောက်ဝတ်အား ဖြေပေးလိုက်၏။

သူမ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော အရိပ်အယောင်များ ဖြစ်ပေါ်နေလေသည်။

သူမက ဒေါသကြီးစွာဖြင့်....

'စုထုံး... စုထုံး....ဒင်းကို ငါကိုယ်တိုင်သတ်မယ်'

ဟု အော်ဟစ်ကာ ထိုနေရာမှ ပြေးလွှားထွက်ခွာ သွားလေတော့သည်။

လုယ°က လိရှဲကိုးအားကြည့်ကာ လိရှဲကိုးမှာ သေးသေးကွေးလေးကျုံ့ယန်းအပေါ် သံယောဇဉ်ကြီးကြောင်း သိရှိနားလည်လိုက်လေတော့သည်။

....◌....



ဤနေရာသည် ဘုံကျောင်းပျက်တစ်ခုဖြစ်၏။

ဘုံကျောင်းပျက်မှာ ကျယ်ဝန်းပြီး ဟောင်းနွမ်း ဆွေးမြည့်ဖွယ် ရှိနေပြီဖြစ်သည်။

အမှန်ပွင့်....

ဤဘုံကျောင်းပျက်မှာ ခတ်ပန်းဂိုဏ်းချုပ်၏ ဌာနချုပ်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း....

ခတ်ပန်းဂိုဏ်း၏ ကိုးရာ၀၀ မှန်သမျှအား ဤနေရာမှ ဆောင်ရွက်ကြလေ့ရှိသည်။

လုယ°က အမှောင်ရိပ်ကိုခိုကာ ဘုံကျောင်းပျက် ရှိရာသို့ တိတ်တဆိတ် ဝင်ရောက်လာသည်။

ဘုံကျောင်းပျက်ထဲ၌ အလင်းရောင် အနည်းငယ် ရှိနေသည်မှအပ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသည်။

ဘုံကျောင်းအပြင်ဘက်မှ ခတ်ပန်းဂိုဏ်းသား တစ်ချို့က ကင်းလှည့်နေသည်ကို တွေ့မြင်ရလေသည်။

လုယ°က ဘေးဘီသို့ အခြေအနေထို အကဲခတ်ကြည့်လိုက်ပြီးမှ ရှေ့သို့ တိတ်တဆိတ် ချဉ်းကပ်သွားသည်။

သူက ရှေ့သို့ ခြေလှမ်းဘစ်ရာမျှ ချဉ်းကပ် လာမိသော အခါ ရှေ့နားမလှမ်းမကမ်းတွင် ကယ်ပါနှစ်ယောက်က မီးပုံအား ဝိုင်းဖွဲ့ထိုင်ပြီး စကားပြောနေကြသည်။

လုယိက ထိုလူနှစ်ယောက်အား ကွင်းရှောင်ကာ ဖာစ်ဘက်သို့ ဖြတ်ကျော်ရန် ခြေလှမ်းပြင်လိုက်စဉ်....

'ကယ်ပါလေးကို ဒီအတိုင်းချုပ်ထားလို့ ဖြစ်ပါ့မလား'

ယင်းအသံကြောင့် လုယ၏ ခြေလှမ်းများက တုန့်ခနဲ ရပ်တန့်သွားမိသေသည်။

ထို့နောက် အသံလာရာသို့ ချောင်းမြောင်းကြည့်ရှုလိုက်သည်။

မီးပုံအနီးသို့ ကင်းစောင့်တစ်ယောက် လျှောက်လာနေခြင်းကို တွေ့မြင်လိုက်ရသေသည်။

စကားပြောလိုက်သောလူမှာ မီးပုံဘေး၌ ထိုင်နေသော ကယ်ပါပင်ဖြစ်သည်။

ကင်းစောင့်သမားက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒါ ကျုပ်အလုပ်မဟုတ်ပါဘူး၊ ကျုပ်အလုပ်က သူထွက်မပြေးအောင် စောင့်ကြည့်ဖို့ပါပဲ'



သူက စကားဆိုးသည်နှင့် ဓားကိုထမ်း၍ ဆက်လက်လျှောက်သွားလေတော့သည်။

လုယက ထိုလူများ၏ပြောစကားကြောင့် ကယ်ပါလေးဆိုသည်မှာ ကုမ္ပန်တုံးများ ဖြစ်နေသလောဟု စဉ်းစားမိကာ ရင်ထဲ၌ လေးလံလာမိလေသည်။

ထို့ကြောင့်....

သူက ကင်းစောင့်သမားနောက်သို့ တိတ်တဆိတ် လိုက်သွားလေသည်။

ကင်းစောင့်သောလူက တည့်တည့်မတ်မတ် လျှောက်သွားကာ အဆောက်အဦး၏နံရံကို ကျော်လွှားပြီး ဝဲဘက်သို့ ချိုးဝင်သွားလေသည်။

လုယက သူ့နောက်သို့ ပြေးလွှားလိုက်ပါသွားပြီး လျှပ်တစ်ပြက် နောက်မှနေ၍ ဖမ်းချုပ်ထားလိုက်လေသည်။

ထို့နောက်...

သူ၏သွေးကြောအား လျှပ်တစ်ပြက် ထောက်ထားလိုက်ပြီး...

'မအော်နဲ့၊ ကျုပ်မေးတာမှန်မှန်ဖြေစမ်း'

ဟု အေးစက်စက်အသံဖြင့် ပြောလိုက်လေသည်။

ကင်းစောင့်သမားက ကြောက်ရွံ့စွာဖြင့် မော့ကြည့်လိုက်ပြီး....

'ကျုပ်....ကျုပ်အသက်ကို ချမ်းသာပေးပါ'

ဟု တောင်းပန်လိုက်လေသည်။

လုယာကဲ သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'မင်းတို့ ကယ်ပါလေး တစ်ယောက်ကို ဖမ်းထားတယ် မဟုတ်လား'

ကင်းစောင့်က ခေါင်းညိတ်လိုက်လေသည်။

လုယာက အေးစက်စက်လေသံဖြင့်....

'အခု သူဘယ်မှာလဲ'

ကင်းစောင့်သမားက အဆောက်အအုံ၏ ဝဲဘက်သို့ ညွှန်ပြလိုက်သည်။

'ဟိုဘက်မှာ အိမ်ကလေးတစ်လုံးရှိတယ်၊ သူ့ကို အဲဒီမှာ ချုပ်ထားပါတယ်'

လုယာက ထိုစကားကြားလိုက်သည်နှင့် ကင်းစောင့်သမားအား သေးမြှောပိတ်ကာ ရှေ့သို့ ပြေးလွှားသွားလေတော့သည်။



လုယာက ခြေသံလုံလုံနှင့် ကင်းစောင့်သမားညွှန်ပြရာသို့ ပြေးလွှားလာသောအခါ အိမ်ငယ်ကလေး တစ်လုံးကို တွေ့လိုက်ရလေသည်။

တံခါးဝ၌ အစောင့်တစ်ယောက်က အိပ်ငိုက်နေ၏။

သူသည် တိတ်တဆိတ် လျှောက်လာပြီး ထိုအစောင့်၏ အိပ်ကြောအား ယောက်ထားလိုက်ရာ အစောင့်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

လုယာက တံခါးကို ခြေထောက်ဖြင့် ကန်ဖွင့်ကာ အခန်းထဲသို့ လှမ်းကြည့်လိုက်၏။

မှောင်မည်းနေသော အခန်းထဲတွင် ဝါကျင့်ကျင့်မီးရောင်မှ မီးအိမ်တစ်လုံး ထွန်းညှိထားကာ အခန်းထောင့်တစ်နေရာတွင် ကုမ္မန်တုံးတစ်ယောက် ကွေးကွေးကလေး အိပ်ပျော်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူက ကမန်းကတန်း ပြေးဝင်ကာ လှုပ်ခါကြည့်လိုက်၏။

'ညီလေး....ညီလေး....ထ....ထ'

သို့သော်....

ကုမ္မန်တုံးက တုတ်တုတ်မျှမလှုပ်ပါချေ။

လုယိုက မျက်မှောင်ကုတ်သွားလေသည်။

ကုမ္ဗန်တုံးမှာ သေွးကြောပိတ်ခံထားရသည့် ထင်မှတ်ကာ စဉ်းစားတွေဝေခြင်း မပြုတော့ဘဲ ကုမ္ဗန်တုံးအား ပခုံးပေါ်သို့ တင်ကာ ထွက်ပြေးသွားလေသည်။

သူက ကုမ္ဗန်တုံးအား ပခုံးပေါ်ထမ်းကာ တောအုပ်ထဲသို့ ပြေးဝင်လာမိသောအခါ ရုတ်တရက် လူတစ်ယောက်၏ ဟန့်တားသံကို ကြားလိုက်ရလေသည်။

'ရပ်လိုက်'

လုယိုက လှည့်ကြည့်လိုက်ရာ ခါးကုန်းကြီးတစ်ယောက်က စူးရှစွာ စိုက်ကြည့်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ထိုခါးကုန်းကြီးမှာ **တစ်ချိန်တုန်းဆီက** ကုမ္ဗန်တုံးက အတွေ့မခံလို၍ ရှောင်တိမ်းနေသော ခါးကုန်းကြီးပင် ဖြစ်လေသည်။

လုယိုက ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိစဉ်....

ခါးကုန်းကြီးက လက်နှစ်ဖက် ဆန့်တန်းလိုက်ပြီး....

'ပေးစမ်း'

လုယိုက မျက်မှောင်ကုတ်လိုက်ပြီး....



'ဘာကိုပေးရမှာလဲ'

ခါးကုန်းကြီးက ကုမ္ဗန်တုံးအား ညွှန်ပြကာ....

'သူ့ကိုပေးပါ'

ဟု ခအေးစက်စက်လေသံဖြင့် ပြောလိုက်လေသည်။

လုပယိုရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။

'ဘာဖြစ်လို့ ပေးရမှာလဲ'

သူက လွှတ်ခနဲပြောမိလိုက်၏။

ခါးကုန်းကြီးက ရှေ့သို့ ခြေတစ်လှမ်းတိုးလာကာ....

'ပေးလို့ပြောနေရင် ပေးစမ်း'

ဟု ထပ်မံပြောလိုက်လေသည်။

လုယိုက ဒေါသကြီးစွာဖြင့်....

'သူက ကျုပ်ရဲ့ညီလေးပါ၊ ခင်ဗျားက ဘာဖြစ်လို့ သူ့ကို ခေါ်ချင်ရတာလဲ'

ခါးကုန်းကြီးက စိတ်မရှည်တော့ဘဲ....

'မင်းပါးစပ် ပိတ်ထားစမ်း၊ သူ့ကို ကျုပ်လက်ထဲပေး'

လုယ ီက ဒေါသခြောင်းခြောင်း ထွက်လာလေသည်။

'မပေးနိုင်ဘူး'

သူကပြောရင်း ခါးမှ လျှပ်စစ်ဓားအား ဆွဲထုတ်လိုက်လေသည်။

ခါးကုန်းကြီးက မျက်မှောင်ကုတ်လိုက်လေသည်။

သူက အေးစက်စက်အသံဖြင့်....

'ကျုပ်က လူမသတ်ချင်ဘူးနော်၊ ကျုပ်တောင်းနေတာကို အမြန်ဆုံးပေးစမ်း'

လုယ ီက တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

ခါးကုန်းကြီးက စကားမပြောတော့ပါချေ။

သူက ရှေ့သို့ ခြေတစ်လှမ်းတိုးကာ လက်နှစ်ဘက်အား လျင်မြန်စွာ လှုပ်ရှားလိုက်ရာ လုယ ီ၏ပခုံးပေါ်ရှိ ကုမ္ဘန်တု ံးမှာ သူ့လက်ထဲသို့ ပါရှိသွားသည်။

လုယ ီကား ထိတ်လန့် တုန်လှုပ်သွားမိသည်။



သူက ခါးကုန်းကြီး၏ လျင်မြန်မှုအား မယုံကြည်နိုင်စွာဖြင့် မင်သက်မိနေစဉ် ခါးကုန်းကြီးမှာ တောအုပ်ထဲသို့ ပြေးဝင်သွားတော့သည်။

....၀....

ကုမ္ဘန်တု ံးက အဘယ်ကြောင့် စုံထုံးတို့လက်ထဲသို့ ရောက်ရှိသွားပါသနည်း။

ထို့ပြင်....

သူသည် အဘယ်ကြောင့် လုံးဝသတိမရဘဲ ရှိနေပါသနည်း။

အကြောင်းမှာ....

ကုမ္ဘန်တု ံးသည် လုယ ီတို့နှင့် လမ်းခွဲလာပြီးနောက် မကြာမီ ဝမ်ချန်ယင်းတို့နှင့် ရင်ဆိုင် တိုးမိသွားသည်။

သူသည် ဝမ်ချန်ယင်းနှင့် သိုင်းပညာယှဉ်ပြိုင်ပါက အနိုင်ရရှိမည်သာ ဖြစ်၏။

ဝမ်ချန်ယင်းက ဤအချက်ကို သိရှိထားသောကြောင့် ကောက်ကျစ်စဉ်းလဲစွာဖြင့် မေ့ဆေးမှုန့်ကို အသုံးပြုကာ ကုမ္ဗန်တုံးအား ဖမ်းဆီးခဲ့သည်။

ထို့နောက်....

သူမက ကုမ္ဗန်တုံးအား စုထုံးတိုက် အလိုရှိသည်ကို သိရသဖြင့် ကုမ္ဗန်တုံးအား ဖမ်းဆီးပို့ဆောင်ကာ စုထုံးထံမှ အခကြေးငွေ ရယူခဲ့၏။

ကုမ္ဗန်တုံးမိထားသော မေ့ဆေးမှုန့်မှာ အလွန်ပြင်းထန်လှသဖြင့် တစ်နေ့နှင့် တစ်ညတာတိုင်အောင် သတိမရနိုင်ဘဲ ဖြစ်နေတော့သည်။

....၁....



လုယံက တောအုပ်ထဲသို့ ပြေးလွှား လိုက်ပါသွားသော်လည်း ခါးကုန်းကြီးနှင့် ကုမ္ဗန်တုံးတို့၏ အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

သူသည် အလွန်စိတ်ပျက်သွားမိ၏။

သူက စိတ်ပျက်စွာဖြင့် ထိုနေရာ၌ထိုင်ချကာ မည်သို့ ဆက်လုပ်ရမှန်းမသိဘဲ ဖြစ်နေသည်။

ခါးကုန်းကြီးမှာ ကုမ္ဗန်တုံးအား လုယူသွားသော်လည်း ဒုက္ခပေးမည်မဟုတ်ကြောင်း သူက နားလည်ထားသည်။

အကြောင်းမှာ....

ကုမ္ဗန်တုံးနှင့် ခါးကုန်းကြီးတို့မှာ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးကျွမ်းဝင်ပုံရသည်ကို သူက သိရှိထားသောကြောင့် ဖြစ်၏။

သူက ယင်းသို့ ဆင်ခြင်လိုက်မိသောအခါ စိတ်သက်သာရာရရှိသွားကာ ခတ်ပန်းဂိုဏ်း၏ ဌာနချုပ်ဆီသို့ ပြန်လည် ထွက်ခွာခဲ့သည်။

ဘုံကျောင်းပျက်၏ အနီးတဝိုက်တွင် ခတ်ပန်းဂိုဏ်းသား များ ပြည့်ကြပ်စွာရှိနေသည်။

ဘုံကျောင်းပျက်ထဲ၌ မီးရောင်များ ထိန်ထိန်လင်းနေလေ သည်။

ဘုံကျောင်းပျက်ရှေ့ရှိ မြေကွက်လပ်ပေါ်တွင် ခတ်ပန်း ဂိုဏ်းသားများမှာ ဟိုတစ်စုသည်တစ်စုဖြင့် နေရာယူ၍ ထိုင်နေ ကြ၏။

သူတို့ရှေ့တွင် ကြာရွက်များ ခင်းထားသည်။

ကြာရွက်များပေါ်၌ စားသောက်ဖွယ်ရာများ စုံစုံလင်လင် ရှိနေ၏။

ထို့ပြင်....

ခတ်ပန်းဂိုဏ်းသားများရှေ့တွင် ပန်းကန်ကွဲများ အစီအရီ ချထားလေသည်။

ပန်းကန်ကွဲထဲ၌ အရက်များရှိနေ၏။

အမှန်တွင်....

ယနေ့ည ခတ်ပန်းဂိုဏ်းသားတို့၏ အစည်းအဝေးကျင်းပ သော ညဖြစ်၍ စားသောက်ပွဲများ ကျင်းပနေခြင်း ဖြစ်လေ သည်။



ယနေ့...

စုထုံးက ဂိုဏ်းချုပ်နေရာ အရွေးခံမည်ဖြစ်၏။

သူသည် ပထမအကြိမ် ဂိုဏ်းချုပ်နေရာဆက်ခံရန် အစည်း အဝေး ကျင်းပခဲ့ဖူးသော်လည်း သူတို့၏တံဆိပ်တုံး အခိုးခံရ သဖြင့် အစည်းအဝေးအား ဖျက်သိမ်းလိုက်ရသည်။

သူက ဂိုဏ်းချုပ်နေရာကို ဆက်ခံနိုင်ရန် ကြိုးစားရပြန်၏။

သူက လုယ°နှင့် ကုမ္မန်တုံးတို့အား မိမိ၏ သစ္စာခံ ဂိုဏ်းသားများကိုလွှတ်ကာ ရှာဖွေဖမ်းဆီးခိုင်းထားလေသည်။

သို့သော်....

လုယ°အားမတွေ့ရဘဲ ဝမ်ချန်ယင်းက မမျှော်လင့်ဘဲ ကုမ္မန် တုံးအား ဖမ်းဆီးခေါ်ဆောင်လာသဖြင့် စိတ်ချလက်ချဖြင့် ယခုကဲ့သို့ အစည်းအဝေး ထပ်မံခေါ်လိုက်ခြင်းဖြစ်၏။

ဤတစ်ကြိမ်....

သူက မုချအောင်မြင်ရမည်ဟု ယုံကြည်လေသည်။

.... ○ ....

ဘုံကျောင်း၏ ခန်းမကြီးတွင် မီးရောင်များ ထိန်ထိန် လင်းနေသည်။

အခန်း၏ အလယ်ဗဟိုတွင် ကြီးမားသော ကျောက်စားပွဲ ကြီးတစ်လုံး ရှိနေသည်။

ကျောက်စားပွဲပေါ်၌ သစ်သီးဝလံများ ဟင်းလျာများ ဖြင့် ပြည့်စုံနေ၏။

ကျောက်စားပွဲရှိ ခုံယာတွင် ဂုန်နီအိတ် ငါးအိတ် ခြောက် အိတ်ထက်မနည်း ချိတ်တွဲထားသဖြင့် ခတ်ပန်းဂိုဏ်း၏ အလွန် အဆင့်မြင့်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း သိသာလှပေသည်။

သူတို့၏မျက်နှာပေါ်တွင် တည်ကြည်လေးနက်သည့် ဟန်မူ ရာများ ဖြစ်ပေါ်နေသည်။

ကျောက်စားပွဲ အလယ်တည့်တည့်တွင်မူ ကယ်ပေါ်စုထုံးက လက်အုပ်ချီကာ ရပ်နေသည်။

စားပွဲအနီး၌ ကယ်ပေါ်ဟစ်ယောက် မတ်တတ်ရပ်နေ၏။ သူသည် အခမ်းအနားကို ထိန်းသိမ်းရသော အခမ်းအနား မှူးပင်ဖြစ်သည်။

ယခု....



ခတ်ပန်းဂိုဏ်း၏ ညီလာခံကျင်းပရန် အချိန်ကျရောက်လာ ပြီ ဖြစ်သည်။

....

ဘုံကျောင်း၏ ခန်းမကြီးတွင် မီးရောင်များဖြင့် ထိန်ထိန် လင်းနေသည်။

ဝန်းကျင်တစ်ခုလုံး လေတိုးသံမှအပ တိတ်ဆိတ်နေလေ သည်။

ခတ်ပန်းဂိုဏ်းသားများတို့သည် ညီလာခံကျင်းပရန် အချိန် အား တိတ်ဆိတ်စွာဖြင့် စောင့်မျှော်နေကြ၏။

ထိုအချိန်....

အဝေးဆီမှ တုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ် လာလေသည်။

တုန်းမောင်းခေါက်သံ ကြားလိုက် ရသည်နှင့် အခန်းအနားမှ အစည်းအဝေးကျင်းပချိန် ကြေငြာလိုက်၏။

'ခုချိန်ကစပြီး ကျုပ်တို့ ခတ်ပန်းဂိုဏ်းရဲ့ အစည်းအဝေးကို စတင်ကျင်းပပါတော့မယ်'

ထိုကြေငြာသံဆုံးသွားသည်နှင့် ခတ်ပန်းဂိုဏ်းသားများ၏ အော်ဟစ်သံက အုန်းခနဲ ဆူညံသွားလေသည်။

အခမ်းအနားမှူးက လက်နှစ်ဘက် မြှောက်ပြလိုက်၏။

'အားလုံး ခဏလေး တိတ်တိတ်နေကြပါခင်ဗျာ'

ခတ်ပန်းဂိုဏ်းသားများ၏အသံက ပြန်လည်တိတ်ဆိတ်သွားလေသည်။

အခမ်းအနားမှူးက....



'အစည်းအဝေး စတင်ကြောင်း ကြေငြာပြီးတဲ့နောက် ဒုတိယအစီအစဉ်အရ လစ်ဟာနေတဲ့ ဂိုဏ်းချုပ်နေရာကို ရွေးချယ်ဖို့ပါပဲ'

သူ၏စကားသံဆုံးသွားသည်နှင့် ဝန်းကျင်တစ်ခုလုံး ပို၍ တိတ်ဆိတ်သွားသည်ဟု ထင်ရ၏။

အားလုံးသောလူများသည် ကြေငြာလာမည့် ဂိုဏ်းချုပ်၏ နာမည်အား စိတ်ဝင်စားစွာ နားစွင့်နေကြလေသည်။

အခမ်းအနားမှူးက စုထူးအား တစ်ချက်ကြည့်လိုက်၏။

စုထူးက ဘာမသိ ညာမသိ ခေါင်းညိတ် ပြလိုက်လေသည်။

အခမ်းအနားမှူးက အသံကျယ်လောင်စွာဖြင့်....

'ခုချိန်ကစပြီး ကျုပ်တို့ ခတ်ပန်းဂိုဏ်းချုပ်ရဲ့လစ်ဟာနေတဲ့ နေရာအတွက် ဂိုဏ်းချုပ်ကြီး....'

ရုတ်တရက်....

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားရလေသည်။ အကြောင်းမှာ....

ခေါင်မိုးကိုဖောက်၍ လူနှစ်ယောက်ကခတ်ပန်းဂိုဏ်းသား များ၏ အရှေ့တည့်တည့်သို့ ခုန်ဆင်းလာခြင်းကို တွေ့မြင်လိုက် ရ၏။

အဘိုးအိုတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ပင် ဖြစ် လေသည်။

ထိုအချိန်မှာပင်....

လုယ°က ဘုံကျောင်းအနီးသို့ ရောက်ရှိနေပြီ ဖြစ်ရာ ဘုံကျောင်း ခေါင်မိုးပေါ်မှ လူရိပ်နှစ်ခုက ခေါင်မိုးကို ဖောက်ကာ ခုန်ဆင်းသွားခြင်းကို တွေ့မြင်လိုက်ရ၏။

သူသည် ထိုလူနှစ်ယောက် ခုန်ဆင်းသွားသော အပေါက် ဆီသို့ ပြေးသွားပြီး အောက်သို့ငုံ့ကြည့်လိုက်ရာ ကုမ္ဘန်တုံအား လုယူသွားသည့် ခါးကုန်းကြီးနှင့် အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

သူက မျက်မှောင်ကုတ်သွားလေသည်။

ခါးကုန်းကြီးက မည်သည့်အတွက်ကြောင့် ဤနေရာသို့ ရောက်ရှိလာပါသနည်း။



ကုမ္ဘန်တုံအား မည်သည့်နေရာ၌ ပို့ဆောင် ထားပါ သနည်း။

ယခုတွေ့မြင်နေရသောမိန်းကလေးမှာ မည်သူဖြစ်သနည်း။ သူက ယင်းသို့ တွေးတောနေစဉ် စုထုံး၏အသံကို ကြား လိုက်ရလေသည်။

'ဟေ့....ခါးကုန်းကြီး၊ မဝီးက ဘာလာ နှောင့်ယှက် တာလဲ'

ခါးကုန်းကြီးက မဲ့ပြုံးပြုံးကာ....

'ကျုပ်က လာနှောင့်ယှက်တာမဟုတ်ပါဘူး၊ ခင်ဗျားတို့ အစည်းအဝေးမှာ သေဆုံးသွားတဲ့ ဂိုဏ်းချုပ်နဲ့ ဌာနခွဲမှူး သုံးယောက်ကို သတ်သွားတဲ့ လူသတ်တရားခံကို အများ သိအောင် ဖော်ထုတ်ချင်လို့ပါ'

သူ၏စကားကြောင့် အစည်းအဝေး တက်ရောက်လာကြ သော ခတ်ပန်းဂိုဏ်းသား အားလုံးတို့မှာ လှုပ်လှုပ်ရွှားရွှား ဖြစ်သွားကြလေသည်။

စုထုံးက မိမိ ဂိုဏ်းချုပ်နေရာအား ရအုံ့ဆဲဆဲတွင် ယခု ကဲ့သို့ လာရောက်ဟန့်တားခြင်းခံရသောကြောင့် ဒေါသ ပြင်း စွာ ထွက်လာလေသည်။

'ဟော့....ခါးကုန်းကြီး၊ ကျုပ်တို့အစည်းအဝေးပွဲကိုလာပြီး နှောင့်ယှက်တာဟာ ကျုပ်တို့ကို စော်ကားရုံတင် မကဘူး၊ ကျုပ်တို့ ခတ်ပန်းဂိုဏ်းတစ်ခုလုံးကို စော်ကားရာရောက်တယ် ဆိုတာ ခင်ဗျား နားလည်ထားစမ်းပါ'

ခါးကုန်းကြီးက သူ့အား စေ့စေ့ကြည့်လိုက်၏။

'မင်းက ဘာလဲ'

'ကျုပ်က ဂိုဏ်းချုပ်နေရာကို ဆက်ခံမလို့'

'ဟာ.....ဟား....ဟာ....ဂိုဏ်းချုပ်နေရာကိုဆက်ခံရအောင် မင်းမှာ ဘာအရည်အချင်းတွေ ရှိနေသလဲ'

စုထူးက မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားက အရည်အချင်းကို စမ်းသပ်ချင်လို့လား၊ ရပါတယ်၊ ဂိုဏ်းချုပ်နေရာကို ရယူပြီးရင် အချိန်မရွေး ယှဉ်နိုင်တယ်'

ခါးကုန်းကြီးက လက်ကာပြလိုက်၏။



'နေပါဦး၊ ကျုပ် သိထားသလောက်တော့ ဂိုဏ်းချုပ်နေရာကို ဆက်ခံရမယ့်လူမှာ ခွေးရိုက်တုတ်ရှိရမယ်၊ ဒါမှမဟုတ် တံဆိပ်တုံးရှိရမယ်၊ မင်းမှာ ဘာရှိသလဲ'

'ခွေးရိုက်တုတ်က ဂိုဏ်းချုပ် သေဆုံးသွား ကတည်းက ပျောက်ဆုံးနေတယ်၊ တံဆိပ်တုံးကလဲ ဘယ်သူခိုးသွားမှန်း မသိလို့ မရှိတာ ဘာဖြစ်သလဲ'

'ဒါဆိုရင် ဒီပစ္စည်းတွေ ပထမဆုံးရအောင် လိုက်ရှာရမှာပေါ့'

စုထူးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်၊ ကျုပ်က ဂိုဏ်းချုပ်နေရာကိုယူပြီးတာနဲ့ ဒီပစ္စည်းတွေကို လိုက်ရှာမှာပါ'

ထိုအချိန်၌....

ဘုံကျောင်းထဲသို့ လူတစ်ယောက် လှမ်းဝင်လာခြင်းကို တွေ့မြင်လိုက်ရလေသည်။

'တံဆိပ် ကျုပ်ဆီမှာ ရှိပါတယ်'

ဟု အော်ဟစ်ရင်း တံဆိပ်တုံးအား မြှောက်ပြလိုက်လေသည်။

သူ့အား တွေ့မြင်လိုက်သည်နှင့် စုထူးနှင့် ခတ်ပန်းရိုက်းသားအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ထိုလူမှာ....

လင်ရှမ်ထင်းပင် ဖြစ်သည်။

သူက တံဆိပ်တုံးအား မြှောက်ပြလိုက်ပြီး ကြောက်စားပွဲဝဲယာ တစ်ဘက်တစ်ချက်၌ ထိုင်နေကြသည့်အဆင့်မြင့်ခတ်ပန်းဂိုဏ်းမှ ပုဂ္ဂိုလ်ကြီးများဆီသို့ လှည့်ကြည့်လိုက်၏။

'တံဆိပ်တုံး ကျုပ်လက်ထဲမှာ ရှိနေပါတယ်၊ ဒါကြောင့် ကျုပ်က ဂိုဏ်းချုပ်နေရာကို ရသင့်ပါတယ်'

စုထူးက ဒေါသချောင်းချောင်း ထွက်လာလေသည်။

သူက လင်ရှမ်ထင်းအား စူးရှစွာစိုက်ကြည့်လိုက်ပြီး....



'ခင်ဗျားက ဒီတံဆိပ်တုံးကို မသမာတဲ့နည်းနဲ့ ခိုးယူသွားတာပဲ၊ စည်းကမ်းအရ ခင်ဗျားကိုတင်းတင်းကြပ်ကြပ်အရေးယူရလိမ့်မယ်'

လင်ရှမ်ထင်းက ရယ်မောလိုက်လေသည်။

'ဘာလဲ ခင်ဗျားမှာစည်းရုံးထားတဲ့လူအတော်များများ ရှိနေပြီလား'

သူက ယင်းသို့ပြောပြီး ခေါင်မိုးပေါ်သို့ မော့ကြည့်ကာ....

'ဟေ့....မင်းက ကြည့်ကောင်းလို့ ကြည့်နေတာလား၊ ဆင်းခဲ့လေ'

သူ၏အော်သံဆုံးသွားသည်နှင့် ခေါင်မိုးပေါ် အပေါ်က်မှ လူတစ်ယောက် ဆင်းလာခြင်းကို တွေ့မြင်လိုက်လေသည်။

ထိုလူမှာ....

လုယိပင် ဖြစ်သည်။

လုယ° ရောက်ရှိလာခြင်းကို တွေ့မြင်လိုက်ရသဖြင့် လူများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သူက ခေါင်မိုးပေါ်မှ ခုန်ဆင်းလာသော အခါ ခါးကုန်းကြီးနှင့် အတူပါရှိလာသည့်မိန်းကလေး၏ မျက်နှာချင်းဆိုင် ရပ်မိလျက် ဖြစ်သွားလေသည်။

သူက ထိုမိန်းကလေး၏ မျက်နှာအား သေချာစွာ တွေ့မြင်လိုက်သောအခါ အလွန်အံ့သြသွားလေသည်။

အကြောင်းမှာ....

ထိုမိန်းကလေးအား သူက တွေ့မြင်ခဲ့ဖူးသည်ဟု စိတ်ထဲ၌ ခံစားလိုက်ရ၍ ဖြစ်သည်။

ထိုအချိန်မှာပင်....

လင်ရှမ်ထင်း၏အသံ ထွက်ပေါ်လာပြန်လေသည်။

'တဲ....ဟဲ....ဟဲ'



'ကျုပ်က ဂိုဏ်းချုပ်နေရာကို မလိုချင်ပါဘူး'

စုထုံးက မျက်နှာချိုသွေးလိုက်၏။

'ဒါဆိုရင် ခင်ဗျားက ကျုပ်ဆီကို အချိန်မီ တံဆိပ်တုံး လာပို့တာဟုတ်လား'

လင်ရှမ်ထင်းက ခေါင်းခါယမ်းလိုက်လေသည်။

'မဟုတ်ဘူး'

သူက ခါးကုန်းကြီးနံဘေးမှ မိန်းကလေးအား ညွှန်ပြလိုက်ပြီး....

'ကျုပ်က အချိန်မီ သူ့လက်ထဲကို တံဆိပ်တုံးလာအပ်တာပါ'

သူ၏စကားကြောင့် အားလုံးသော လူများမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

စုထူး က မဲ့ပြုံးပြုံးလိုက်လေသည်။

'မင်းတို့ သေသေချာချာကြည့်စမ်းပါဦး၊ ဒီမိန်းကလေးက ဘယ်သူလဲ'

သူ၏စကားကြောင့် လူအားလုံးက မိန်းကလေးအား သေချာစွာ ကြည့်လိုက်လေသည်။

စုတူး က မိန်းကလေးအား သေချာစွာ ကြည့်လိုက်သောအခါ အလွန်အံ့သြသွား၏။

သူ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူက ထိုမိန်းကလေးအား ကောင်းစွာ မှတ်မိလိုက်သည် မဟုတ်ပါလော။

လင်ထင်ရှမ်းက အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ....

'အားလုံး နားထောင်ကြပါ၊ ဒီမိန်းကလေးဟာ ကျုပ်တို့ဂိုဏ်းချုပ်ကြီးရဲ့ တစ်ဦးတည်းသောသမီး ကုမ္ဘန်တူး ဖြစ်ပါတယ်'



ဟု အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်လေသည်။

သူ၏ ကြေညာလိုက်သောစကားကြောင့် လူအားလုံးကို ရှုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

စုထူး၏ နဖူးပေါ်မှချွေးများက တဒီးဒီးကျလာလေ၏။

သူက လက်နှစ်ဘက်မြှောက်လိုက်ပြီး....

'အားလုံး ငြိမ်ငြိမ်နေကြပါ၊ ကျုပ် စကားပြောတာကို ကျေးဇူးပြုပြီး နားထောင်ကြပါ'

သူ၏စကားကြောင့် လူအားလုံး ပြန်လည်တိတ်ဆိတ်သွားလေသည်။

သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ကျုပ်တို့ ခတ်ပန်းဂိုဏ်းဟာ နယ်နယ်ရရဂိုဏ်း မဟုတ်ပါဘူး၊ အခုလို အသက်ငယ်ရွယ်ပြီး ဘာမှနားမလည်တဲ့ မိန်းကလေး တစ်ယောက်ကို ဂိုဏ်းချုပ်နေရာ မပေးသင့်ပါဘူး'

သူ၏ သစ္စာတော်ခံတစ်ချို့က ခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်၊ တော်တော်ကြာ တစ်ခြားဂိုဏ်းတွေက ကျုပ်တို့ဂိုဏ်းကို ပြစ်တင်ရှုံ့ချမှာ စိုးရိမ်ရပါတယ်'

ဟု အော်ဟစ်ကြလေသည်။

ဤတွင် တစ်ချိန်လုံးငြိမ်သက်နေသော ကုမ္ဘန်တုံးက ပြုံးလိုက်၏။

'စုံထုံး၊ ကျွန်မရဲ့သိုင်းပညာနဲ့ ရှင့်ရဲ့သိုင်းပညာချင်း ယှဉ်ကြည့်ကြတာပေါ့'

သူ၏စကားကြောင့် စုံထုံး၏မျက်နှာ မည်းမှောင်သွားလေသည်။

'မင်းက ကျုပ်ကို စိန်ခေါ်နေတာလား'

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်မအဖေနဲ့ ဂိုဏ်းခွဲမှူးတွေကို သတ်တဲ့ သွေးကြွေးကို ရှင့်ဆီက ပြန်တောင်းရလိမ့်မယ်'

ဟုပြောပြီး အသင့်ဝှက်ယူလာသော ခွေးရိုက်တုတ်အား မြှောက်ပြလိုက်၏။

'ဟောဒီမှာ ကျွန်မအဖေသေဆုံးကာနီးမှာ ပေးထားခဲ့တဲ့ ခတ်ပန်းဂိုဏ်းချုပ်ရဲ့ အမှတ်အသားပါ'



သူမက လူအားလုံးအား တစ်ချက်ဝေ့ကြည့်ကာ....

'စုံထုံးဟာ ကျွန်မအဖေကိုသတ်တဲ့ တရားခံပါ၊ ဌာနမှူး သုံးယောက်ကိုသတ်တဲ့ တရားခံဟာလဲ သူပါပဲ၊ ဒါကြောင့် ကျွန်မက သူနဲ့ စာရင်းရှင်းရပါလိမ့်မယ်'

ဟုပြောပြီး ခွေးရိုက်တုတ်အား အသင့်ကိုင်ဆောင်ထားလိုက်သည်။

စုံထုံးက အခြေအနေမဟန်ကြောင်း သိရှိလိုက်ရသဖြင့် အင်္ကျီအိတ်ထဲ၌ ဝှက်ယူလာသော ဓားနှစ်လက်အား ဆွဲ၍ ထုတ်လိုက်ကာ ကုမ္ဘန်တုံးအား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

ကုမ္ဘန်တုံးက ခွေးရိုက်တုတ်ဖြင့် ပြန်လည်ရိုက်ချလိုက်လေတော့သည်။

.... ၀ ....

ခတ်ပန်းဂိုဏ်းသားများမှာ ဝိုင်းအုံ၍ ကြည့်နေလိုက်ကြလေသည်။

ကုမ္ဘန်တုံးသည် ထိပ်တန်းသိုင်းသမားဖြစ်သော စုထုံးကို ပြန်လည်တိုက်ခိုက်နေ၏။

သူမသည် ခွေးရိုက်တုတ်ကို အသုံးပြုကာ သိုင်းကွက်ငါးဆယ်ကျော် တိုက်ခိုက်ပြီး ဖြစ်သည်။

စုထုံးမှာမူ သူမ၏တိုက်ခိုက်မှုအောက်တွင် တဖြည်းဖြည်း အရေးနိမ့်လာသည်။

စားပွဲ၏ တစ်ဘက်တစ်ချက်တွင် ရပ်နေကြသော ကယ်ပါများသည် ကုမ္ဘန်တုံး၏ ခွေးရိုက်တုတ်သိုင်း၏ ပညာမှာ မိမိတို့ ဂိုဏ်းချုပ်ကြီး၏ ပညာဖြစ်ကြောင်း အကဲခတ်မိလိုက်လေသည်။

ထို့ကြောင့်....

သူတို့သည် စုထုံးအား ဖမ်းဆီးရန် ဝိုင်းရံတိုက်ခိုက်ကြလေသည်။



စုထုံးသည် အခြေအနေ မဟန်ကြောင်းကို သိရှိလိုက်သဖြင့်....

အိတ်ထဲတွင် အသင့်ပါလာသော ဝါးကျည်တောက်အား ထုတ်ယူလိုက်သည်။

'အားလုံး ရပ်လိုက်စမ်း'

ဟု ပြောပြီး ဝါးကျည်တောက်အား မြှောက်၍ ပြလိုက်လေသည်။

ကုမ္ဘန်တုံးကလည်း တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ရလေသည်။

စုထုံးက ကင်းမာသောလေသံဖြင့်....

'မင်းတို့အားလုံး လမ်းဖယ်ပေးပါ၊ ကျုပ်နောက်လိုက်ရင် အားလုံး သေကုန်ကြမယ်'

ဟု သူက ပြောရင်း လူအုပ်ကြားထဲသို့ တိုးဝင်သွားလိုက်လေသည်။

ခတ်ပန်း ဂိုဏ်းသားများသည်လည်း လမ်းဖယ်ပေးလိုက်ကြသည်။

ခါးကုန်းကြီးနှင့် လင်ရှမ်ထင်းတို့ကလည်း မလှုပ်မယှက် ရပ်တန့်နေလေသည်။

သူတို့က တဖြည်းဖြည်း နောက်ဆုတ်သွားနေသော စုထုံးအား ငေးကြည့်နေ၏။

လုယိက အံကို တင်းတင်းကြိတ်လိုက်၏။

သူ၏ရင်ထဲ၌ ခံပြင်းလာမိ၏။

ထိုနောက်....

သူ၏ ခန္ဓာကိုယ် တစ်ချက်လှုပ်ကာ ခေါင်မိုးပေါ်သို့ ခုန်၍ တက်သွားသည်။

ယင်းနောက် အိမ်ခေါင်မိုးပေါ်မှ ခုန်ချလျက် စုထုံး၏ နောက်သို့ လိုက်ပါသွား၏။

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်
တောင် ၄ ခြိ
ဖုန်း ၂၀၄၄၄



စုထုံးသည် ဘုံကျောင်းနှင့် အတန်ဝေးဝေးရောက်တော့မှ ကိုယ်ဖော့ပညာကို အသုံးပြုကာ ဆက်၍ ပြေးသွားသွားလေသည်။

သူသည် အတန်ကြာအောင် ပြေးလာမိသောအခါ သူ့နောက်တွင် လူရှယ်တယောက် ပြေးလိုက်လာခြင်းကို သိရှိလိုက်သည်။

သူသည် မဲ့ပြုံးပြုံးကာ ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

ထိုနောက်....

နောက်မှလိုက်လာသော လုယိထံသို့ တစ်လှမ်းချင်း လှမ်းသွားသည်။

လုယိသည် ခြေစုံရပ်တန့်ကာ စုထုံးအား စိုက်ကြည့်နေသည်။

သူသည် ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံး နီရဲ၍နေလေသည်။

'ဒီမှာ စုထုံး၊ ကျုပ်အဖေနဲ့ ကျုပ်တို့မိသားစုကို သတ်တဲ့ သွေးကြွေးကို ခင်ဗျားပြန်ဆပ်ရမယ်'

ဟု ပြောပြီး လုယံသည် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

စုထုံးကမဲ့ပြုံးပြုံးကာ....

'ရပ်လိုက်'

ဒေါ်တစ်ရင်း လက်ထဲမှဝါးကျည်တောက်ကို မြှောက်၍ ကိုင်လိုက်သည်။

လုယံက ရင်ထိတ်သွားကာ မည်သို့လုပ်ရမှန်း မသိအောင် ဖြစ်သွားလေသည်။

စုထုံးက အားပါးတရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

သို့သော်....



သူ၏ ရယ်မောသံသည် ရုတ်တရက် ရပ်တန့်ကာ သွားလေသည်။

သူ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

လုယံက ဇဝေဇဝါ ဖြစ်နေစဉ်မှာပင် စုထုံး၏ ခန္ဓာကြီးသည် ရုတ်တရက် ရှေ့သို့မှောက်လျက် လဲကျကာ သွားလေသည်။

ယခုမှ....

သူ၏ကျောပြင်ပေါ်၌ ဓားတစ်လက် စိုက်ဝင်နေခြင်းကို တွေ့မြင်လိုက်ရသည်။

လုယံက ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ကြည့်လိုက်သော အခါ မိန်းကလေးတစ်ယောက် ရပ်နေခြင်းကို တွေ့မြင်လိုက်ရသည်။

ကုမ္မင်တုံးပင် ဖြစ်သည်။

သူမက လဲကျသေဆုံးသွားပြီဖြစ်သော စုထုံးအလောင်းအား တစ်ချက်ကြည့်ကာ....

'ကျွန်မက သူ့ကိုမသတ်ချင်ပါဘူး၊ လူသတ်တယ်ဆိုတာ ကျွန်မ မနှစ်သက်တဲ့ အလုပ်ဘစ်ခုပဲ'

လုယာကက သက်ပြင်းချလိုက်၏။

'ခင်ဗျားက သူ့ကိုမသတ်ပေမယ့် ကျုပ်ကတော့ သူ့ကို သတ်ရမှာပဲ'

ကုမ္ဘန်တုံးက ခေါင်းညိတ်လိုက်သည်။

'အဂ်ကို့ရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ရန်ကိုရန်နဲ့ တုန့်ပြန်ရင် ဘယ်တော့မှ မပြီးဆုံးနိုင်ဘူးဆိုတာ သဘောပေါက်ရလိမ့်မယ်'

လုယာကက သူမစကားပြောသံမှာ ရင်းနှီးခဲ့ဖူးသည်ဟု ခံစားလိုက်ရသည်။

ထို့ကြောင့်....

သူက ကုမ္ဘန်တုံးအား ကြည့်ကာ....

'ခင်ဗျားကို သိကျွမ်းခဲ့ဖူးသလိုပဲ'



ယင်းအချိန်....

သူ့နောက်မှ အသံဘစ်ခု ထွက်ပေါ်လာသည်ကို ကြား လိုက်ရသည်။

'သူ့နာမည် ကုမ္ဘန်တုံးလေ'

လုယာကက အသံလာရာသို့ ကြည့်လိုက်သောအခါ ခါးကုန်း ကြီးနှင့် လင်ရှမ်ထင်းတို့ကို တွေ့မြင်လိုက်ရ၏။

သူက နားမလည်နိုင်စွာဖြင့်...

'ခင်ဗျားတို့က ဘာတွေပြောနေကြတာလဲ'

ဟု မေးလိုက်သည်။

လင်ရှမ်ထင်းသည် ကုမ္ဘန်တုံးအား ညွှန်ပြကာ....

'သူ့ကို မမှတ်မိတောဲ့ဘူးလား၊ သူဟာ မင်းရဲ့အရင်းနှီး ဆုံး မိတ်ဆွေလေ၊ သူ့နာမည်က.ကုမ္ဘန်တုံးတဲ့'

လုယာကက ထိတ်လန့်တကြား အော်ဟစ်လိုက်မိ၏။

'ဗျာ....'

သူက ပါးစပ်ဟောင်းလောင်းဖြင့် ကိုမှန်တုံးအား ငေး၍ ကြည့်နေသည်။

ကိုမှန်တုံးက သူ့အားကြည့်ကာ ကျေနပ်စွာ ပြုံးနေမိလေသည်။

....o....



ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်မှောင်မည်းနေ၏။

ဘုံကျောင်းအတွင်း၌ မီးရောင်များ ထိန်ထိန်လင်းလျက် ရှိနေသည်

ဘုံကျောင်းအနီးရှိ မြေကွက်လပ်ပေါ်တွင် ဂိုဏ်းချုပ်အသစ် ကုမှန်တုံးက မတ်တတ်ရပ်နေ၏။

ခက်ပန်းဂိုဏ်းသားများက သူမ၏ ခန္ဓာကိုယ်ပေါ်သို့ တစ်ဦးတစ်ကြိမ်ကျ တံတွေးဖြင့် ထွေးနေကြ၏။

ဤသို့သော အပြုအမူမျိုးသည် ခက်ပန်းဂိုဏ်း၏ ထုံးစံပင်ဖြစ်သည်။

လုယိက အနီးတွင် တိတ်တဆိတ် ရပ်နေ၏။

သူ၏မျက်လုံးအစုံက ကိုမှန်တုံးအား မျက်တောင်မခတ်စိုက်ကြည့်နေသည်။

ကုမှန်တုံးကလည်း သူ့ကို စိုက်ကြည့်နေ၏။

သူမက မိမိကိုယ်ပေါ်သို့ တန်းစီ၍တံတွေးထွေးနေကြသော ခက်ပန်းဂိုဏ်းသားတို့အား မမြင်မိပါချေ။

သူမ၏ ပတ်ဝန်းကျင် တစ်ခုလုံးကိုလည်း မမြင်မိပါ။

သူမနှင့် လုယ°တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြပြီး လောကကြီးတစ်ခုလုံးအား မေ့ပျောက်သွားကြလေလည်။

ဒုတိယပိုင်း ဇာတ်သိမ်း ပြီး၏။

မိုးကျော်သူ